www.burmeseclassic.com



ကြယ်စင်မှူးဝေ

# တိမ်ဖြူလေးရဲ့ လွင့်ပါးရာ...

www.burmeseclassic.com

www.burmeseclassic.com

အနာဂတရတွေနဲ့ စွန်းထင်း
ညှင်းလှိုက်တမ်းတ မွတ်သိပ်
လေပြည်ညှင်းရိပ် သင်းပျံ့
ဆိပ်ဆူးရနံ့တို့ ပျက်ခြွေ
ဒဏ္ဍာရီလို ကြွေကျ
မင်းလက်ကမ်းမှ ထမြောက်ရဲ့

BURMESE CLASSIC .com

ကြယ်စင်မှူးဝေ

# တိမ် ဖြူ လေး ရဲ့ လွင့် ပါး ရာ

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

"ကျွိ… ဝုန်း… ဒုန်း"

"ဟာ… အမလေး… လုပ်ကြပါဦး…"

"စက်ဘီးက ဝင်တိုးတာဟေ့… ကားသမားက တိုးတာမဟုတ်ဘူး"

"လုပ်ကြပါဦး… ကြည့်ကြပါဦး…"

"ဟယ်… ဒုက္ခပါပဲ… ဒါ… အင်ကြင်းနီဆိုတဲ့ ကောင်မလေး မဟုတ်လား… နေဦး… သွားမကိုင်ကြနဲ့… ဆေးရုံပို့…"

"ပြဿနာ တက်နေဦးမယ်နော်… အမလေးဟယ်… အသက်တစ်ချောင်းကလည်း အထွက်မြန်လှချည့်လား… အဲ ဒဏ်ရာမှလည်း မရှိဘဲနဲ့… နှုတ်ခမ်းထောင့်လေး သွေးစို့နေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်…

တစ်ယောက်တစ်ပေါက် ဝိုင်းအုံကြည့်ရှု ပြောဆိုသံများက ပျားအုံကြီးနှယ် တဝီဝီ။ အင်ကြင်းနီ၏ နားထဲမှာ လေသံတွေက တဝေါဝေါ ဆူညံလာခဲ့သည်မို့ သူမ နားမခံသာတော့ပါ။

သွားမယ်… တံလျှပ်ခိုးတို့ ဝေနေသည့် ပြေီမွေ၏ နွေလည်ခင်းမှာ လူအုပ်ထဲညပ်နေလို့ ဘာအကျိုးရှိမှာလဲ။ အင်ကြင်းနီ၏ နားထဲမှာ ဥသြသံလေးတစ်ခု… ဆွတ်ပျံ့စွာ ကြားရလာရသဖြင့် ဥသြငှက်ကို ရှာဖွေဖို့ ဆုံးဖြတ်လိုက် သည်။

ကားလမ်းရဲ့ အဝေးတစ်ပျမှာ တောအုပ်လေးတစ်ခု ရှိသည်။ အဝေးမြင်နှင့်ပင် ငြိမ်းချမ်းလှသော ထိုတောအုပ်လေးမှာ အစိမ်းရောင် သစ်ပင်တွေ ရှိသည်။ ငြိမ်းချမ်းသော ဥသြငှက်လေးများရှိသည်။ သူမ သွားလို့ကြည့်မှာပေါ့။ လူဆိုတာ လွတ်မြောက်ငြိမ်းချမ်းရာကို အလိုရှိကြတာပဲ။

နေစမ်းပါဦး…..ငါ့ကို အမေ ဈေးဝယ်ခိုင်းလိုက်တာ မဟုတ်လား။ အခု… ဈေးခြင်းရော… အတွေးများဖြင့် အင်ကြင်းနီနဝေတိမ်တောင် ဖြစ်နေမိသော်လည်း ဥသြငှက်ကလေးက ထပ်ဆင့်ကူခေါ်လိုက်သောကြောင့် သူမ… တောအုပ်ကလေးသို့သာ အပြေးသွားလိုက်တော့သည်။

ကမ္ဘာကြီးက သိပ်ပြီး လှပနေပါလား။ ဥသြငှက်ကလေး





ရေ… ငါ လာပြီဟေ့… ကျွန်မမှာ အချိန်တွေ အားနေတယ်… ရှင့်ချစ်သူလေးကို ကူရှာပေးမယ်…

လေနှင့်အတူ အင်ကြင်းနီ လွင့်ပါသွားမိတော့ တံလျှပ်များဖြင့် ပူလောင်အိုက်စပ်နေသည့် ကမ္ဘာကြီးကမယုံနိုင်အောင် အေးချမ်းသွားခဲ့သည်။ သူမ ဦးထုပ်ကလေး ဘယ်မှာလဲ… လူတိုင်းဟာ ချစ်သူ့လက်ဆောင်ဆိုလျှင် မြတ်နိုးတတ်ကြတာပဲ။ အပျောက်တော့ မခံနိုင်။

ဟိုးအဝေး… တောအုပ်ကလေးသို့ အင်ကြင်းနီ မယုံနိုင်လောက်အောင် လျင်မြန်စွာ ရောက်ရှိသွားခဲ့သည်။ သူမ သစ်ကိုင်းများအကြားမှ သစ်ပင်တွေမှာ အရုပ်ဆိုးလှသော ဥသြငှက်ကလေးများကို ရှာဖွေနေမိသည်။

လွင့်ပါးနေသော စိတ်တို့ဖြင့် တစ်ပင်တက်ဆင်း ရှာဖွေနေမိစဉ်… ဟိုး… လွင်ပြင်ဖုန်းဆိုးတောမှ ဥသြငှက်ကလေး၏ အသံကို ကြားလိုက်ရသည်။ သည်အခါ သူမ မောသွားသည်။ ဥသြငှက်လေးဆီ မသွားချင်တော့။ ရောက်မိရောက်ရာ သစ်ပင်ကြီးမှာပဲ ခြေပစ်လက်ပစ်ထိုင်နေပြီး အသံကိုပဲ နားထောင်လိုက်သည်။

ယခုတော့ သူမက စိမ်းလန်းသည့် တောအုပ်ကလေးထဲမှာ ရှိပြီး ဥသြလေးကတော့ လွင်ပြင်ဖုန်းဆိုးတော၏ နီနီရဲရဲ ပေါက်ပင်ကလေးဆီမှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းနီ ချစ်သူကို သတိရသွားမိသည်။ ချစ်သူရေ… ကျွန်မတို့တစ်တွေလည်း ဒီလိုပဲနော် ဘဝတွေ တစ်ကမ္ဘာစီခြား… ရွှေပင်လယ် ကာဆီးခဲ့ပြီ…။

မွေးကတည်းက တိတ်ဆိတ်အေးစက် ငြိမ်သက်ပြီး လွှတ်လပ်မှုကို မြတ်နိုးတတ်သည့် သူမနှင့် အရာရာမှာ ကြီးကျယ်မြင့်မြတ်ချင်သော သူမ၏ချစ်သူတို့သည် ဘာဖြစ်လို့များ ခြေလှမ်းတော်တော်များများ အတူလျှောက်လှမ်းခဲ့မိပါလိမ့်။

စိမ့်စိုလာသော မျက်ဝန်းများကို မှေးမှိတ်ရင်း အင်ကြင်းနီ နားနေ အိပ်စက်လိုက်သည်။

ချစ်သူရယ်… ကျွန်မကို စိုးမိုးနိုင်လှရဲ့…

ရှင်… ကျွန်မ ရင်ထဲက ထွင်းဖောက်ထွက်ခွာသွားလိုက်စမ်းပါ…

ကျွန်မကို ငြိမ်းချမ်းခွင့် ပေးပါတော့နော်…

နှလုံးသားတစ်ခုလုံး နာကျင်အုံ့မှိုင်းနေအောင် ပြုစားရက်စက်လှတဲ့ ရှင့်ရဲ့ အချစ်ဆူးတွေ… ရှင်ပြန် နှုတ်ယူလိုက်ပါတော့…။ ကျွန်မ အရှုံးပေးပါတယ် ချစ်သူ…

❖ ❖ ❖



## အခန်း(၂)

လေပြည်ကြမ်းကြမ်းတစ်ချက်ကြောင့် အင်ကြင်းနီ နိုးသွားတော့ ကမ္ဘာလောကက အမှောင်သန်းတော့မည်။ တောအုပ်ကလေးက ပိုမိုမည်းမှောင်လာသည်။ သူမ ကားလမ်းမဆီသို့ တလွင့်လွင့် ပြေးထွက်ခဲ့သည်။

ဟော ဟိုရှေ့က နေရာလေးဟာ နေ့လည်က လူတွေအုံခဲနေတဲ့ နေရာမဟုတ်လား။ ယခုလိုတစ်ယောက်မှ ရှိမနေတော့မှ အင်ကြင်းနီ သွား၍ စပ်စုလိုက်သည်။ အလို… သွေးကွက်လေးတစ်ခုပါလား။

ဒါ ဘယ်သူ့သွေးလဲ။ အဘယ်သူရဲ့ ခြေတွေ၊ လက်တွေ ကျိုးပဲ့လို့ ကျခဲ့တဲ့သွေးလဲ။ ဒါမှမဟုတ် ချစ်သူရဲ့ ရက်စက် စိမ်းကားမှုကြောင့် နှလုံးကွဲသေသွားတဲ့ ကောင်မလေးရဲ့ သွေးလား။



www.burmeseclassic.com

www.burmeseclassic.com



မှိတ်ထားပြီး နှမ်းညှိုးကြေကွဲနေပုံက အင်ကြင်းနီ အော်ငိုမိတော့မည်။ အမေက မချိတရိ ကြေကွဲနေတော့ သူမပါရောပြီး ငိုရှိုက်နေရာမှ အဖေ့ကို အင်ကြင်းနီ သတိရသွားပြန်သည်။

အမေ ဘာဖြစ်နေလဲဆိုတာ အဖေ့ကို မေးကြည့်ရမည်။ အဖေကတော့သိမှာပဲ။ သို့သော် အဖေကလည်း အမေ့နှယ် ကြေကွဲခြောက်သွေ့လောင်နေ၏။ ဟာကွာ ဘာတွေမှန်းလည်း မသိဘူး။ သူတို့အားလုံး အိမ်မက်မက်နေကြသလား။ အိမ်မက်ဆိုးတွေ မက်နေကြတာပဲ ဖြစ်မည်။ မျက်သားတွေ နီရဲနေအောင် သောကဖြစ်နေပုံက နားလည်ရခက်သဖြင့် သူကို့ကို ကြည့်ရင်း အင်ကြင်းနီ စိတ်ညစ်လာ ခဲ့၏။

အပြင်လောကမှာ အလင်းရောင်မရှိသေး။ သန်းခေါင်ကျော်ရင်တော့ အလင်းရောင် ရောက်လာမှာပဲ။ အိမ်ရှေ့လှည်းလမ်းရောက်တော့ လှည်းတချို့ အော်မောင်းနှင်နေကြပေပြီ။ ဧပြီလမိုးကောင်းကင်ကတော့ တိမ်ရိပ်၊ လရိပ်တို့ဖြင့် ကြည်လင်ဝင်းပဆဲ။ အစိုးမရသည့်စိတ်ဖြင့် အင်ကြင်းနီ လေပြည်နုနှင့်အတူ လွင့်မျောလိုက်ပါလာခဲ့သည်။

သွားမယ်၊ ကမ္ဘာကြီးအနှံ့ လျှောက်သွားပစ်လိုက်မယ်။ ကျွန်မဟာ ရွက်ဝါခြောက်ပါပဲ။ ကြိုးပြတ်စွန်ကလေးပေါ့။ ချစ်သူဆီသွားမယ်။ နိုင်လွန်လမ်းမကြီးပေါ်မှာ ကားတွေ တစ်စီးမှ မရှိသေး။





သို့သော် အဝေးပြေးလမ်းမကြီးက ပြိုင်မြင်းတစ်ကောင်လို ခုန်ပေါက်ကဆုန်စိုင်းလိုက်ချင်စဖွယ်။ ချစ်သူပေးတဲ့ ဦးထုပ်ကလေး ဘယ်မှာလဲ။

မိုးသားတိမ်လိပ်တို့နှင့် အုံ့မှိုင်းလင်းလက်နေသည့် ကမ္ဘာလောကကြီးထဲသို့ အင်ကြင်းနီ လျှောခနဲ တိုးဝင်ပြေးလွှား နေမိပြန်လေသည်။

❖ ❖ ❖

ဖြောင့်ဖြူးနေသော အဝေးပြေးလမ်းမကြီးတစ်လျှောက် တိမ်ဆိုင်လေးနှယ် အင်ကြင်းနီ ပြေးလွှား ကဆုန်စိုင်းနေမိပါသည်။

ဟော… ဟိုရှေ့မှာ ခရီးသွားတစ်စုပါလား။ ထင်းပလိုင်းတွေ၊ ထင်းစည်းတွေနှင့် ရွက်ဆောင်သယ်ပိုးထားလိုက်ကြသည်က တကယ့်ဝန်တင် ကုလားအုပ်ကြီးများနှယ်။ ချွေးဒီးဒီးကျနေသည့် လူသားကုလားအုပ်ကြီးများ၏ ဝန်ထုပ်ဝန်ပိုးကြီးများကို သူမ ကူညီသယ်ဆောင်ပေးချင်မိပြန်သည်။ အင်ကြင်းနီ ထိုလူစုအနားသို့ တိုးကပ်သွားလေ၏။

'ဟ… စပယ်နံ့တွေ တယ်မွှေးပါလားဟေ့… ဘယ်က နတ်ဒေဝတာတွေများ ငါတို့ကို သနားကြင်နာနေကြပါလိမ့်။ သနားရင်လည်း အတိတ်နိမိတ်ကလေးများ ပေး တော်မူပါ'

'ဟေ့ကောင်…မိုးတောင်မလင်းတတ်သေးဘူး။ မူး မူး



www.burmeseclassic.com

www.burmeseclassic.com



နေပြီလား… စပယ်နံ့မွှေးတာ မဟုတ်ဘူးကွ…ငါကတော့ မင်းဆီက ချဉ်စုတ်စုတ် အရက်နံ့ကြီးပဲ ရတယ်'

လူသန်ကြီးနှင့် လူညှက်ကလေးတို့၏ အငြင်းအခုန် စကားများက ရယ်မောပစ်ချင်စရာ ဖြစ်သည်။ အံ့သြပါ၏။ သူတို့အနားမှာ ဒီလောက်နီးကပ်စွာ ရပ်နေတဲ့ အင်ကြင်းနီကို မမြင်ကြဘူးတဲ့လား။ သူမရဲ့ ခန္ဓာကိုယ်က မြူနှင်းတွေလို တိမ်ငွေမျှင်လို ဖြူသွယ်ဝေဝါး နေလို့လားမသိ။

အင်ကြင်းနီ လူညှက်ကလေး၏ ထင်းစည်းကြီးကို နောက်ဘက်မှ ဝင်မလိုက်သည်။ ပခုံးနှင့်ကျောကို အားပြုပြီး သယ်ပိုးနေသည့် ထင်းစည်းကြီးခမျာ မြောက်ခနဲ ပေါ့သွားတော့သည်။

'ဟ… ဟ… မလုပ်ပါနဲ့ကွ။ မနောက်နဲ့ကွာ… ငါ့မှာ မနည်းထမ်းထားရတာကွ… ကိုယ်လည်း အလေးအပင်ကြီးနဲ့တောင် သူတစ်ပါးကို နောက်ပြောင်ချင်ရသေးတယ်'

လူညှက်ကလေးက အလန့်တကြားအော်လိုက်သလို လူသန်ကြီးမှာလည်း ထိတ်လန့်နေပြန်သည်။

'ဟာ… မင်းထင်းစည်းကြီး မြောက်နေတယ်ဟေ့…'

လူသန်ကြီးက သူ့ကျောပေါ်မှ ထင်းစည်းကိုလမ်းပေါ်သို့ ဘုံးခနဲပစ်ချစဉ် ရှေ့မှ လူတချို့လည်း ရပ်တဲ့ နောက်ပြန်ဆုတ်လာကြတယ်။





'ဟေ့… ဒီညောင်ပင်ကြီးက ရာဇဝင်နဲ့ကွ။ နေ့လည်ကြောင်တောင်… အမြဲတမ်း တစ္ဆေခြောက်တဲ့အပင်။ ဒါပေမဲ့ကွာ… ငါ သက်သာတာပေါ့… ငါတော့ ဆက်သွားလိုက်ဦးမယ်ဟေ့…'

ထင်းစည်းများနှင့် လူစု ဆက်လက်ထွက်ခွာလာကြပြန်သည်။ အင်ကြင်းနီမှာ လူညှက်အဖိုးအို၏ ထင်းစည်းကို ကူသယ်နေလိုက်သည်။ ရှေ့မျက်ဝန်းတစ်ခုမှာတော့ မြူခိုးတွေကာဆီး ပိတ်မှောင်လျက်။ သူမရဲ့ မျက်ဝန်းတွေ မျက်မှန်လိုပြီဖြစ်ရမည်။ ချစ်သူလိုပဲ သူမလည်း မျက်မှန်တပ်ရတော့မည် ထင်ပါရဲ့။

ချစ်သူကို သူမ သတိရသွားပြန်သည်။

သူဟာ ရက်စက်တတ်တယ်။ တစ်ပြိုင်တည်းမှာပဲ ကြင်လည်းကြင်နာတတ်တယ်။

မီးလျှံနဲ့ သီတာရေစင်လို အင်ကြင်းနီရဲ့ နှလုံးသားတွေကို ပရမ်းပတာ ပူစေ အေးစေတယ်။

ချစ်သူရယ်… ရွှေပင်လယ်တွေ ဘယ်လိုပဲကာဆီး ဆီး ကျွန်မ ရှင့်ထံပါးသို့ အရောက်လာခဲ့မယ်နော်…

အင်ကြင်းနီ တစ်ယောက်တည်း တလှုပ်လှုပ် ပြေးလွှားနေမိစဉ် အဝေးမှ အစက်ကလေး နှစ်စက်လွင့်ပါးလာသည်ကို သူမမြင်လိုက်ရလေသည်။ ဒါ မှန်တိုင်းလား။ ဘွားခနဲ ပေါ်လာ သည်က…



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဘောင်းဘီတွေနဲ့ လမ်းသရဲ နှစ်ကောင်။

'ဟော့ ကောင်မလေး။ နင်က အသစ်လား။ မိတယ် နော် စပယ်ပွင့်တွေဝေလို့...'

အမယ် လူကိုများ အသစ်လား၊ အဟောင်းလားနှင့်။

ဟင်း... သူမ စိတ်ဆိုးဆိုးနှင့် ဆက်လက်ထွက်ခွာလာတော့ တကောင့်သားနှစ်ယောက်လည်း နောက်က လိုက်လာကြပေသည်။

'ဟော့... ဟော့... နေပါဦး ကောင်မလေးရဲ့... တို့က ခင်တတ်လို့ပါ... ဘယ်ကိုသွားမလဲ... ပြော... ပို့ပေးမယ်'

'မလိုပါဘူး... ကျွန်မ သွားတတ်တယ်... ဖယ်ပါ ရှင်တို့'

သူမ ပိတ်အော်လိုက်တော့-

'သူ တို့အခြေအနေကို သဘော မပေါက်သေးဘူးကွ။ သူက အသစ်ကလေး။ လာပါကွာ... သနပ်ခါး အဖွေးသား၊ စပယ်ပန်းအမွှေးသားနဲ့ မမိုက်ပါဘူး။ လာ... မိတ်ကပ်မလေးတွေပဲ လိုက်ရှာကြရအောင်...'

'ဟ... ငါတို့က သနားလို့ မအူမလည်လေးမို့ ကူညီမလို့ ချဉ်းကပ်တာပါ။ သူ့ရုပ်ကလေး မြင်တာနဲ့ ငါ့ညီမအရင်းလေးလို ကြင်နာလို့ပါ...'





'ဟား... ဟား... ဟား... တော်စမ်းပါကွာ... လာ သွားစို့'

လမ်းသရဲနှစ်ကောင် ပြေးထွက်သွားတော့မှ အင်ကြင်းနီလည်း အနှောင့်အယှက် ကင်းစွာဖြင့် ဆက်လက် ထွက်ခွာရတော့သည်။

မိုးကုပ်စက်ဝိုင်းကြီးကတော့ ကြည်စင်လှပလျက်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အင်ကြင်းနီ အိမ်သို့ပြန်လည် ရောက်ရှိလာတော့ အိမ်မှာ လူစည်ကားလှသည်။ အလှူလုပ်နေကြတာလား။ သူမ.. လျှောက်သွားနေလို့ အိမ်မှာ ဘာတွေလုပ်နေမှန်းတောင် မသိရ။

မောင်လေး ရှင်ပြုပြီထင်သည်။ အင်ကြင်းနီကို အမေပြောနေတာ ကြာပေပြီ။ သည်နေ့ ရှင်ပြုမည်ဆိုတာ အကောင်အထည် ပေါ်ပြီ ဖြစ်ရမည်။

များပြားလှသည့်လူများကို ငေးမောရင်း သူမရင်ထဲမှာ ရွှန်းမြလိုက်ဖြာလာပြန်သည်။ အလှူလုပ်နေတာပဲနော်။ ပျော်စရာကြီးပါပဲ။ အင်ကြင်းနီ.. အမေ့ကိုလိုက်ရှာကြည့်ဖို့ စိတ်ကူးလိုက်သည်။

အလို.. အမှောင်ထဲမှာထိုင်နေတာ အမေပါလား။ အမေ





ရယ်.. ဒီစပယ်ရုံကလေးနားမှာ ထိုင်နေတော့ ခြင်ကိုက်တာပေါ့။ အိမ်ပေါ်တက်ပါနော်။

ကြယ်ရိပ်၊ လရိပ်အလင်းမှာ အမေ့ပါးပြင်ကလည်း စမ်းချောင်းရေစီးဆင်းသလို တလက်လက်။ အမေ ဘာဖြစ်လို့ပါလိမ့်။ အမေ့အသွင်က ဝိညာဉ်မဲ့သူနှယ် အင်ကြင်းနီ အမေ့ထံပါးသို့ ပြေးသွားလိုက်ပြီး ညင်သာသောစကားများဖြင့် ချော့မော့ဖြောင်းဖြသည်။ သို့သော်.. အမေမကြား။ ဟာ.. ဘယ်လိုဖြစ်တာလဲကွာ။ မအေနဲ့သမီးကြားမှာ ဘာသာစကားတွေ ခြားနားသွားခဲ့ပြီလား။ အမေနားမကြားတော့ဘူး ထင်ပါရဲ့။

'အမေ.. အမေ.. အမေ..'

အဆက်မပြတ် အော်ခေါ်ရင်း အမေ့နားမှ အင်ကြင်းနီ ပြေးထွက်လာခဲ့သည်။ အိမ်ပေါ်သို့ တက်လာခဲ့မိသည်။

များပြားသော်လည်း တိတ်ဆိတ်ငြိမ်သက်လှသည့် လူများမှာ သူမရဲ့ ဆွေမျိုးသားချင်း၊ သူငယ်ချင်းမိတ်ဆွေများနှင့် ရွာသူရွာသားတွေ ဖြစ်သည်။ အလို.. သူတို့အားလုံး ကြေကွဲဆွတ်ပျံ့လို့ပါလား။ အလှူလုပ်တယ်ဆိုဘာ ပျော်ရမှာပါကွယ်။

အဖေ့ကို အိမ်ခေါင်းရင်းမှာ ငြိမ်သက်စွာ တွေ့လိုက်ရပြန်သည်။ ယာလက်စက္ကမ်းရွက်ကို ကိုင်ပြီး ငေးမောလွင့်မျောနေသည်မှာ ဘယ်ရပ်ဌာနေအထိ မသိတော့။ ညီမလေးကလည်း အငိုမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



နှင့်။ သူတို့ကိုကြည့်ပြီး အင်ကြင်းနီ စိတ်ညစ်ညူးလာ၏။

တော်ပြီ.. ကဗျာစပ်တော့မယ်.. အနည်းဆုံး စိတ်ညစ်တဲ့ကဗျာလေးပေါ့..

သူမ.. စာရေးစားပွဲလေးဆီ လျှောက်သွားလိုက်သည်။ ရေးလက်စ ကဗျာစာအုပ်လေးကို ရင်ခုန်စွာ တဖျတ်ဖျတ် လှန်ပစ်လိုက်၏။ ရေးလက်စ ကဗျာလေးကို တွေ့ရသည်။သူမ ဖတ်ကြည့်လိုက်၏။

*ကိုယ်ခြွေချလိုက်တဲ့နှင်းက*
*အင်ကြင်းပွင့်လေးတွေပါ..*
*မင်းရင်ထဲကျမှ*
*ဆူးခက်တွေ ဖြစ်သွားခဲ့တယ်..*
*အချစ်ရေ..*
*ရိုးမတစ်ခုလုံး အစိမ်းရောင်လွှမ်းနေသလား..*
*စိမ့်စမ်းရေကြည်အိုင်လေးနားမှာ*
*နှလုံးသားတွေသီဖွဲ့ ဝိုက်ကျူးခဲ့ဖူး..*

ကဗျာလေးက တစ်ပိုင်းတစ်စ.. ရက်စွဲလည်းမတပ်ရသေး.. အင်ကြင်းနီရဲ့ စိတ္တဇနှလုံးထဲမှ ပွင့်အန်လာသည့် ရင်ကွဲ





ကဗျာလေးတွေ..

သူမ.. ဘောပင်လေးကို ကောက်ကိုင်လိုက်သည်။ မပြီးဆုံးသေးသော ကဗျာလေးကို ဆုံးအောင်ဆက်မည်၊ သို့သော်.. ဘောပင်လေးက သူမလက်ထဲသို့ ပါမလာ...။ လမ်းခုလပ်တွင် လျှောခနဲ ပြုတ်ကျသွားခဲ့၏။

လူတွေ သူမထံသို့ စုပြုံကြည့်နေကြပြန်သည်။ အင်ကြင်းနီ.. ဘယ်သူ့ကိုမှ အရေးမစိုက်။ စာရွက်တွေကို တဖျတ်ဖျတ် လှန်ပစ်သလို ဘောပင်များကိုလည်း တစ်ချောင်းပြီးတစ်ချောင်း ကောက်ယူနေမိသည်။ မကြာမီ စာကြည့်စားပွဲနားသို့ လူအချို့ ကပ်လာခဲ့ပြီး ပျဉ်ချပ်ပေါ်သို့ ကျနေသည့် ဘောပင်လေးများကို ကောက်ယူကာ ဖန်ခွက်ထဲသို့ နေရာတကျ ပြန်ထည့်ပေးကြသည်။ ပွင့်နေသော စာအုပ်ကလေးကို ပိတ်လိုက်ကြသည်။

ဒါ ဘာသဘောလဲ.. အင်ကြင်းနီကို ကဗျာရေးခွင့်မပေးကြတော့ဘူးလားကွယ်..

သူမ စိတ်ပျက်စွာဖြင့် မီးဖိုထဲသို့ ဝင်ခဲ့ပြန်သည်။ မီးဖိုထဲမှာ ထမင်းစားနေကြသူများကို တွေ့ရ၏။ အလို.. ဟိုစားပွဲမှာ ဟင်းကုန်တော့မှာပါလား။ သူမ.. ဟင်းထည့်ပေးဖို့အတွက် ဟင်းအိုးများကို ဖွင့်ကြည့်လိုက်သည်။

"ဂလွမ်.. လွမ်.."



www.burmeseclassic.com

www.burmeseclassic.com



ဒီလက်က ဘာဖြစ်နေရတာတဲ့လဲ။ ဘာကိုပဲ ကိုင်ကိုင် မမြဲ။ ကိုင်လို့မရ။ ဟင်းအိုးကို ဖွင့်လိုက်တော့ အဖုံးက အိုးစင်ပေါ်မှ ပြုတ်ကျသွားခဲ့သည်။

ထမင်းစားနေကြသူများ အလန့်တကြား ထပြေးကုန်ကြတော့ အင်ကြင်းနီ စိတ်တိုသွားသည်။

ဘာဖြစ်တာလဲဟ.. စေတနာနဲ့ ဟင်းထည့်ပေးမလို့ပါနော်.. တော်ပြီ.. ဒီကနေ့ ဘာမှကို အဆင်မပြေဘူး။

သည့်နောက်တော့ အင်ကြင်းနီမှာ စာရေးစားပွဲသို့ ရောက်လိုက် မီးဖိုထဲဝင်လိုက်ဖြင့် လူးလာတုံ့ခေါက် နေမိသည်။

ဟင်း.. ဘယ်သူမှလည်း သူမကိုမမြင်ကြ။

မကြာမီ.. သံဃာတော်များ အိမ်ပေါ်သို့ကြွလာကြသည်။ အလို.. ရှင်ပြုမယ့်မောင်လေးက အနားသို့ မလာသေးပါလား။ မဟုတ်သေးပါဘူး။ သံဃာတော်တွေ၏ မျက်နှာတော်ကလည်း တရားသံဝေဂ အပြည့်နှင့်။ စိတ်မချမ်းသာစရာ။

လူအုပ်၏နောက်ဆုံးမှ အင်ကြင်းနီ သံဃာတော်များကို ဦးချဝတ်ဖြည့်လိုက်သည်။ သို့ပေမယ့် သူ့မစိတ်တွေ ဂနာမငြိမ်။ လေယူရာ ယိမ်းပါချင်နေရသည့်ကြားထဲ အိမ်ပေါက်ဝမှာ ပေါ့ပါးလေလွင့်နေသူတွေက သူမကို မရမက ဆွဲခေါ်သိမ်းသွင်းနေကြပြန်သည်။





ရှန်းရင်းဆန်ခတ်ဖြင့်ပင် အင်ကြင်းနီ တရားနာဖို့ ကြိုးစားသည်။ မောပန်းလှပါဘိ။ ဘာဖြစ်တာလဲ။ လူတွေ အများကြီးထဲမှာ သူမကိုမှ ဘာလို့နှောင့်ယှက် ကြရတာလဲ။ အခြေအနေတွေကို အင်ကြင်းနီ နားမလည်။ သူမ စိတ်တွေကလည်း ပေါ့ပါးလွတ်လပ်လှပါဘိ။

မကြာမီ ဆရာတော်၏ တရားဟောခြင်း ပြီးဆုံးသွားခဲ့သည်။

'သမီးရေ.. အင်ကြင်းနီရေ.. ပြုသမျှ ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေပါတယ်။ ကောင်းရာသုဂတိဘုံသို့ တက်လှမ်းနိုင်ပါစေ.. အမျှ.. အမျှ.. အမျှ..'

မိခင်၏ ရင်ကွဲထိန်းချုပ်သံဖြင့် ပီပြင်စွာ အမျှပေးဝေသံကြောင့် အင်ကြင်းနီ တစ်ကိုယ်လုံး ဆတ်ခနဲပူထူလောင်မြိုက်သွားရသည်။

ဟာ.. အမေ.. ဘာတွေပြောနေတာလဲ..

သူမ ပျာယာခပ်သွားစဉ်.. ကြေးစည်ထုသံ၊ ရေအိုးခွဲသံများကို ကြားလိုက်ရ၏။ ပြီးတော့.. ငိုသံများ..

ဟာ.. ဟာ.. ဘာဖြစ်ကြတာလဲ.. ဘာဖြစ်ကြတာလဲ.. ကျွန်မ ဒီမှာလေ.. အင်ကြင်းနီ ဒီမှာရှိပါတယ်..

ကျွန်မ မသေပါဘူး.. ကျွန်မ မသေသေးပါဘူးရှင်..



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာလက်·· ဒီမှာခြေထောက်၊ ဒီမှာ မျက်နှာ၊ ဒီမှာနှုတ်ခမ်း·· အားလုံးရှိသားပဲရှင်··

အင်ကြင်းနီ·· သူမကိုယ်သူမ စမ်းသပ်ကြည့်မိရင်း·· တရိရိလောင်မြိုက်စ ရင်က ဖြစ်ပျက်မှုတွေကို သွေးပျက်စွာ လက်မခံနိုင် ဖြစ်နေမိသည်။

'သမီးရေ·· အမျှ·· အမျှ·· အမျှ·· ငါ့သမီး အလိမ်မာလေး ကောင်းရာမွန်ရာ ရောက်ပါစေ·· လွတ်ရာ·· ကျွတ်ရာ'

ဟာ·· အမေ့ရယ်·· အမေ ဘာတွေပြောနေတာလဲ။ သမီး·· ဘယ်ကိုသွားရမှာလဲ အမေရယ်။ အပျိုစင်တစ်ယောက်ရဲ့ နားခိုရာဟာ မိဘရင်ခွင်ကလွဲလို့ ဘယ်မှာဖြစ်ရဦးမလဲ·· သမီး ဘယ်ကိုမှ မသွားနိုင်ပါဘူးနော်။ သမီး·· အမေ့ကိုချစ်တယ်·· မိသားစုကို ချစ်တယ်··

ပြီးတော့ စပယ်တွေပွင့်တဲ့ မိုးဖွဲဖွဲရာသီမှာ ပျိုးခင်းစိမ်း၊ လယ်ကွင်းစိမ်းတွေကို ဖြတ်ပြီး သမီး ကျောင်းသွားရဦးမယ်··

ကဗျာတွေလည်း အများကြီး ရေးချင်သေးတယ်·· ချစ်သူကြောင့် နှလုံးသားတွေ ကွဲကြေနေရပေမယ့် သမီး ရှင်သန်ပါရစေဦး အမေရယ်·· နော်··

'နောင်·· ဝေ·· ဝေ·· ဝေ··'

အသည်းခိုက်မတတ် နာကျင်စူးရှလှသည့် ဧကြီးစည်သံ





ကြီးက အင်ကြင်းနီရဲ့ နှလုံးသည်းပွတ်ကို လက်ကြမ်းကြီးနှင့် ကျုံးရုံးဖျစ်ညှစ်လိုက်ပြန်သည်။

ဒါဖြင့် သူမ တကယ်သေဆုံးသွားပြီလား··

အင်ကြင်းနီ·· တစ်ခြံလုံး၊ တစ်အိမ်လုံးသို့ ယောက်ရက်ခတ်အောင် ပြေးလွှားနေမိသည်။

မယုံနိုင်ပါဘူး။ တစ်ခုခုတော့ လွဲချော်နေကြပါပြီ။

ကောင်လေးတွေ စုပြုံ ထမ်းပိုးထားသည့်နေရာသို့ အင်ကြင်းနီ ပြေးကြည့်မိပြန်သည်။ စည်ကားသိုက်မြိုက်လှသည့် လူတွေထဲမှာ ဘာတွေပါသွားတာလဲ။ သူမမှာ ဗျာပါဒတွေဖြင့် လောင်မြိုက်ကျွမ်းခို နေရသည်။

အမေက ခြံဝမှာ ပုံလျက်သား ပျော့ခွေပြီး လူအများလက်မှာ ကျန်ခဲ့သလို·· အဖေကတော့ အံ့တင်းတင်းကြိတ်ပြီး နီရဲသောမျက်ဝန်းများနှင့် လူအများနောက်သို့ လိုက်ပါသွားခဲ့သည်။

အင်ကြင်းနီမှာ အမေနှင့်အဖေကို ကြည့်ရင်းမှ စိတ်တွေအစိုးမရစွာဖြင့်ပင်·· ဟိုး လူတန်းကြီးနောက်သို့ ခုန်ပေါက်ပြေးလိုက်မိပြန်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဟင်·· အဖုံးဖွင့်လိုက်သည့် သေတ္တာရှည်လေးထဲမှာ သူမပါလား။ ဒီမှာလည်းသူမ။ အင်ကြင်းနီဆိုတာ ကမ္ဘာလောကမှာ နှစ်ယောက်တောင်မှ ပဲလားကွယ်။ ရှည်မျောမျော သေတ္တာလေးထဲမှာ ပြုံးယောင်သန်းနေသည့် အင်ကြင်းနီသည် တောသတို့သမီးလေး တစ်ယောက်လို ချစ်စဖွယ် လှပနေပေ၏။ သနပ်ခါးဖွေးဖွေး၊ စပယ်ပွင့်မွှေးမွှေးတို့အပြင် ရှိရှိသမျှ တောပန်း၊ တောင်ပန်းတွေ စုပုံထည့်ထားသည်မို့ သူမအသွင်က မျက်နှာလေးပဲ ပေါ်တော့၏။

သူမကို အုတ်ဂူလေးထဲသို့ မြှုပ်နှံသင်္ဂြိုဟ်နေကြပါလား။ အင်ကြင်းနီ အုတ်ဂူလေးပေါ်မှ အသေအချာထိုင်ပြီး ကြည့်နေမိပါ၏။ မျက်ရည်များကလည်း ဖြေမဆည်နိုင်။

ဒါဖြင့် ငါ တကယ် သေဆုံးသွားခဲ့ပြီပေါ့။

လောကကြီးမှာ မဖြစ်နိုင်တာလည်း ဘာမှမရှိပါလား။ ချစ်ခင်သူတွေနဲ့ ကွေကွင်းခြင်း၊ ခွဲခွာခြင်းဆိုတဲ့ လောကစံကြမ်းကြမ်းတွေကို ကျွန်မ တကယ်ခံစားရတော့မှာပေါ့။

ဟင့်အင်းကွယ်၊ ကျွန်မ အသက်ရှင်ချင်ပါသေးတယ်။ မောင်လေးက အုတ်ဂူကို ခေါင်းနှင့်ဆောင့်ပြီး ငိုကြွေးအံကြိတ်နေသည်။

'အဲဒီမမကို တိုက်သွားတဲ့ ကားသမားကို မတွေ့ တွေ့အောင်ရှာပြီး သတ်မယ်···'





အင်ကြင်းနီ အမှန်တကယ် လက်ခံရတော့ပေမည်။ သူမသေဆုံးသွားခဲ့ပြီပေါ့။

ပူလောင်ကျွမ်းခြစ်သောရင်က မီးဟုန်းဟုန်းတောက်နေပြန်နေ၏။

ကျွန်မ ဘယ်မှာ ဘယ်သူတွေနဲ့ နေရမှာလဲ။ ကျွန်မကြောက်တယ်။

အသီးအတားမဲ့ မျက်ရည်မြစ်နှစ်စင်းက အင်ကြင်းနီ၏ပါးပြင်ပေါ်မှာ လောင်မြိုက်စီးဆင်းဖြတ်ပြေးနေကြသည်။ သူမ၏ နှလုံးသားကလည်းဖိအား၊ ညှစ်အားတွေ များလှချည့်။

အင်ကြင်းနီ အရပ်ရှစ်မျက်နှာကို လှည့်ပတ်ကြည့်နေမိပြန်သည်။ ဆိုင်းညို့ဖုန်းဆိုးများနှင့် သစ်ပင်ကြီးတွေကလည်း ကျက်သရေမရှိ။

သူမ၏ အုတ်ဂူလေးပိတ်နေစဉ် မောင်လေးက သူမ၏ ဆံပင်မှ စံပယ်ပွင့်လေးတစ်ပွင့်ကို ဆတ်ခနဲဖြုတ်ယူပြီး သူ့အိတ်ထောင်ထဲသို့ ထည့်လိုက်သည်။

'မမရေ··· လိုက်ခဲ့အိမ်မှာပဲနေ။'

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

'ဒါ ဘယ်လဲ…'

ဖုန်းဆိုးတောတန်းမြေရှိ အုတ်ဂူလေးမှ အမေ့အိမ်ဘက်သို့ အင်ကြင်းနီ ခြေလှမ်းပြင်စဉ် အရုပ်ဆိုးဆိုးအဘွားအိုတစ်ဦးက မလို တမာ ဟန့်တားလာခဲ့သည်။

'ရုပ်ကိုက ညည်းကိုယ်ညည်း တိုက်နဲ့နေနိုင်တယ်ဆိုပြီး ဘဝင်မြင့်မနေနဲ့ ကလေကလွင့်မ'

ဘာတုန်းဟ။ ဗိုလ်ကျလိုက်တာ။ အဘွားအိုကြီးဆီမှ အပုပ် နံ့တထောင်းထောင်းလွင့်လာပုံထောက်တော့ ဟိုဘဝက တော်တော် ကြူသာ၊ မစ္ဆရိယ၊ လောဘ၊ ဒေါသတွေနှင့် ပြည့်စုံခဲ့မည့်ပုံပင်။

'ပြောလိုက်ပါရဲ့နော်။ အချိန်မတော်ကြီးလျှောက်သွားနေ လို့ ဒုက္ခရောက်လာမှ ငိုမလာနဲ့။ ကျက်သရေမရှိဘူး'





သူ့ဖုန်းဆိုးမြေကြီးကဖြင့် ယခုလည်း ကျက်သရေရှိတာ ကျလို့။ သို့သော် အင်ကြင်းနီ ဘာမှပြန်မပြောတော့ဘဲ အမေ့အိမ်သို့ သာပြေးထွက်ခဲ့သည်။

အရေးထဲ မနေ့တစ်နေ့ကမှ ရေနစ်ပြီး သူမတို့ထံ ရောက် လာသည့် ကောင်မလေးနှင့် ဆုံနေရပြန်သည်။

'မမ… ဘယ်သွားမလို့လဲ'

'ငါ အမေ့အိမ်ပြန်မလို့'

ထိုကောင်မလေး၏ ရုပ်က ရေတွေဖြင့် ပြည့်ဖောင်းနေ သဖြင့် ယခုတိုင် ပြာနှမ်းဖောသွပ်နေလေဆဲ။ နေဝင်ရီတရောအချိန် မှာ သူ့ကိုသာတွေ့လိုက်ရလျှင် လိပ်ပြာလွင့်ချင်စရာဖြစ်သည်။

'ကျွန်မ မမနောက်ကို လိုက်ပါရစေ မမရယ်'

'ဟာ ဘယ်ဖြစ်မလဲ၊ နင်လည်း ကိုယ့်အမေအိမ် ကိုယ် ပြန်ပေါ့။ ငါ့အိမ်က ဘယ်လက်ခံမလဲ'

'ကျွန်မ အမေအိမ်က အဝေးကြီးမို့ပါ မမရယ်၊ ကျွန်မ ပြန်ချင်ပေမယ့် ပြန်လို့မရဘူး။ ကျွန်မက ကုသိုလ်ကံနည်းသူမို့ ပြန်လို့မရလို့ပါ။ မမနောက်ကို လျှောက်လိုက်နေပါရစေနော်'

ကောင်မလေးရဲ့ စကားကို အင်ကြင်းနီ စိတ်ဝင်စားသွား ၏။ အမေ့အိမ်နဲ့ ဝေးရာအရပ်ကို သူကလေး ဘယ်လိုမျောလွင့်ခဲ့ တာလဲ။

www.burmeseclassic.com

www.burmeseclassic.com

'ပြောစမ်းပါ နှင့်အကြောင်း ငါစိတ်ဝင်စားတယ်။ ငါ့အတွက် ဝတ္ထုရေးဖို့ ကုန်ကြမ်းရတာပေါ့။ အဲလေ ငါလည်း လူမှ မဟုတ်တော့တာ။ ဒါပေမယ့် ဝါသနာက မစွန့်နိုင်ဘူးဟ။ လူတွေဖတ်လို့မရလည်း တစ္ဆေတွေဖတ်ဖို့ ဝတ္ထုရေးမယ်'

အင်ကြင်းနီစကားကြောင့် ကောင်မလေးက မချိပြုံးပြုံးသည်။

'ကျွန်မ မိုက်တာပါ မမရယ်၊ ပညာကို မကြိုးစားဘဲစိတ်တွေလေလွင့်ပြီး ရည်းစားပဲ ထားချင်နေမိတယ်။ ရည်းစားရတော့လည်း တောင်သွား၊ မြောက်သွားနဲ့ အရွယ်မတိုင်ခင် ဒုက္ခရောက်တော့တာပါပဲ။ ကျွန်မ ဒုက္ခရောက်တော့ သူကလှည့်မကြည့်တော့ဘူးလေ။ နောက်ဆုံး ကြံရာမရတာနဲ့ ကျွန်မလည်း ဧရာဝတီမြစ်ထဲ ခုန်ချမိတယ်။ ခုတော့ ဒီလိုနေရာမှာလာပြီး သောင်တင်နေရပြီ။

ကျွန်မလေ ကိုယ့်အပေါ်အညွန့်ချိုးသွားတဲ့ ကျွန်မရည်းစားကို သိပ်မုန်းတာပဲ။ ခုနေများဖြစ်နိုင်ရင် သူ့ကို ဂုတ်ချိုးသတ်ပစ်လိုက်ချင်တယ်'

ရေစက်လက်နှင့် တစ္ဆေမလေး၏ စကားကိုနားထောင်ပြီး အင်ကြင်းနီ စိတ်မောသွား၏။

'ဘဝပြောင်းနေတာတောင် အခဲမကျေနိုင်သေးဘူးလားဟယ်၊ နှင် စိတ်ကောင်းမွေးမှပေါ့။ နေစမ်းပါဦး၊ နှင်က 'တယ်ပြီး မှတ်ဉာဏ်ကောင်းပါလား။ ငါဆိုရင် ငါ့မိသားစုနဲ့ ငါ့ချစ်သူကိုသတိရနေပေမယ့် နောက်ဆုံးအချိန်မှာ ငါတို့ ဘာတွေဖြစ်ခဲ့သလဲဆိုတာ မေ့နေတယ်။ ဒါပေမယ့်လေ သူသိပ်ဆိုးခဲ့မယ်ဆိုရင်တောင်မှ သူ့ကို ငါ ဂုတ်ချိုးမပစ်ချင်ပါဘူးဟာ'

နေဝင်တောတန်းလေးမှ ကမ္ဘာလောကသို့ ငေးမျှော်တမ်းတရင်း အင်ကြင်းနီ ဆွေးနေမိသည်။

'ကဲ··· ကောင်မလေးရေ ငါ အိမ်ပြန်ဦးမယ်။ နှင်ကတော့ အကုသိုလ်များလို့ ခြံထဲဝင်လို့ရမှာမဟုတ်ဘူး။ ခြံရှေ့လမ်းမှာပဲ နေရလိမ့်မယ်'

'အမလေး လမ်းမှာကျန်ခဲ့ရမယ် ဆိုရင်တော့နေပါရစေမရယ်၊ မမတို့ ခြံနားက ကုက္ကိုပင်ကြီးမှာ တကယ်ဆံရာကြီးတွေချည်းပဲ။ အမပြန်လာရင်သာ စားစရာယူခဲ့'

ကောင်မလေးကို ထားခဲ့ပြီး အင်ကြင်းနီ အမေ့အိမ်သို့ ဒုန်းစိုင်းခဲ့သည်။ တော်ကြာ နွားရိုင်းသွင်းချိန်ရောက်လျှင်နွားနင်းခံနေရမှာစိုးလို့ဖြစ်သည်။

အမေ့အိမ်မှာ သူမ၏ စာရေးစားပွဲလေးက အိမ်ရှေ့ခန်းထောင့်မှာ နေရာရနေမြဲဖြစ်သည်။ စားပွဲပေါ်မှ ဘောပင်ထည့်သည့်ဖန်ခွက်ကလေး၊ စာရွက်ချုပ်စက်ကလေးနှင့် ရေးလက်စ ခြေရာလက်ရာ မပျက်သေး။ အင်ကြင်းနီ လောလောဆယ် ရေးနေသည့်ဒိုင်ယာရီစာအုပ်အပြာလေးက အစနကိုနေရာမှာ ရှိနေမြဲ။



www.burmeseclassic.com

www.burmeseclassic.com



အမေနှင့် မိသားစုကတော့ ခြင်ထောင်ကလေးများကိုယ်စီဖြင့် တိတ်ဆိတ်စွာ အိပ်မောကျနေကြသည်။ သူမ မျက်ဝန်းမှာ မျက်ရည်စတို့ ကြွေကျလာပြန်၏။

လူဘဝဆိုတာ သေကွဲရှင်ကွဲတွေနဲ့ပဲ ဖွဲ့စည်းတည်ဆောက်ထားလေသလား အမေရယ်။ သမီး ခံစားနေရတယ်။

သေခြင်းတရားဟာ လက်တစ်ကမ်းမှာလို့ အမြဲတစေ နှလုံးသွင်းခဲ့တာတောင်မှ သမီး မဖြေဆည်နိုင်သေးဘူး။

နှလုံးသားကို ဖြူစင်အောင် ကျင့်ကြံမွေးမြူခဲ့တဲ့ကြားက သမီး မကျွတ်လွတ်နိုင်သေးဘူးကွယ်။

ထိုင်နေကျကုလားထိုင်လေးမှာ ညင်သာစွာ ဝင်ထိုင်ရင်း ပွင့်နေသော ပြတင်းမှ မိုးကောင်းကင်ပြာပြာကြီးသို့ အင်ကြင်းနီ မော့ကြည့်နေမိသည်။

သည့်နောက်တော့ မှောင်မဲသည့် အခန်းထဲမှာပေမယ့် ဒိုင်ယာရီ စာအုပ်ပြာလေးကို တဖျပ်ဖျပ်ဖွင့်ဖတ်ရင်း သူမ ရင်နင့်ခံစားနေရလေတော့သည်။

❖ ❖ ❖



# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ဒီဇင်ဘာကျောင်းပိတ်ရက်မှာ အိမ်ပြန်ဖို့ စိတ်အားထက်သန်နေသည့် အင်ကြင်းနီတို့မှာ မနက်အစောကြီးကပင် ဘူတာထဲမှာ ဆူညံနေကြသည်။ ရထားကတော့ မလာသေး။ သူမကို လိုက်ပို့ကြသည့် သူငယ်ချင်းများ၏အသံက လက်ပံပင်ဆက်ရက်ကျသည့်နှယ်။

'ယောင်းမရေ ရထားလာရင်ကြည့်တက်ဦးနော်။ ပြုတ်ကျလို့ ငါ့မောင် မုဆိုးဖိုဖြစ်ကျန်ခဲ့ဦးမယ်'

'တစ်ယောက်တည်း မူယာမာယာတွေလည်း သိပ်များမနေနဲ့'

'ကျောင်းမဖွင့်ခင်ပြန်လာခဲ့နော်။ ကျူရှင်က ကလေးတွေလည်း သတိရဦး'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါ၊ အေးပါ'

အင်ကြင်းနီတို့အဖွဲ့က စစ်ကိုင်းမြို့၏ အနီးပတ်ဝန်းကျင် ရွာများမှာ တာဝန်ကျသူများဖြစ်ကြသည်။ ပြီးတော့ မြို့ထဲမှာစာသင်ဝိုင်းလေးတွေ ဖွင့်ကြသည်။ မိမိတတ်သည့်ပညာကို စေတနာထက်သန်စွာသင်ပြပေးသည့်မို့ သမ္မာအာဇီဝ ဟုပဲဆိုကြပါစို့။

ရထားဝင်လာပေပြီ။ အင်ကြင်းနီ တက်လို့မရသေး။ ဆင်းသည့်သူများပြီးမှ တက်သူများက တက်လို့ရပေမည်။ လူကုန်ပြီ အထင်နှင့် သူမ တိုးဝှေ့တက်လိုက်စဉ် ရထားပေါ်မှ ကမူးရှူးထိုးဆင်းလာသည့် လူကြီးတစ်ယောက်ကြောင့် အင်ကြင်းနီ ရထားပေါ်မှ ပြုတ်ကျသွားတော့၏။

'အား···အမလေး'

လူအများ၏ အသံများဆူညံသွားသလို သူမ၏ရင်ထဲမှာလည်း အေးခနဲ ဖြစ်သွားခဲ့သည်။

❖ ❖ ❖

အင်ကြင်းနီ သတိရတော့ သူမ ရထားပေါ်မှာ တလှုပ်လှုပ်ပါလာနေလေ၏။ ဘယ်လိုဖြစ်ပါလိမ့်။ သူမ ရထားပေါ်မှ ပြုတ်ကျမသွားဘူးလား။ နှစ်ယောက်ထိုင်ခုံမှာ အင်ကြင်းနီ လဲလျောင်းနေရာမှ ကြုံးရုံးထထိုင်မည်ပြုတော့ သူမဘေးမှာရပ်နေသည့် သူက





ပျာပျာသလဲ တားဆီးခဲ့သည်။

'အိပ်နေ ကလေး၊ မင်း ဘာမှမဖြစ်ပါဘူး။ ရထားပေါ်ရောက်နေတဲ့ကိုယ်က လှမ်းဆွဲမိလိုက်တယ်။ မင်း လန့်ပြီးသတိလစ်သွားတာပါ'

အေးဆေးတည်ငြိမ်စွာ ရှင်းပြနေသည့် အသားညိုညိုကိုလူချောကို အင်ကြင်းနီ တအံ့တသြမော့ကြည့်ပြီး ခေါင်းညိတ်ပြရ၏။ အရပ်ရှည်ရှည်နှင့် ယောကျ်ားပီပီသသရုပ်က ဆွဲဆောင်မှုရှိလွန်းလှပါဘိ။

သူဘယ်သူလဲ၊ သူဘယ်မှာနေလဲ တွေးနေဆဲ ရပ်လာသည့်ဘူတာမှာ သူဆင်းသွားခဲ့၏။

အို··· နာမည်လည်း မမေးလိုက်ရ၊ နေရပ်လည်းမမေးလိုက်ရ၊ လိပ်စာကဒ်လေးဘာလေးတောင် မတောင်းလိုက်ရပါလားကွယ်။

ဤသို့ဖြင့် အင်ကြင်းနီ၏ ရင်ထဲမှာ သူဟာဆူးကလေးတစ်ချောင်းနှယ် ခိုဝင်ငြိတွယ်လာခဲ့၏။ လောကအပေါ်အမြင်စူးရှမယ့် ခံစားတတ်တဲ့ သူရဲ့ မျက်အိမ်များက ရီရီဝေဝေ။

သူဟာ သူမအတွက် ထူးခြားတဲ့ယောကျ်ားတစ်ယောက်ဖြစ်နေလို့နေတော့သည်။

အဲဒီတုန်းကတော့ သူဟာ အင်ကြင်းနီရဲ့ဘဝမှာ အရေး



www.burmeseclassic.com

www.burmeseclassic.com



ပါ အရာရောက်ဆုံးသောသူ ဖြစ်လာလိမ့်မယ်ဟု သူမ လုံးဝ မစဉ်းစားမိခဲ့ပါ။

❖ ❖ ❖



# အခန်း(၂)

'ကောင်မလေးတွေ သတိထားပြီး ဣန္ဒြေရှိရှိနေနော်၊ တော်ကြာ ဣန္ဒြေမရှိတဲ့ဆရာမတွေလို့ ထင်ခံနေရဦးမယ်'

အိမ်ရှင်ဒေါ်ကြီး၏ စကားကြောင့် အင်ကြင်းနီ တွန့်ခနဲ ဖြစ်ရသည်။

သူ့စကားက ထူးထူးဆန်းဆန်း။ ဒီကျောင်းဖွင့်ရက်မှာ သူမနှင့် အတူနေသူငယ်ချင်း စန္ဒာကိုကို့ အိမ်ပြောင်းကြရသည်။ အရင်နေသည့်အိမ်က ပိုင်ရှင်တွေပြန်နေသဖြင့် ပြောင်းပေးရခြင်း ဖြစ်သည်။

စစ်ကိုင်းမြို့က ကျယ်ဝန်းလှပ၊ အေးချမ်းသည့်မြို့ ဖြစ်သည့်ပြင် ယခုနေရာကလေးက ပိုပြီးစွဲမက်စဖွယ်ကောင်းလှသည်။ ဧရာဝတီမြစ်နှင့် နီးသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာကိုက အင်ကြင်းနီထက် သွက်သည်။

'ဘာဖြစ်လို့လဲ ဒေါ်ကြီးရဲ့ ကျွန်မတို့က ဆယ်ကျော်သက်လေးတွေမှ မဟုတ်တာ'

'ဪ… ငါဆိုလိုချင်တာက ဒီလိုပါ၊ နင်တို့ ခေါင်းရင်းအခန်းမှာ ကဗျာဆရာ 'ဆူးပွင့်' နေတယ်။ ရုပ်ကလည်း ခပ်ဖြောင့်ဖြောင့်မို့ တော်ကြာ ဇာတ်လမ်းတွေ ငြိကုန်မှာစိုးလို့ပါ'

အိမ်ရှင်ဒေါ်ကြီး၏စကားကို စန္ဒာကိုက လက်ခါပြလိုက်သည်။

'ကျွန်မက ဒါတွေစိတ်မဝင်စားပါဘူးနော်။ ကဗျာဆရာများ ဘာအထင်ကြီးစရာရှိသလဲ။ နှုတ်ခမ်းမွေးတွေ၊ ပါးသိုင်းမွေးတွေနဲ့ ညှင်းသိုးသိုးဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် ပိုးဟပ်တစ်ကောင်လို ဖြူဖတ်ဖြူလျော်နေမှာပေါ့။ ပြီးတော့ ကျွန်မမှာ ရည်းစား ရှိပြီးသားလေ'

'ကဲ…တော်ပါတော့ စန္ဒာရယ်'

အင်ကြင်းနီ တောင်းပန်လေမှ စကားဝိုင်းကရပ်သွားပြီး အဒေါ်ကြီးလည်း ပြန်သွားခဲ့၏။

အင်ကြင်းနီကတော့ ဆူးပွင့်ဆိုတာကို အနည်းငယ် စိတ်ဝင်စားပါသည်။

အဘယ်ကြောင့်ဆိုသော် အင်ကြင်းနီဆိုသည့် ကောင်မ





လေးသည် စာပေကို မြတ်နိုးရူးသွပ်သည့်အပြင် ကိုယ်တိုင်လည်း ကဗျာရေးသူတစ်ဦးမို့ဖြစ်သည်။

❖ ❖ ❖

အင်ကြင်းနီမှာ တစ်နှစ်ကြာလို့မှ ကဗျာလေး ငါးပုဒ်လောက်သာ ပါတတ်သော်လည်း ဖတ်လိုက်၊ မှတ်လိုက်ရသည့်စာ၊ ကဗျာဆိုတာကတော့ ဝါသနာအရအပြင် လေ့လာဆည်းပူးသည့်အနေနှင့်လည်းဖြစ်သည်။

ကြည့်စမ်း၊ နေရာတကာမှာ မော်ဒယ်သင်တန်းတွေ၊ အေရိုးဗစ်သင်တန်းတွေ၊ အားကစားကလပ်တွေသာ မှိုလိုပေါက်နေကြသည်။ ကဗျာသင်တန်း၊ ဝတ္ထုသင်တန်းတွေတော့ မည်သူကမျှ မဖွင့်ပေးကြပါ။ သည်တော့လည်း အင်ကြင်းနီတို့လို ကဗျာရူး၊ စာရူးလေးများမှာ ကိုယ့်ဖာသာပဲ စာအုပ်တွေများမှတစ်ဆင့် သင်ယူကြရပါသည်။

နှလုံးသားကလည်း ခံစားတတ်မည်ဆိုလျှင်ပေါ့။ ဘာပဲဖြစ်ဖြစ် ကဗျာဆရာ၊ စာရေးဆရာရင့်မကြီးများကို အင်ကြင်းနီ လေးစားကြည်ညိုလိုက်သည်မှာ တကယ့်နတ်ဒေဝတာများနှယ်။

ယခုလည်း အဒေါ်ကြီး သတင်းပေးသွားချက်အရ သော့ပိတ်ထားသည့် ကိုဆူးပွင့်၏အခန်းသို့ အလုပ်လုပ်ရင်းမှ ချောင်း…



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကြည့်နေမိပြန်သည်။

သူဟာ ဘယ်လိုလူမျိုးလဲ အပေါက်ဆိုးမှာလား၊ သဘော ကောင်းမှာလား၊ သဘောကောင်းသည်ဆိုလျှင်တော့ ကဗျာရေး နည်းတွေ၊ ဘာတွေ သင်ပေးနိုင်းမှပဲ အတွေးဖြင့် သူမ ရင်မော အောင်ပျော်နေမိခဲ့သည်။

ပြက္ခဒိန်များချိတ်ဆွဲထားသည့်အောက်မှာ ကံအားလျော်စွာ ရွေးစေ့လောက် အပေါက်ကလေးတွေရတာ ကုသိုလ်ကံပါပဲ။ ကိုဆူးပွင့်အခန်းသို့ ချောင်းကြည့်လို့ရသွားခဲ့သည်။ မိန်းကလေးတန်မဲ့ ချောင်းကြည့်ရတာ ရှက်မိပါရဲ့။ သို့သော် မတတ်နိုင်။

စန္ဒာကို တစ်ယောက်မီးဖိုထဲမှာ ချက်ပြုတ်ကြော်လှော် နေစဉ် အင်ကြင်းနီက တစ်ဖက်ခန်းသို့ အသေအချာစေ့င၊ စပ်စု နေခဲ့သည်။ သူမ သဘောအကျဆုံးကတော့ သူ့ရဲ့ စာအုပ်ဗီရိုလေး ပဲဖြစ်သည်။ စာသမားပီပီ စာအုပ်တွေက အများအပြား။

'ငါ ချက်ပြီးပြီဟေ့၊ အင်ကြင်းရော ဒီနေ့ဘာချက်မှာလဲ'

ညနေစောင်းတော့မည်မို့ စန္ဒာကို ချက်ပြုတ်လို့ပြီးသွား သည်။ သည်တစ်ခါ အင်ကြင်းနီ ချက်ရမည်။ နှစ်ယောက်အတူ နေပေမယ့် သူမတို့က ကိုယ့်ထမင်းကိုယ်ချက်စားကြသည်။ ရေရှည် မှာ တွက်ကပ်စရာ၊ စိတ်ဝမ်းကွဲစရာတွေ မဖြစ်တော့ဘူးပေါ့။

'ငါတော့ ခေါက်ဆွဲပဲကြော်စားလိုက်မယ်'





သူမက မိန်းကလေးပီပီ ထမင်းဟင်းချက်တာကို ဝါသနာ ပါသော်လည်း မီးဖိုထဲမှာအချိန်မဖြုန်းနိုင်ပါ။ မြန်မြန်ချက်၊ မြန်မြန် ကျက်ပြီးလျှင် အားလပ်ချိန်အကုန်လုံးကို စာထိုင်ဖတ်နေချင်သူ ဖြစ်သည်။

အင်ကြင်းနီ မီးဖိုပေါ်မှာ ရေနွေးအိုးတည်ထားလိုက်ပြီး နောက် ဝက်သားလှီး၊ ကြက်သွန်လှီး၊ ပဲသီးလှီး၊ ဂေါ်ဖီလှီးခြင်းများ ကို ပြုလုပ်ပြင်ဆင်သည်။ ရေနွေးအိုးဆူတော့ ခေါက်ဆွဲထုပ်ကို ထည့်ပြုတ်လိုက်၏။ ခေါက်ဆွဲကြော်တာ အလွယ်ကလေးဖြစ် သည်။ သူမမှာ အကြံအစည်ရှိသည်လေ။ ဦးဆူးပွင့်ကို ခေါက်ဆွဲ ကြော်နှင့် မိတ်ဆက်လို၍ဖြစ်သည်။

အချဉ်သုပ် သုပ်ပြီးသည်အထိလည်း စန္ဒာကိုက ရေချိုး လို့မပြီးသေး။ အတန်ကြာမှ သူမရေချိုးလိုက်ရသည်။

❖ ❖ ❖

ငှက်ကလေးတွေတောင် အိပ်တန်းပြန်လာကြပေမယ့် ဟို ဘက်ခန်းက ဦးဆူးပွင့်ကြီးက ပြန်မလာသေး။ သူ ဘာအလုပ်တွေ ရှုပ်လို့နေပါလိမ့်။ ဘာအလုပ်များ လုပ်ပါလိမ့်။

'အင်ကြင်းရေ ထမင်းစားကြမယ်ဟေ့'

'အေး... ခဏနေပါဦး'



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းနီ ဖြီးလက်စဆံပင်ကို ကလစ်နှင့် ဖိညှပ်လိုက်၏။ သူမဆံပင်တွေက ကျောပေါ်မှာ ဖားဖားဝေဝေ။ ဂါဝန်အိအိ ဖားဖားလေးနှင့်ဆိုတော့ အင်ကြင်းနီ၏အသွင်က စနိုးပွိုက်လေးပေါ့။

သူမ ကြွေပန်းကန်တစ်ချပ်နှင့် ခေါက်ဆွဲကြော်များ အပြည့်အမောက်ထည့်လိုက်သည်။ အဲဒီခေါက်ဆွဲကြော်ပန်းကန် ထဲသို့ အသားဖတ်တွေ ရွေးထည့်ပြီး ဘဲဥကြော်အချပ်ကြီးတစ်ချပ် လည်း ထည့်သည်။

'ဟဲ့··· ဘယ်သူ့ဖို့လဲ'

'သိရဲ့သားနဲ့ကွာ'

'မလွယ်ပါလားဟေ့၊ ယောကျ်ားတစ်ယောက်ကို မြင်တောင် မမြင်ဖူးသေးဘူး။ စိတ်ကူးနဲ့ရူးနေတာ မိန်းမချောကျပါတယ်ဟာ။ အဲဒီလူကဖြင့် လူပျိုလား၊ လူအိုလား၊ ဖြူသလား၊ မည်းသလား ဘာမှလည်းမသိဘဲနဲ့ ဒီလောက်ကဲနေတာ ငါတော့ ကြည့်မရတော့ဘူး'

စန္ဒာကို့စကားကြောင့် သူမ အံသြရုက်ရွံ့သည့်အပြင် များစွာထိတ်လန့်သွားမိ၏။ စန္ဒာကို အထင်ကလွဲမှားလိုက်တာ။ သူမက ဒီလိုမဟုတ်ပါ။ စန္ဒာကိုသည် ဖြူဖြူချောချောလေးဖြစ်သော်လည်း စကားကို လွယ်လွယ်ပြောတတ်သူဖြစ်သည်။ အင်ကြင်းနီ ဖြေရှင်းရပေမည်။





'ဘာပြောတယ် စန္ဒာကို၊ နင် ငါ့ကိုသဘောပေါက်လွဲသွားပြီ။ နင်က ယောကျ်ားဆိုရင် ချစ်ဖို့၊ ကြိုက်ဖို့ ပေတံနဲ့ပဲတိုင်းတတ်ပေမယ့် ငါက နင့်လိုမဟုတ်ဘူး။ နင့်နှလုံးသားနဲ့ ငါ့နှလုံးသား မတူသလို နင့်ဦးနှောက်နဲ့ ငါ့ဦးနှောက်ကလည်း တခြားစီပါ။ ငါ သူ့ကို ကဗျာဆရာတစ်ယောက်အဖြစ် လေးစားကြည်ညိုတာက လွဲလို့ ဘယ်တော့မှ ဘာမှမဖြစ်စေရဘူး မှတ်ထား။ ငါ သူ့ကို နတ်ဒေဝတာတစ်ပါးလို သဘောထားတာပါ'

အင်ကြင်းနီ အရမ်းခံစားနေရတာမြင်တော့ စန္ဒာကို စိတ်မကောင်း ဖြစ်ရသည်။ ဟုတ်တာပါပဲ၊ သူမတို့နှစ်ယောက်သည် စရိုက်ချင်းမတူသလို ဘာသာစကားချင်းလည်း ဘယ်တော့မှတူနိုင်မည် မဟုတ်ကြ။

'ဆောရီးကွာ၊ ငါတောင်းပန်ပါတယ် အင်ကြင်းရယ်။ နင့်ကို ငါ သဘောပေါက်လွဲသွားမိတာခွင့်လွှတ်ပါ။ တို့နှစ်ယောက် အတူ လက်တွဲနေကြရမှာမို့ စိတ်ဝမ်းမကွဲချင်ဘူး။ ငါ နင့်အပေါ် နားလည်နိုင်အောင် ကြိုးစားပါ့မယ်နော်'

'ကောင်းပြီ စန္ဒာ၊ ငါတို့ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဘယ်တော့မှ မဆွေးနွေးကြပါစို့နဲ့။ အဲဒါ အကောင်းဆုံးပဲ။ နင်နားမလည်တဲ့ဘာသာရပ်မှာ ဘေးထွက်နေစမ်းပါဟာ'

- သူမတို့နှစ်ယောက် ပြန်လည်၍ ပြေလည်မှုရသွားခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စန္ဒာကိုက အင်ကြင်းနီကို နှုတ်ဆက်ပြီး အပေါ်ထပ်မှ အသံကြားနေရသည့် တီဗွီဆီသို့တက်သွားခဲ့သည်။ ညနေကတည်းက စန္ဒာကို မိတ်ဖွဲ့ခဲ့ပြီးဖြစ်သည်။

အင်ကြင်းနီ ဧည့်ခန်းမှာထိုင်ပြီးစာဖတ်ရင်း တစ်ဖက်ခန်းသို့ နားစွင့်နေခဲ့သည်။ သည်စဉ် တစ်ဖက်ခန်းမှ ခြေသံကြားလိုက်ရ၏။ စာအုပ်ထဲသို့ စိတ်ရောက်သွားသဖြင့် သူမ သူ့အိမ်ရှေ့မှဝင်လာတာတောင် မမြင်လိုက်ရပေ။

အင်ကြင်းနီ ချောင်းကြည့်ပေါက်ကလေးမှတစ်ဆင့် တစ်ဖက်ခန်းသို့ ချောင်းကြည့်လိုက်သည်။

ဦးဆူးပွင့်ဆိုတာ ဘယ်လိုကြီးလဲ။

စိတ်လှုပ်ရှားစွာ သူမမြင်လိုက်ရသည်က…

'ဟင်…'

❖ ❖ ❖

ပြက္ခဒိန်လေးကို ပြန်ချပြီး၊ အိပ်ယာပေါ်သို့ အင်ကြင်းနီ ပစ်လှဲမိတော့သည်။ သူ ရထားပေါ်မှာ သူမကိုဆွဲတင်ကယ်ဆယ်ခဲ့သည့်သူလေ။ စူးရှရဲဝံသောအကြည့်ဆွေးဆွေးများနှင့် အင်မတန်ဆွဲဆောင်မှုကောင်းလှသည့် သူဟာ ဦးဆူးပွင့်လည်းဖြစ်နေပြန်သတဲ့။ သူမ၏ရင်ပြင်တစ်ခုလုံး ဗုံတီးခံရသလို ပရမ်းပတာလှုပ်ရှားသွား





မိတာ ဘာကြောင့်လဲ။

ကျွန်မရဲ့ နတ်ဒေဝတာကြီးက နှစ်ထပ်ကွမ်း ကိုးကွယ်ဆည်းကပ်ရတော့မည့် သူပါပဲနော်။

စပို့ရှပ်နှင့် စတိုင်ဘောင်းဘီညိုရင့်ရင့် ဝတ်ထားသည့် ချောမောလှပသော သူ့အသွင်က နေနတ်သားတစ်ပါးနှယ်။

သူက သူ့ဧည့်ခန်းမှာ အနားယူနေရာမှ ရေချိုးရန်အင်္ကျီချွတ်လိုက်တော့ အင်ကြင်းနီ ရှက်ရွံ့စွာ မျက်နှာလွှဲလိုက်သည်။

ကျွန်မဘဝရဲ့ ဒဏ္ဍာရီများကို သူပဲ စိုးမိုးဖန်တီးပြီး လိုရာစေခိုင်းနေတော့မှာ သိပ်ကိုသေချာသွားခဲ့သည်။

❖ ❖ ❖

'ဝင်ခွင့်ပြုပါနော်'

ဖွင့်ထားသောတံခါးမှ သူမဝင်ခဲ့တော့ ဦးဆူးပွင့်က အလန့်တကြား လှည့်ကြည့်သည်။ ဂါဝန်အပြာနုလေးနှင့် ခေါက်ဆွဲပန်းကန်ကိုင်လာသည့် အပျိုစင်လေးဟာ ရှင် ထိတ်လန့်တုန်လှုပ်စရာလားကွယ်။ အင်ကြင်းနီ သူ့ကို ဖော်ရွေရင်းနှီးစွာ ပြုံးပြမိသည်။ သူက ထမင်းချက်ဖို့ ပြင်ဆင်နေရာမှ နဝေတိမ်တောင်ဖြစ်နေမိ၏။ ဒီကောင်မလေး ငါ့ကို သိလို့လား။

အင်ကြင်းနီ ခေါက်ဆွဲကြော်လင်ဗန်းကို သူ့စားပွဲခုံလေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



သို့တင်လိုက်ပြီး လူက မတ်တတ်ရပ်နေမိခဲ့သည်။ အိမ်ရှင်ကမှ ခွင့်မပေးသေးတာနော်။

'ထိုင်ပါ ခင်ဗျ…'

'ကျွန်မ ဦးဆူးပွင့်အတွက် ခေါက်ဆွဲကြော်လာပို့တာပါ'

'ခင်ဗျာ…'

ချုပ်ထိန်းနိုင်သူကြီးကလည်း အာမေဋိတ်သံတွေ ထွက်တတ်သားဖြစ်သည်။

သူ့အသွင်ကလည်း အင်ကြင်းနီကို မှတ်မိပုံရပါသည်။ ရထားပေါ်မှာ သူဆွဲတင်ခဲ့ရသည့်ပြင် သူ့ကို နာမည်တွေဘာတွေ ပါသိနေလို့လည်း ဖြစ်သည်။ အင်ကြင်းနီကလည်း ဦးဆူးပွင့်ကို ပြုံးကြည့်နေမိသည်။ စကားမပြောတတ်သည့် ဒီလူကြီးဟာ လောလောဆယ် မဂ္ဂဇင်းစာမျက်နှာပေါ်တွေမှာ နေရာယူပိုင်စိုးထားသည့် ကဗျာဆရာတစ်ယောက်လည်း ဖြစ်လို့နေပြန်သည်။ အခန်းထဲမှာ အတန်ကြာ တိတ်ဆိတ်နေခဲ့၏။

သူမ သည်းမခံနိုင်တော့။ အင်ကြင်းနီဆိုတာ အရာရာမှာ ပွင့်လင်းရိုးစင်းသူဖြစ်သည်။

'ဦးဆူးပွင့်ကို ခုလိုပြန်တွေ့ရတာ ကျွန်မအရမ်းဝမ်းသာတာပဲ။ ကျွန်မကို မှတ်မိတယ်မဟုတ်လား၊ အခုကျွန်မတို့ ဟိုဖက်ခန်းကို ပြောင်းလာနေကြတယ်။ အခု ဦးဆူးပွင့်စားဖို့ ခေါက်ဆွဲကြော်လာပို့





တာပါ။ ကျွန်မကို ရထားပေါ်ဆွဲတင်ခဲ့တဲ့အတွက်ရယ်၊ ဦးဆူးပွင့်ဖြစ်နေတဲ့အတွက်ရယ်ပေါ့'

'ကျွန်မလည်း ကဗျာလေးတွေ ရေးပါတယ်။ ဟိုလေ တစ်ပုဒ်စ နှစ်ပုဒ်စပေါ့နော်။ ကျွန်မနာမည် အင်ကြင်းနီပါ'

ကဲ… မှတ်ပြီလား။ ငေးကြောင်ကြောင်ဖြစ်နေသည့် လူကြီးကို စကားလုံးတွေ တရစပ်ဖြင့် ပစ်ပေါက်ခဲ့ပြီး အင်ကြင်းနီ တစ်ဖက်ခန်းသို့ ပြန်လာခဲ့သည်။

သူ ဘယ်လိုကျန်ခဲ့မလဲ။ မျက်ခုံးကြီးရှုံ့နေမလား။ အံ့သြကုန်နိုင်ဖွယ်ပဲလား။ ကျန်ချင်သလိုသာ ကျန်ခဲ့ပေတော့ လူ့ရွစာကြီးရေ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

နံနက်ရှစ်နာရီခန့်မှာ အင်ကြင်းနီ စာသင်ဝိုင်းများမှ ပြန်လာခဲ့၏။ မနက်ခြောက်နာရီမှာ အိမ်ကထွက်လာတော့ ဦးဆူးပွင့် မနိုးသေး။ မနေ့က သူ့အိမ်မှာ ဘုရားပန်းတွေညှိုးခြောက်နေတာ တွေ့သဖြင့် ယခု အင်ကြင်းနီ နှင်းဆီပွင့်လှလှကြီးများ ဝယ်လာခဲ့မိသည်။ အရာရာမှာ သူ့အကြောင်းပဲ ခေါင်းထဲ ထည့်နေမိတာတော့ သူမလည်း မတတ်နိုင်။

အိမ်ပြန်ရောက်တော့ သူ့အခန်းဖက်မှ ညော်နံ့တွေ လုံးခနဲသည်ဖက်သို့ ပျံ့လွင့်လာ၏။ အိမ်ရှေ့တံခါးကလည်း မပွင့်တပွင့်ဖွင့်လျက်သား။ ကောင်းတယ် ရှင့်ဘဝထဲကို ကျွန်မ တံခါးမရှိ ဓားမရှိ ဝင်လို့ရတာပေါ့နော်။

'အိမ်ရှင်တို့ ဝင်ခဲ့မယ်နော်'





အသံပေးရင်း အင်ကြင်းနီ အခန်းထဲသို့ ဝင်မိပြန်သည်။ ရှက်စရာတော့ကောင်းနေမှာပဲ။ ညက ခေါက်ဆွဲကြော်ပေးပြီး ယခု မနက်ကျတော့ နှင်းဆီပွင့်တွေ ပေးနေမိပြန်ပြီ။ အိုလေ သူ့ကိုပေးတာမှ မဟုတ်တာ။ သူ့ဘုရားပန်းအိုးနှင့် အလှပန်းအိုးမှာ ပန်းတုတွေ ဝင်းမူနေတာ မကြည့်ရက်လို့သာဖြစ်သည်။

ဦးဆူးပွင့်ရေ ပန်းအတုဆိုတာ ဘယ်လောက်ပဲလှလှ ဘယ်မှာရနံ့ရှိမှာလဲ၊ ဘယ်မှာပန်းပီသမှာလဲ။ သဘာဝကို လွန်ဆန်ဖို့မရပါဘူးနော်။

ငရုတ်သီးဆီသတ်နံ့တွေ မွှန်ထူနေသည့် မီးဖိုထဲမှာ သူကြားပုံမရ။ အင်ကြင်းနီ ကိုယ့်ဘာသာပဲ သူ့ဘုရားပန်းအိုးနှင့် အလှပန်းအိုးကို ဝင်ယူလိုက်ပြီး အိမ်ဖက်သို့ပြန်ခဲ့၏။ ပန်းလဲပြီးမှ ပန်းအိုးများကို ပြန်ပို့မည်။

ဝယ်လာသည့် အဝါရောင်နှင်းဆီဖူးလေးများကို ကျောက်စက်စိမ်းများဖြင့် လှပမွေးမြူစေပြီးနောက် ဖန်ပန်းအိုးလေးများကို ကိုင်ပြီး အင်ကြင်းနီ ပြန်လာခဲ့၏။ ဦးဆူးပွင့်ကို သူ့အိမ်ဧည့်ခန်း အလယ်မှာ အံ့သြစွာရပ်ကြည့်နေတာတွေ့ရသည်။

'ကျောင်းမသွားဘူးလား'

'သွားမှာ၊ သွားတော့မယ်၊ ရော့…ဦးဆူးပွင့်ရဲ့ပန်းအိုးတွေ'

'ဟို… ပန်းဖိုး ဘယ်လောက်'



www.burmeseclassic.com

www.burmeseclassic.com



'ရတယ်၊ ကျွန်မဝယ်ပေးပါရစေ'

'မဟုတ်တာ၊ ဟိုဒင်း…'

'ဟုတ်ပါတယ်၊ မဟိုဒင်းပါနဲ့'

ဆည်းလည်းသံလေးနှယ် ရယ်ချင်လာစိတ်ကို သူမထိန်းချုပ်ပြီး သူ့အခန်းမှ ပြန်ထွက်လာခဲ့သည်။

သူရော ရုံးသွားမှာလား ဘာတွေလုပ်သလဲ။ အင်ကြင်းနီ မစပ်စုလိုပါ။ သူမ ခေါင်းထဲမှာ ဒါတွေမရှိ။ သူဟာ ကဗျာဆရာကြီးတစ်ယောက် ဖြစ်နေတာနှင့်ပင် လုံလောက်ပြီဖြစ်သည်။

အင်ကြင်းနီ ကျောင်းသွားဖို့အတွက် ကျောင်းဝတ်စုံလဲလှယ်လိုက်သည်။ ရင်စေ့လက်ရှည်အဖြူလေးနှင့် လုံချည်စိမ်းက သူမ၏ ကိုယ်လုံးအလှကို ပေါ်စေ၏။ စက်ဘီးနှင့် ကျောင်းသွားရမည်မို့ နံနက်ကိုးနာရီမထိုးမီ ကျောင်းကိုရောက်ပါသည်။

အင်ကြင်းနီ အခန်းပြင်သို့ထွက်လာတော့ ဦးဆူးပွင့်ကို သူ့အခန်းအပြင်မှာရပ်လျက် တွေ့ရ၏။

'ကျွန်မ ကျောင်းသွားပါဦးမယ်၊ ကျွန်မက ညနေကျောင်းပြန်ရင်ဈေးဝင်ဝယ်နေကျပါ။ ဦးဆူးပွင့်အတွက် ဘာဝယ်ပေးလာရမလဲ'

အင်ကြင်းနီ သူ့အတွက် အလုပ်တွေလုပ်ပေးချင်မိသည်။ စေတနာတွေ ရေစီးကမ်းပြိုနေပါပေါ့လား။ အို… ကိုယ့်အတွက်





ဈေးဝယ်ရင်း ဝယ်လာပေးရတာ အပန်းမကြီးပါဘူးနော်။

ကျွန်မကို အထင်မသေးလိုက်ပါနဲ့ ဦးဆူးပွင့်ရယ်။

'ရတယ် ဆရာမ၊ ကျွန်တော့်ဘာသာ ဖြစ်သလိုစားလိုက်ပါ့မယ်'

'မဟုတ်ဘူးလေ အားမနာပါနဲ့။ ကျွန်မအတွက် ဈေးဝယ်ရင်းဝယ်လာပေးမှာပါ။ ပြီးတော့ ကျွန်မက ဈေးဝယ်တာ အရမ်းဝါသနာပါတာ'

အင်ကြင်းနီ ချော့မော့ပြောနေမိလေသလား။

ဦးဆူးပွင့် ကြည့်ရတာလည်း အရမ်းအားနာနေပုံရသောကြောင့်ဖြစ်သည်။

'ရပါတယ် ဆရာမရယ်၊ ဝယ်မပေးပါနဲ့၊ နေပါစေ'

'ကျွန်မကို မယုံလို့လားရှင်၊ ဝယ်တဲ့ဆိုင်တွေက ဘောက်ချာ တောင်းလာခဲ့မယ်လေ'

ဘယ်လိုပဲပြောပြော သူကတော့ မျက်နှာကြီးနီနီနှင့် အားနာငြင်းဆန်နေခဲ့သည်။ ချော့ချော့မော့မော့၊ ညွတ်ညွတ်ပျောင်းပျောင်းပြောနေတဲ့ ကျွန်မကိုရော အားနာဖို့ သတိမရတော့ဘူးလား ဦးဆူးပွင့်ရယ်။

'နေပါစေ၊ ရပါတယ်'

အင်ကြင်းနီ ရင်ထဲမှာ နာကျင်ကြေကွဲသွားသည်။ သူမ



www.burmeseclassic.com

www.burmeseclassic.com



သူ့အမူတော်ကို ဘယ်လိုပဲ ထမ်းဆောင်ပေးလိုသည်ဖြစ်စေ သူက လက်မခံဘူးနော်။

ဘယ်လိုလူကြီးလဲ ဦးဆူးပွင့်ရယ်။

❖ ❖ ❖

သူဟာ မိန်းကလေးတွေနဲ့ မရောတတ်ဘူး။

သူဟာ ဣန္ဒြေကြီးမားလှတယ်။ သူဟာ ကိုယ်ထင်ရင် ခုတင်ရွှေနန်းပေမို့ သူစိမ်းကားလှသည်ကိုပဲ အင်ကြင်းနီ အမှတ်တွေ ပေးနေမိပြန်သည်။

လူတိုင်း လူတိုင်းဟာ မိမိရဲ့စိတ်ကြောင့်ပဲ ဒုက္ခတွေရောက်ကြရတယ်။ အဲဒီစိတ်ကြောင့်ပဲ လူတွေ ရူးသွပ်ကြ၊ ပျော်ရွှင်ကြ၊ စိတ်ညစ်ကြရသတဲ့။

ကိုယ့်စိတ်ကိုအောင်နိုင်ခြင်းဟာ ကြီးစွာသောအောင်မြင်မှု ဖြစ်သည်။ သို့သော် အင်ကြင်းနီ ကိုယ့်စိတ်ကိုယ် အစိုးမရချင်တော့။

အချစ်ယစ်ဗိပလ္လင်မှာ ကိုယ့်နှလုံးသားကိုယ် မီးလောင်တိုက် သွင်းဖို့ မီးခတ်ကျောက်များကို စတင်ပွတ်ခတ်သူဟာလည်း သူမ ပင် ဖြစ်လို့နေသည်။

အင်ကြင်းနီ ညစာချက်ပြုတ်နေဆဲ သူ့အခန်းဖက်မှ အိုး ပြုတ်ကျသံကြားလိုက်ရသည်။





သူမ ချောင်းကြည့်ပေါက်မှ ထကြည့်လိုက်၏။

အို သူ့ဟင်းအိုးကို ကြောင်ဖွင့်စားနေပါလား။ ဒုက္ခပါပဲ။ သူ ဒီညစာ ဘာနဲ့စားပါ့မလဲ။ အင်ကြင်းနီမှာ သူ့ဟင်းအိုးမှောက်တာ ကို ကိုယ့်ဟင်းအိုးမှောက်သလို ခံစားနေရသည်။

ဒုက္ခပါပဲ။ သူမကလည်း ဒီနေ့မှ ဟင်းကမကောင်း။ မနက်က နှင်းဆီပန်းဖိုးအတော်ထိသွားသဖြင့် ဘဲဥနှင့် အာလူး၊ ချဉ်ရည်ဟင်းပဲ ချက်စားမိခဲ့သည်။ အခါတိုင်းလို ဟင်းသီးဟင်းရွက် တွေ မကြော်ဖြစ်။ ဘာပဲဖြစ်ဖြစ် သူ့ကို ဘဲဥပေးလိုက်ပြီး သူမက တော့ အာလူးပဲ စားလိုက်ပါတော့မည်။

လူတစ်ယောက်က လူတစ်ယောက်အတွက် အသေးစိတ် စိုးရိမ်ပူပန်နေတာက သံယောဇဉ်လား၊ မေတ္တာစေတနာဆိုတာလား။ အင်း သူမ ဘယ်လိုမှ မခွဲခြားတတ်ခဲ့တာ ညံ့လို့ပဲဖြစ်မည်။

အင်ကြင်းနီ သူပြန်လာမည့်လမ်းမဆီ မှန်းမျှော်ကြည့်မိပြန် သည်။ စန္ဒာကိုတော့ ပြန်မလာသေး။ သူ့စာသင်ဝိုင်းများက ညနေ ဘက်ဖြစ်သည်။ လမ်းတွေပေါ်မှာ တောက်ပသော မိသားစုများနှင့် အတူ လက်လုပ်စားအလုပ်သမားများက ဒွေးရောယှက်တင် သွား လာနေကြစမြဲ။

ကျန်းမာရေးအတွက် မြစ်ကမ်းပါးမှာ လမ်းလျှောက်ရင်း လေရှူနေကြသူများရှိသလို ဝမ်းရေးအတွက် အစာအိမ်မပြည့်နိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



သူများလည်းရှိသည်။ ကမ္ဘာကြီးက နေရာတကာမှာ ဆန့်ကျင်ဖက် အရာတို့ဖြင့် ပူးပေါင်းချီတက်နေတာပါပဲ။

အင်ကြင်းနီမှာ အိမ်အလုပ်များပြီးသည့်အပြင် ရေလည်း ချိုးပြီးပြီမို့ အိမ်ရှေ့ခန်းမှာ စာအုပ်ဖတ်နေလိုက်သည်။ သူငယ်ချင်း တစ်ယောက်ဆီက ငှားထားတဲ့ 'တောင်သမန်ရွှေအင်း' ကို ရင်နှင့် ခံစားပြီး ဖတ်ရှုနေမိသည်။

အင်း… သူ့ဆီမှာလည်း စာအုပ်ကောင်းတွေရှိမှာပဲ။ လူတစ်ယောက်ဆီ ဘယ်လိုခင်မင်မှုမျိုးတွေထိရှိမှ စာအုပ်ငှားခွင့် ရမှာလဲ။ သို့သော် ထိုသို့သောရင်းနှီးမှုမျိုးကို အင်ကြင်းနီ မဖန်တီး ချင်ပါ။ အလိုအလျောက်စီးဆင်းမှုမျိုးကိုပဲ လိုချင်မိသည်။

လမ်းမပေါ်မှာ မီးပွင့်တွေ လင်းလက်လာသည်အထိ ဦးဆူးပွင့် ပြန်မလာသေး။ သူ့အလုပ်တွေ အရမ်းများနေသလား ကွယ်။ ဒါမှမဟုတ် သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ပြီးတစ်ဆိုင်ပြောင်းထိုင်ပြီး အာပေါင်အာရင်းသန်သန်နဲ့ ငြင်းခုံနေ လေသလား။

အင်းလေ ဦးဆူးပွင့်အတွက်တော့ သူ့ကို နေကြာပန်းလေး တစ်ပွင့်လို အမြဲမျှော်နေခင်မင်တွယ်ချင်နေတဲ့ ကောင်မလေးတစ် ယောက် ဒီကမ္ဘာမြေပြင်မှာ ရှိနေတယ်ဆိုတဲ့အကြောင်း သူဘယ် သိရှာမလဲ။





အင်ကြင်းနီ သူ့ကို ခင်ချင်တာ စာအုပ်ငှားဖို့သက်သက် မဟုတ်ပါ။ သူမရဲ့ဘဝတစ်ခုလုံးအတွက် သူ့ကို ဆရာတင်ပြီး သူ့စေစားရာမှာ ပျော်ဝင်ညွတ်ပျောင်းနေချင်မိတာတော့ အင်ကြင်းနီ မတတ်နိုင်ပါ။

သူ့အသွင်က အေးစက်တည်ငြိမ်နေသည့် ကန်ရေပြင်ကြီး နှယ် အသိရခက်ပေမယ့် အဲသည့်ကန်ရေပြင်ကြီးရဲ့ ရင်ဘတ်ထဲမှာ ကြင်နာတတ်သော နှလုံးသားတစ်စုံရှိနေမယ်လို့ ယုံမှတ်နေမိတာ လည်း အင်ကြင်းနီရဲ့ ညံ့ဖျင်းချက်တစ်ခုပေပဲလား။

စာအုပ်ထဲမှာ စိတ်ဝင်စားရင်း၊ သူ့အကြောင်းတွေ အတွေး ကွန်ယက်ဖြန့်ရင်း သူ့ကိုစောင့်ကြိုနေမိတာ တစ်ရံမလပ်ဖြစ်ပေမယ့် တကယ် သူပြန်လာတော့လည်း အင်ကြင်းနီ မသိပြန်ချေ။ သူမရဲ့ မျက်စိရှေ့သို့ မဂ္ဂဇင်းလေးတစ်အုပ်ထိုးပေးလာမှ အလန့်တကြား မော့ကြည့်လိုက်တော့ အင်ကြင်းနီရဲ့ နတ်ဒေဝတာ ဖြစ်လို့နေသည်။ အို… သူ ဘယ်အချိန် ဘယ်လို ပြန်ရောက်လာပါလိမ့်ကွယ်။

နူးညံ့သောမျက်နှာဖြင့် အင်ကြင်းနီကို ငုံ့ကြည့်နေသော် လည်း 'နေကောင်းလား' 'ထမင်းစားပြီးပြီလား' စသည်ဖြင့် ပဋိ သန္ဓာရစကားတွေ သူမဆိုခဲ့။

သို့သော် သူ ကြင်နာတတ်မည်ဆိုတာ အင်ကြင်းနီ ယုံ ကြည်နေစမြဲ။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်… ကျွန်မဖို့ ဟုတ်လား'

'ဟုတ်တယ်၊ မင်းဖတ်ဖို့'

ဦးဆူးပွင့် သူ့အခန်းသို့ ချီတက်သွားတော့မှ အင်ကြင်းနီ စာအုပ်ကလေးကို ကမန်းကတန်း ဖွင့်ကြည့်မိသည်။

အလို သူ့ရဲ့ မေတ္တာလက်ဆောင်စာအုပ်လေးပါလား။ သူမ မာတိကာကို ကြည့်လိုက်၏။ သူ့ကဗျာပါတဲ့ စာအုပ်လေး ပါပဲ။ အိုကွယ်…

စာအုပ်ကလေးကို ရင်မှာပွေ့ရင်း အသည်းခိုက်မတတ် သူမ ကြည်နူးသွားမိလေသည်။ သူ့စာအုပ်ကလေးကို အမှတ်တမဲ့ အသွင်နှင့် ပေးခဲ့သော်လည်း ဒါဟာ အမှတ်တရဖြစ်သည်။

ဦးဆူးပွင့်ရဲ့ စေတနာကို အင်ကြင်းနီ တသိမ့်သိမ့် ခံစား ကြည်နူးနေမိသည်။ ကိုယ်လည်း ကဗျာရေးသူတစ်ဦးပါပဲ။ ကိုယ့်ကဗျာပါတဲ့ စာအုပ်လေးများဆို စိန်ထုပ်၊ ရွှေထုပ်ထက်ပင် မြတ်နိုးလှသည် မဟုတ်ပါလား။

ဘယ်လိုလူကြီးလဲ ဦးဆူးပွင့်ရယ်။

ရှင်ဟာ အပြင်ကစိမ်းပြီး အထဲကချိုတဲ့ ဖရဲသီးတစ်လုံး လိုပါပဲ။

တစ်ဖက်ခန်းမှာ သူ့ ဟင်းအိုးဖွင့်ကြည့်ပြီး စိတ်ပျက်နေ တော့ အင်ကြင်းနီ ဘဲဥချဉ်ရည်ဟင်း သွားပေးလိုက်သည်။ သည်လို





တော့လည်း သူက 'နေပါစေ' တွေဘာတွေ မဆို။ ခပ်တည်တည် ပဲ ယူထားဖော်ရသည်။

ဒါဆို ကျွန်မတို့ သိပ်ခင်သွားကြပြီပေါ့နော်။

အင်ကြင်းနီ ကိုယ်လိုရာဆွဲတွေးနေမိသည်။ အားမနာဘူး ဆိုတာ ရင်းနှီးတဲ့မိတ်ဆွေတွေမို့ပေါ့။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

စာမေးပွဲတွေ ပြီးဆုံးသွားပေမယ့် အင်ကြင်းနီတို့ အိမ်မပြန်ကြရသေး။ ရပ်ဝေးသမားတွေမို့ အဖြေလွှာတွေ စစ်ပေးခဲ့ကြရမည်။

ကဗျာဆရာများကို ခေါက်ဆွဲကြော်ကျွေးပြီး မြစ်ဆိပ်မှ ပြန်လာပြီးနောက် ဦးဆူးပွင့်နှင့် အင်ကြင်းနီ၏ ဆက်ဆံရေးက တိုးတက်မလာချေ။ ဘာဖြစ်လို့လဲ ဦးဆူးပွင့်ရယ်၊ ရှင်ဟာ သားရေပင်ကြီး တစ်ပင်လိုပါပဲ။ ဘယ်လောက်ပဲ ကျွန်မက ရှည်အောင်ဆွဲဆန့်ဆန့် လက်ကလွှတ်လိုက်တာနဲ့ ပြန်ရှုန်းသွားတော့တာပါပဲနော်။

သူမတို့ နှစ်ယောက်ကြားမှာ ဘယ်အရာတွေက ဆီးတားထားသလဲ။ အရာအားလုံးကို ကျော်ဖြတ်ချင်ပါရဲ့ကွယ်။ သို့သော် အင်ကြင်းနီဆိုတာ ယဉ်ကျေးသော မြန်မာမလေး တစ်ယောက်သာဖြစ်သည်မို့ သူ့ သဘောထား အတိုင်းပဲ သူမ နေပေးလိုက်ပါသည်။





အရေးမစိုက်သလိုလိုနဲ့ တိတ်တခိုး ဂရုစိုက်တတ်၊ ကြင်နာတတ်သည့် ရေခဲတုံးကြီးကို အင်ကြင်းနီ ကြည့်နေလိုက်ပါမည်။

ရေခဲတုံးကြီးရယ် ရှင့်ရင်ထဲမှာ ကျွန်မအတွက် မီးလျှံတွေ ဘယ်တော့မှ ဖြစ်မလာပါစေနဲ့လို့ ဆုတောင်းလိုက်ပါတယ်။

အင်ကြင်းနီ လမ်းမပေါ်သို့ ငေးကြည့်နေမိသည်။ ဘုရားပွဲပေါ်များလှသည့် စစ်ကိုင်းမြို့ရဲ့ ထုံးစံအတိုင်း လမ်းပေါ်မှာ ဘုရားပွဲသွားလာကြသူများဖြင့် စည်ကားလျှက်ရှိသည်။

သူမ ငေးကြည့်နေဆဲ နောက်ဖက်မှ စန္ဒာကို၏ အသံကြားလိုက်ရသည်။ သူမ လှည့်ကြည့်တော့ စန္ဒာကိုအား လှပဖွေးမြစွာ တွေ့ရလေသည်။

'အင်ကြင်းရေ ငါတို့ ဘုရားပွဲ သွားရအောင်'

'ဘုရားပွဲက ဘယ်မှာလဲ ငါးထပ်ကြီးလား၊ ကောင်းမှုတော်မှာလား'

'အဲဒီလောက်မဝေးပါဘူး၊ တကောင်းရပ်မှာ သွားကြမယ်ဟာ'

ပွဲလမ်းသဘင်ကို သိပ်ပြီးဝါသနာမပါလှသော်လည်း ကျောင်းပိတ်ခါနီးမှာ စန္ဒာကို ကိုလိုက်လျောချင်သဖြင့် အင်ကြင်းနီ ပွဲသွားဖို့ သဘောတူလိုက်သည်။

'ဓာတ်ဟာ… ဘဲလေးစိမ်းတို့'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို မမိုက်ပါဘူး၊ မန္တာလေးသိန်းခဲ့ဆို တော်သေး'

'နှင့် သိန်းဇော်က ဒီပွဲမျိုး ဘယ်ဆင်းမလဲ'

'လာပါတယ်နော်၊ သူ့ခမျာ အားရက်မရှိလို့ပါ'

သူမတို့ နှစ်ယောက် နွေးထွေးစွာ ဆက်ဆံနေဖြစ်ကြပါပြီ။ တကယ်ဆို လူ့ဘဝဆိုတာ တိုတိုလေးပဲ ဖြစ်သည်။ လူသားတွေ အားလုံးအဆင်ပြေ ညီညွတ်နေကြတာပဲ ကောင်းမည်။

ပွဲသွားဖို့အတွက် အင်ကြင်းနီ ယုန်မွေးအင်္ကျီ ခေါင်းစွပ်အဝါ ဇလေး ထပ်ဝတ်လိုက်သည်။ သိုးမွေးဦးထုပ်ကိုလည်း ကောက် ဆောင်းသည်။ လုံချည်တွေက မနွေးထွေးသည်မို့ စကိုင်ဘောင်းဘီ အညိုကို ဝတ်လိုက်တော့ အင်ကြင်းနီ တစ်ကိုယ်လုံး လုံခြုံနွေးထွေး သွားလေ၏။

စန္ဒာကို့ ပုံစံလည်း ကြည့်ပါဦး။ ဒီလောက် ချမ်းအေးသည့် တပေါင်းညထဲမှာ ပိုးဂါဝန်လှလှလေးက လက်မောင်းဖွေးဖွေး လေးများပေါ်နေ၏။

သူမ မွန်ရိုးအကြောင်း ဆောင်းပါးတစ်ပုဒ်ကို သွားသတိရ မိသည်။ ရှေ့တန်းစစ်မျက်နှာပြင်မှ စစ်သားတွေကို သွားရောက်ဖြေ ဖျော်ရတဲ့အခါ ချမ်းအေးလှတဲ့ ရာသီထဲ မလုံ့တလုံ့လေးဝတ်ပြီး ထွက်ခဲ့ရသည် ဆိုတဲ့အကြောင်း ဖြစ်သည်။

'စန္ဒာ တော်ကြာ လေဖြတ်နေဦးမယ်နော်။ ဘာလဲ ရှင့်





လူကြီးနဲ့ တွေ့ဦးမှာလား'

'အဟဲ... ရပါတယ်၊ ငါ အနွေးထည် ယူသွားမှာပါ။ သိပ်ချမ်းမှ ထပ်ဝတ်မယ်လေ'

စန္ဒာကို၏ အမျိုးသားက ဆောက်လုပ်ရေးအင်ဂျင်နီယာ တစ်ဦးဖြစ်သည်။

'ကဲလာ... သွားကြစို့'

'ငါတို့ နှစ်ယောက်ထဲဟာ၊ ဦးဆူးပွင့်ကို ခေါ်သွားရရင် မကောင်းဘူးလား'

အင်ကြင်းနီ ခွင့်တောင်းမိသော်လည်း သူကတော့ လိုက် ချင်ပါ့မလားမသိ။ အိမ်တောင် ပြန်မရောက်သေး။

'ကိစ္စမရှိဘူး၊ ကိုဦး စောင့်နေလိမ့်မယ်'

စန္ဒာကို၏ စကားကြောင့် အင်ကြင်းနီ စိတ်ညစ်သွား သည်။ သူတို့ နှစ်ယောက်ကြားမှာ သူမက ဘယ်လိုနေရပါ့မလဲ။

'ဒါဆိုလည်း ရှင်တို့ဘာသာ သွားပါလား၊ ကိုယ်ပါရင် ရှုပ်နေမှာပေါ့'

'မရှုပ်ပါဘူး၊ တို့ အခြေအနေက မပွင့်တပွင့်ပဲရှိသေးလို့ပါ'

'အဲ... ရှင် ပွင့်သွားတော့ ကျွန်မက ဘယ်လိုနေရမလဲ'

'မပွင့်သေးပါဘူးဟာ၊ လိုက်မှာသာ လိုက်ခဲ့စမ်းပါ၊ ရှင့် ကျလည်း ကျွန်မ ကူညီပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အင်ကြင်းနီနှင့် စန္ဒာကို အိမ်မှထွက်ခဲ့ကြသည်။ အိမ်ပေါက်ဝ လမ်းမပေါ်မှာ ဦးဆူးပွင့် ပြန်လာတာကို သူမတို့တွေ့လိုက်ကြရ၏။

'ဘယ်လဲ...'

'ဘုရားပွဲကိုပါ'

နှုတ်ဆက်ဖော်တော့ရပါသည်။ ဒါ တိုးတက်မှုပေါ့။ သို့သော် သူ မျက်မှောင်ကြီး ကျုံ့ကျန်ခဲ့တာတော့ ရယ်ချင်စရာ။ မိန်းကလေး နှစ်ယောက်ထဲ ပွဲသွားမှာမကြိုက်ရင်လည်း ရှင် လိုက်ပို့ပေါ့ ဦးဆူးပွင့်ရယ်။ ဒါမှမဟုတ် ကျွန်မကို တရားဝင် တားဆီးလိုက်ပေါ့နော်။ ယခုတော့ မျက်နှာကြီး ရှစ်ခေါက်ချိုးနှင့် သူ ကျန်ခဲ့သည်။

❖ ❖ ❖

ဘုရားပွဲသို့မရောက်မီ လမ်းမှာပင် စန္ဒာကို၏ ဦးခင်ဇော်ဦး ကို တွေ့လိုက်ရသည်။ သူတို့ ချိန်းထားတာနေမှာပေါ့။ သွယ်သွယ် လျလျ ဦးခင်ဇော်ဦးကလည်း မင်းသားရှူးမတတ် ပြင်ဆင်ထားခဲ့ သည်။ အင်ကြင်းနီ ဦးခင်ဇော်ဦးကို ကြည့်ပြီး တိတ်တခိုးနှာခေါင်း ရှုံ့နေမိ၏။ သူမကတော့ ယောကျ်ားဆိုလျှင် ယောကျ်ားပီပီသသ ခန့်ခန့်ညားညားကိုပဲ ကြည့်လို့ရသည်။ ယောကျ်ားတန်မဲ့ မွေးမြ၊ နုလှနေတာမျိုးဆို သဘောမကျ။ သို့သော် လူတစ်ယောက်လျှင်





အကြိုက်ကလည်း အမျိုးမျိုး ရှိလိမ့်မည်။

သူမတို့ သုံးယောက်သား ဘုရားပွဲသို့ ဆက်လက်လျှောက် သွားကြ၏။ စန္ဒာကိုနှင့် ဦးခင်ဇော်ဦးက မင်းသားနှင့် မင်းသမီးနှယ် တူညီစွာ လှပနေရသည့်ကြားထဲ နှစ်ယောက်သား မျက်လုံးများနှင့် ချည်နှောင်နေတော့ အင်ကြင်းနီ အနေရကျပ်နေမိသည်။ ဒုက္ခပါပဲ။ ဆေးရိုးသည် ကန့်လန့်ဖြစ်နေပါပြီ။

သူတို့ နှစ်ယောက်က ရှေ့မှအတူ ယှဉ်တွဲလျှောက်ရင်း လေပြည်ညင်းနှယ် ရယ်မောနေကြတော့ အင်ကြင်းနီ အနေရခက်လှ သည်။ ဘယ်လိုလုပ်ရမှန်းကို သူမ မစဉ်းစားတတ်တော့။ ရှေ့က လျှောက်သွားနေလိုက်တာလည်း အပြေးတစ်ပိုင်း ဖြစ်တော့မည်။

မကြာမီ ဘုရားပွဲသို့ ရောက်သွားကြပြီး အင်ကြင်းနီတို့ သုံးယောက် မုန့်စားကြ၊ ဈေးတန်းတွေ လျှောက်ကြည့်ကြသည်။ အချိန်အနည်းငယ်ကြာသော် ကြည့်နေရင်းမှ စန္ဒာကိုတို့နှစ်ယောက် တဖြည်းဖြည်း ပွင့်လင်းသွားကြဟန်တူ၏။ နှစ်ယောက်သား အတူ ယှဉ်တွဲ လျှောက်နေရာမှ လက်ချင်းဆုပ်သည့် အဆင့်၊ ထို့နောက် ပုခုံးဖက်သည့် အဆင့်သို့ ရောက်ရှိသွားကြလေသည်။

ဩော်... ခေတ်ကာလသားသမီးများ မျက်လုံးချင်း၊ အသည်းချင်း ဖလှယ်တတ်ကြလွန်းပေရဲ့။ အင်ကြင်းနီ စိတ်အိုက်နေ မိဆဲ စန္ဒာကိုကလည်း သူမကို ရှုပ်သည်ထင်လာပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



'အင်ကြင်းရေ၊ ကိုယ်တို့ ဇာတ်ကြည့်ဦးမယ်၊ အဖော်တွေ့ရင် ပြန်နှင့်နော်။ အင်ကြင်းက ကိုယ့်ကိုအားနာလို့ လိုက်လာတာမဟုတ်လား'ဟုပြောပြီးကိုယ်တိုင်ပင် အဖော်ရှာပေးနေလေတော့၏။

'ဟော... ဟိုမှာ ကဗျာဆရာကြီး'

ဦးဆူးပွင့်၏ မှုန်ကုပ်ကုပ်ရုပ်ကို သည်တစ်ခါ စန္ဒာကိုအမြင်မကပ်တော့ပေ။ သူဟာ တကယ့် ကယ်တင်ရှင်ကြီး မြားနတ်မောင်ကြီးပါပဲ။ စန္ဒာကို လှမ်းခေါ်သည်ကြောင့် ဦးဆူးပွင့် သူမတို့ အနားသို့ ရောက်လာသည်။

'ဦးဆူးပွင့် ဘယ်တော့ပြန်မလဲ၊ ကျွန်မတို့က ပွဲကြည့်ကြဦးမှာမို့ အင်ကြင်းကို အားနာလို့ပါ။ သူက အိပ်ရေးပျက်ခံလို့ မရဘူး၊ အစကလည်း ကျွန်မကို အားနာလို့သာ သူလိုက်ခဲ့တာ ဦးဆူးပွင့်ပြန်ရင် ခေါ်သွားလိုက်ပါနော်'

စန္ဒာကိုက သူမကို အတင်းထိုးအပ်ခဲ့ပြီး နှစ်ယောက်သား ဇာတ်ပွဲရှိရာသို့ ထွက်ခွာသွားကြလေတော့သည်။ အင်ကြင်းနီ အားငယ်စွာ ကျန်ခဲ့ရပါ၏။ သူ ခေါ်ချင်ပုံရရဲ့လား။ ဦးဆူးပွင့်သည် တည်ငြိမ်သော ကန်ရေပြင်ကြီးနှယ် အသိရခက်သူလည်း ဖြစ်ပါသည်။

သူမ ဦးဆူးပွင့်ကို တိတ်တခိုး အကဲခတ်ရင်း မျက်နှာငယ်ဖြင့် မော့ကြည့်မိသည်။





'ဖြစ်ရဲ့လားဟင်၊ ကျွန်မကို ပြန်ပို့နိုင်ပါ့မလား။ ဟိုလေ... မပို့နိုင်ရင်လည်း ကျွန်မ...'

သို့သော် ဦးဆူးပွင့်က ဘာစကားမျှ ပြန်မပြောချေ။ အင်ကြင်းနီ၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ပြီး သူက ပွဲခင်းဘက်သို့ ဦးတည်လေ၏။ ပွဲခင်းဘက်မှာ အငြိမ့်ထွက်နေလေပြီ၊ အငြိမ့်က နာမည်ကြီး အငြိမ့်မို့ လူအုပ်ကြီးကလည်း များပြားလှပါဘိ။

ဦးဆူးပွင့် ကြည့်ရတာ အငြိမ့်ကြည့်ဦးမည် ထင်ပါသည်။ လူရွှင်တော်များကလည်း ရယ်ရ၊ ခေါင်းဆောင်မင်းသမီးကလည်း အကကောင်း၊ အဆိုကောင်း လှလည်းလှသဖြင့် အင်ကြင်းနီ ခေတ္တကြည့်ဖို့ စိတ်ကူးရသည်။ သူမတစ်ယောက်ထဲ ပြန်လို့မှမရတာလေ။

အင်ကြင်းနီတို့ နှစ်ယောက်သား အငြိမ့်စင်ရှိရာ ဘေးဖက်သို့ တိုးသွားမိကြသည်။ နောက်ဆုံးတော့ ထိုင်ကြည့်နေသူများ၏ အစပ်သို့ ရောက်ရှိသွားသဖြင့် အငြိမ့်စင်ကို ကောင်းစွာ ကြည့်ရှုခွင့်ရခဲ့၏။

သူမ၏ နောက်ဖက်မှာတော့ သူက အကာအကွယ်ပေးသည့်အနေဖြင့် ကပ်ရပ်နေခဲ့သည်။ မကြာမီ အငြိမ့်ကာရာသို့ စိတ်ပါလက်ပါ ဖြစ်သွားကြသဖြင့် အခြေအနေတွေကို သူမတို့ မေ့လျော့သွားကြ၏။

ဦးဆူးပွင့်က အင်ကြင်းနီထက် ခေါင်းတစ်လုံးလောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုမြင့်သည်မို့ သူ၏ မေးစေ့က သူမ၏ ဦးခေါင်းပေါ်သို့ တင်လာခဲ့သည်။ ဒါ တမင်လား၊ အမှတ်တမဲ့လား။

သူ့စိတ်တွေ အငြိမ့်ဆီသို့ ရာနှုန်းပြည့် ရောက်သွားသည့် အခါ သူ့ ရင်ခွင်မှ သူမကို အရုပ်ကြီးလို့ပဲ မှတ်ထင်လေသလား မသိ။ ဦးဆူးပွင့်၏ လက်များ သူမ၏ ပုခုံးကိုပိုက်ပွေ့လာခဲ့သည်။ သူ့ မေးစေ့ကလည်း သူမ ခေါင်းပေါ်မှာ တင်လျက်ဖြစ်သည်။

တပေါင်းလေအေးရဲ့ အောက်မှာ နွေးထွေးလုံခြုံမှုရနေပေမယ့် အင်ကြင်းနီ ရင်ထဲလှပ်ဟာလှိုက်မောလာခဲ့ရသည်။ ဘယ်လို ပုံစံကြီး ပါလိမ့်ကွယ်။ ကျွန်မတို့ဟာ သူစိမ်းတွေ မဟုတ်လား။ သူမ မနေတတ်ပါ။ မျက်ဝန်းမှာ မျက်ရည်တွေဝဲလာပြီး သူ့ကိုလည်း မော့ကြည့်တောင်းပန်နေမိသည်။

ဦးဆူးပွင့်ရယ် ကျွန်မ အသည်းကယ့်ယဲ့လေးရယ်၊ ဒီလိုတော့ မကျီစားလိုက်ပါနဲ့နော်။ ကျွန်မ ရှင့်ကို ကြောက်ပါတယ်။

ဦးဆူးပွင့်ကလည်း အင်ကြင်းနီကို နူးညံ့ညင်သာသော မျက်ဝန်းများဖြင့် ပြန်လည်ငုံ့ကြည့်ခဲ့လေသည်။

သူက ယောကျ်ားတစ်ယောက်ပေမို့ ကောင်မလေးတစ်ယောက်ကို ရင်ခွင်ထဲထည့်ထားရတာ ဘယ်လိုမှ နေမည် မဟုတ်။ အင်ကြင်းနီမှာဖြင့် ရိုးမငှက်ဖျားမိသလို မေးတဂတ်ဂတ် ရိုက်ချင်နေမိပါ၏။ တုန်ဟည်းဆူညံနေသော နှလုံးသားနရီစည်းသံများ





ကိုလည်း သူကြားသွားမှာ အင်ကြင်းနီ အင်မတန် စိုးပါသည်။

'ကျွန်မတို့ ပြန်ကြရအောင်နော်'

တုန်ယင်တိုးလျသော အသံပေမယ့် သူကြားနိုင်လောက်ပါသည်။ သူက လူအုပ်ကြီးကို ဒိုင်းကန်တိုးဝှေ့ အကာအကွယ်ပေးရင်း သူမကို လူအုပ်အပြင်သို့ ခေါ်ဆောင်လာခဲ့ပါ၏။

လူအုပ်ကြီးနှင့် လွတ်ကျွတ်သော အရပ်ရောက်တော့ ဦးဆူးပွင့်က သူမကို ညင်သာစွာ လွတ်ပေးလိုက်သည်။

'အို…'

အင်ကြင်းနီ ခြေမခိုင်တော့ပါ။ ပြိုင်မြင်းတစ်ကောင်လို သန်စွမ်းခဲ့သော ခြေထောက်များသည် သည်ကနေ့ ဘာဖြစ်ကုန်ကြပါလိမ့်။ ညွတ်ခွေယိုင်ထိုး သွားသည်ကြောင့် သူပင် လျှင်မြန်စွာ ဆီးထိန်းထားလိုက်ရသည်။ ဦးဆူးပွင့် အင်ကြင်းနီကို တစ်ယောက်တည်း လွှတ်မထားရက်တော့ချေ။ သန်စွမ်းမြဲမြံသည့် သူ့လက်ဖဝါးများဖြင့် သူမကို ဆုပ်ကိုင်ဖေးမရတော့သည်။

'ဟေး… ဝေး…'

ကလေးများ၏ ပျော်ရွှင်သံများ ထွက်ပေါ်လာရာသို့ အင်ကြင်းနီ လှမ်းကြည့်လိုက်သည်။ ရဟတ်စီးနေ ကြတာပါလား။ ရဟတ်ဝိုင်းအကြီးကြီးထဲမှာ ကလေးများသာမက လူကြီးများလည်း စီးနေကြပါ၏။ အို… ပျော်စရာကောင်းမှာပဲနော်။ တစ်ခါမျှဖူး



www.burmeseclassic.com

www.burmeseclassic.com



ဖူးသည့်မို့ အင်ကြင်းနီ အတွေ့အကြုံသစ်ကို ကြုံဖူးချင်မိသည်။

ယခုလို သူ့ထံပါးမှာ ဒူးညွတ်ရင်ခုန် နေမိတာတွေ ရဟတ်စီးလိုက်လျှင် ပျောက်သွားနိုင်ပါ၏။ ဝေဒနာတစ်ခုကို နောက်ဝေဒနာတစ်ခုနဲ့ ကုစားတိုက်ထုတ်ပစ် လိုက်မှာပေါ့နော်။ ရဟတ်က အမြင့်တော့ အမြင့်ကြီးပဲ။ သို့သော် ကလေးတွေတောင် စီးနေကြပါသည်။

မကြာမီ ရဟတ် တစ်ကြိမ်ရပ်သွားပြန်ပါ၏။ နောက်တစ်ကြိမ် လူစုပြီး လူပြည့်မှ တစ်ဖန်ပြန်စပေလိမ့်မည်။

'လာနော်... လာနော်၊ တစ်ယောက်မှ တစ်ရာ၊ တစ်ယောက်မှ တစ်ရာ။ တစ်ရာဖိုးနဲ့ ရင်ခုန်သံတွေ မြန်သွားစေရမယ်။ လာထား... လာထား...'

အင်ကြင်းနီ ဆုံးဖြတ်ချက်ချလိုက်ပြီး သူ့လက်များမှ ရုန်းဖြတ်ယူလိုက်သည်။

'ဦးဆူးပွင့် ကျွန်မ ရဟတ်စီးဦးမယ်'

သူက အင်ကြင်းနီကို အံ့သြစွာ ငုံ့ကြည့်ခဲ့သည်။

'ဖြစ်ပါ့မလား၊ စီးဖူးလို့လား တော်ကြာလိမ့်ကျနေလိမ့်မယ်'

'ရပါတယ်၊ ကျွန်မ ဖြစ်အောင်စီးမယ်၊ ဟို ကလေးတွေတောင် စီးနေကြတာ'





'မင်းတစ်ယောက်ထဲစီးမှာလား၊ ကိုယ်လိုက်ပေးရဦးမလား'

'ဟင့်အင်း... ရတယ်၊ ကျွန်မ ဘာသာစီးမယ်၊ ဦးဆူးပွင့်စောင့်နေပေးပေါ့နော်'

ဆူးပွင့် မတတ်သာတော့။ သူမကို ကလေးတစ်ယောက်သဖွယ် အလိုလိုက်ရတော့မည်။ သူ ရဟတ်ပေါ်သို့ အင်ကြင်းနီကို တင်ပေးလေသည်။ သူမဘေးမှာ ကလေးတွေချည်းမို့ အင်ကြင်းနီကို သူ စိတ်မချ။ သို့သော် ဘာတတ်နိုင်မှာတဲ့လဲ။ ဆော့လွန်းသည့် ကောင်မလေးကို စိတ်ပျက်စွာပဲ ကြည့်နေရသည်။

'ဖြစ်ရဲ့လား၊ ဘေးတန်းတွေ ကိုင်ထားနော်၊ တစ်ခါမှလည်း မစီးဖူးပဲနဲ့ကွာ၊ သိပ်ဆော့တာပဲ'

'ရပါတယ်'

မကြာမီ ပြည့်သည့်ခုံများကို အပေါ်သို့ လှည့်လှည့်တင်ပေးကြသဖြင့် အင်ကြင်းနီ တဖြည်းဖြည်း အမြင့်သို့ ရောက်သွားခဲ့သည်။

'အား...'

ရဟတ်ကဖြင့် လှည့်တောင်မလှည့်ရသေး။ သူမ ရင်တုန်လာခဲ့သည်။ ကြည့်စမ်း... လောကကြီးကို အပေါ်စီးက ကြည့်ရတာ အရသာသိပ်ရှိမယ်ထင်ခဲ့တာ၊ ယခုတော့ သည်လိုမဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လား။ အင်ကြင်းနီ ရင်တွေပိုတုန်လာခဲ့တော့သည်။ သူမ မျက်နှာငယ်လေးဖြင့် ဦးဆူးပွင့်ကို ငုံ့ကြည့်မိ၏။ သူမ ကြောက်နေပါပြီ ဟုတော့ ဝန်မခံလိုသေး။ တွေ့အကြုံသစ်မှာ သူမ ထိတ်လန့်သွေး ပျက်ရသည်ပင်ဖြစ်စေ ခံရတော့မှာပါပဲ။

အင်ကြင်းနီ၏ ရပ်က အားကိုးတကြီးအကူအညီလိုသည့် ပုံစံ သိပ်ပေါက်သွားသည်ထင့်။ ဦးဆူးပွင့်မှာ လက်ကာပြရင်း ရဟတ်လှည့်သူများကို ပိုက်ဆံထပ်ပေးပြီး မျောက်တစ်ကောင်လို ရဟတ်ပေါ်သို့ ဖက်တက်လာခဲ့သည်။ သူ အင်ကြင်းနီ ဘေးသို့ ဒွေ့ခနဲ ရောက်ရှိလာတော့ သူမ ပျော်သွားခဲ့တာ ပြောစရာ မရှိအောင် ဖြစ်သည်။ ယခုတော့ အင်ကြင်းနီတို့၏ နှစ်ခုံတွဲမှာ ရှေ့က ကလေး သုံးယောက်၊ သည်ဖက်မှာ သူမတို့ နှစ်ယောက်ဖြစ်သည်။

'ဘေးတန်းတွေ ကိုင်တားနော်'

'ဟုတ်...'

'မကြောက်နဲ့ သိလား ကိုယ်ရှိပြီ'

'ဟုတ်...'

အင်ကြင်းနီ ပြုံးရယ်လာသဖြင့် ဆူးပွင့် ကျေနပ်သွား၏။ ရဟတ်ပေါ်မှာ ဘေးခုံတန်းများကို တင်းကျပ်စွာ သူမ ကိုင်မိသည်။ သူကလည်း သူမ၏ ဘေးခုံတန်းကို ကိုင်ပေးခဲ့သည်။ ဤသို့ဖြင့် ရဟတ်တစ်ခုလုံး တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာကာ ခုံလွတ်မ





ကျန်တော့သည့်အခါ ရဟတ်ပေါ်မှာရှိသမျှ ကလေး၊ လူကြီးအားလုံး ပျော်ရွှင်ပေါ့ပါး နေလိုက်ကြလေသည်။ အင်ကြင်းနီ တစ်ယောက် သာ မျက်နှာဇီးရွက်မျှ ရှိတော့၏။

သူမ အရမ်းကို ကြောက်လာမိသည်။ ရဟတ်သမားတွေ ကိုပြောပြီး ပြန်ဆင်းရလျှင် ကောင်းမလား။ အင်ကြင်းနီ ချီတုံချတုံ ဖြစ်နေမိသည်။ မရဲဘဲ ကျွဲပြစီးတယ်ဆိုတာ ဒါမျိုးနေမှာပဲ။

'ရှိ...'

မကြာမီ အချက်ပေးခရာသံကြားလိုက်ရပြီး ရဟတ်ကြီး စတင်လည်တော့သည်။

'အမလေး...'

အင်ကြင်းနီ ရင်ထဲ ဘယ်လိုခံစားသွားရသည်ကို သူမ ဖော်ပြ မပြတတ်တော့။ တစ်ပတ်ပြီး တစ်ပတ် မြင့်လိုက်၊ နိမ့်လိုက်၊ တက်လိုက်၊ ဆင်းလိုက် ရဟတ်ကြီးက အရှိန်ပြင်းပြင်းဖြင့် တုန်ခါ လိုက်ဟည်းနေတော့ သူမ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားခဲ့လေ သည်။ သူမ ပြုတ်ကျတော့မှာလား၊ သူမ သေဆုံးတော့မှာလား အတွေးဖြင့် လူက ယောက်ယက်ခတ်ပြီး ကိုယ့်လက်များတောင် ကိုယ်မယုံကြည်နိုင်တော့အောင် ဖြစ်လာသည်။

'အင်ကြင်း ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး၊ မျက်စိဖွင့် ထား ဖွင့်ကွာ၊ ဖွင့်လိုက်...'



www.burmeseclassic.com

www.burmeseclassic.com



ဦးဆူးပွင့်က သူမကို ဖက်ထိန်းထားသည့်အခါ သူမ သူ့ကို အတင်းဖက်တွယ်ထားမိလေတော့၏။

'အား… ကြောက်တယ်'

'ဟာကွာ… ဘာမှမဖြစ်ပါဘူး၊ ကိုယ်ရှိတယ်လေ'

သူ အင်ကြင်းနီကို တင်းကျပ်စွာ ပွေ့ဖက်ထားရသည်။ လောလောဆည် အကြောက်တရားတွေပဲ စိုးမိုးနေသည်မို့ သူမက လည်း ရှက်ဖို့သတိမရချေ။ ရဟတ်ကြီးကလည်း သဘောကောင်း စွာ အပတ်ပေါင်း မရေတွက်နိုင်အောင် လှည့်ပေးနေလေသလား။ အင်ကြင်းနီတို့ ရှေ့မှ ကရလေးများကတော့ ကောင်းကောင်းလှောင် ပြောင် ရယ်မောနေလေသည်။

'မျက်စိဖွင့်ထား၊ ဒါဆို မမူးတော့ဘူး'

ဦးဆူးပွင့်၏ အကြံပေးချက်အတိုင်း အင်ကြင်းနီ မျက်စိဖွင့် လိုက်တော့မှ ရင်တုန်တာတွေ သက်သာရာရသွားခဲ့သည်။

လောကကြီးဟာ မျက်စိဖွင့်ပြီး ရင်ဆိုင်တော့လည်း ထင် သလောက်မဆိုးပါလား။

ပြီး… သူ ရှိနေတာပဲနော်။ အရာအားလုံးကို ရင်ဆိုင်ရဲပါ သည်။

မကြာမီ ရဟတ်ကြီး ရပ်သွားပါလေ၏။ သူက အင်ကြင်းနီ ကို ကြင်နာစွာ အောက်သို့ဖေးမချပေးခဲ့ပါသည်။





'စီးဦးမလား…'

'ဟင့်အင်း…'

တပေါင်းလေပြည်ညင်းမှာ သူ့ ရယ်သံက ဆည်းလည်း ခတ်သံနှယ်။ တစ်ခါမျှ သူ့ ရယ်သံမကြားဘူးရသည့်အတွက် သူ့ ရယ်သံလေးက အံ့သြဖွယ် ချိုမြိန်နေခဲ့သည်။ အို… ကမ္ဘာကြီး တစ်ခုလုံး ပန်းတွေပွင့်ဖူးကုန်ကြတာ ဘာကြောင့်ပါလိမ့်။ ကောင်းကင် မှာလည်း လအစင်းပေါင်းများစွာ သာနေသလို ထင်မိသည်။

တုန်ယင်လိုက်မောနေသော သူမ အသွင်က ဘယ်လိုမှ လည်း ထိန်းချုပ်မရ။ သူမ အခြေအနေမကောင်းတာ သူ သိသွား လျှင်ဖြင့် ဒုက္ခပါပဲ။

သို့သော် သူက မသိကျိုးကျွံဆောင်နေပေးသဖြင့် တော်ပါ သေးသည်။

အင်ကြင်းနီတို့ နှစ်ယောက် တိတ်ဆိတ်သော မြို့ထဲလမ်းမ များပေါ်မှာ လက်ချင်းတွဲပြီး လျှောက်လှမ်းနေမိကြသည်။

ဒါဟာ အိမ်အပြန်ခရီးလား၊ သည်လိုပဲ သံသရာဆုံးအောင် ခရီးအတူသွားလိုက်ချင်စိတ်များ အင်ကြင်းနီ ရင်ထဲပေါ်ပေါက်နေမိ သည်။

ဦးဆူးပွင့်ရယ်၊ အေးစက်တဲ့ ရှင့် နှလုံးသားများဟာ သံ ကျောက်ခဲလိုပဲ သိပ်ပြီးတင်းမာနေတာ ဖြစ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမ တိတ်ဆိတ်စွာ မျက်ရည်ကျနေမိပြန်သည်။

ချစ်ခြင်းကြောင့်ဖြစ်ရတဲ့ ဆင်းရဲဟာ ဆောင်းနှင်းပွင့်တွေလို ပဲ ကမ္ဘာလောကကို မျက်ရည်များနှင့် စွတ်စိုစေလိမ့်မည်။

အတန်ကြာသော် သူမတို့ အိမ်ကလေးသို့ ပြန်ရောက်လာ ကြ၏။ လမင်းက ပြည့်ဝစွာသာနေပေမယ့် သစ်ရိပ်တချို့ကြောင့် အိမ်ကလေးရှေ့မှာ အုံ့မှောင်နေရသည်။

သူမ အိမ်ပေါ်သို့ တက်တော့မည်။ တစ်ခရီးလုံး မြဲမြံတင်း ကျပ်စွာ ဆုပ်ကိုင်လာသည့် သူ့လက်များကို အင်ကြင်းနီ နှမြောတသ စွာ ဖြုတ်ချလိုက်ရ၏။

'ကျွန်မ သွားတော့မယ်'

'အင်ကြင်း…'

မထင်မှတ်နိုင်စရာ၊ အံ့သြစရာပါပဲ။ ဦးဆူးပွင့်က သူမကို တင်းကျပ်စွာ ပွေ့ဖက်လိုက်ပြီး မျက်ရည်များနှင့် ရှိုက်နမ်းနေခဲ့ သည်မှာ…

'အို…'

သူမ အံ့သြလိုက်ပါဘိ။

ကျွန်မကို ချစ်တယ်လို့ အရင်ပြောပါဦးလား ချစ်သူရယ်၊ ကျွန်မက နှံ့အလှပါတယ်။

'ကျွန်မ သွားတော့မယ်'





သူ့ လက်များကို ဖြေလျှော့ပြီး သူမ အိမ်ပေါ်သို့ တက်ခဲ့ တော့ ဦးဆူးပွင့်က ငေးကြည့်ကျန်ခဲ့သည်သာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ပရမ်းပတာ ရင်ခုန်မှုကြောင့် တစ်ညလုံးအိပ်မရသော်လည်း အင်ကြင်းနီ၏ မျက်စိတွေက အကျင့်ဖြစ်နေသဖြင့် နံနက်ခြောက်နာရီမှာ နိုးသွားခဲ့သည်။

သူ ဘယ်လိုနေမလဲ။

ချောင်းကြည့်ပေါက်လေးမှ ချောင်းကြည့် စုံစမ်းရမှာ အင်ကြင်းနီ ရှက်ရွံ့နေမိသည်။ တော်ပြီ၊ မကြည့်တော့ဘူး။

သူမ ရေမိုးချိုးပြီး လှပစွာပြင်ဆင်နေမိသည်။ မိန်းမသားစိတ်ဆိုတာ ချစ်သူ့ရှေ့မှာ လှချင်ကြတာချည်းပင်။

မှန်ရှေ့မှာ ကိုယ့်မျက်နှာကို ကြည့်မိပြန်တော့ ပန်းကလေးတစ်ပွင့်လို ချစ်သူရှိက်နမ်းခဲ့သည့် ပါးပြင်ကလေးက သူမကို ရှက်ရွံ့ရှိန်းမြစေပြန်သည်။





ချစ်သူရယ် ရှင့်ရဲ့ ကဗျာရေးတဲ့ လက်ကလေးများကို ကျွန်မ အသက်တမျှ မြတ်နိုးလှပါတယ်။

ကျောင်းပိတ်ရက်များမို့ အင်ကြင်းနီ ဈေးကို အေးဆေးစွာ သွားလို့ရသည်။ ချစ်သူ ကြိုက်နှစ်သက်မည့် ဟင်းကလေးများကို ချက်ကျွေးမည်။ နရသီဟပတေ့ရဲ့ ထမင်းပွဲလို ဟင်းခွက်တစ်ရာ လောက်တော့ သူမ မတတ်နိုင်ပါ။ ဒါပေမယ့် ဟင်း လေးငါးမျိုး ရအောင် နည်းနည်းစီဝယ်ချက်ကျွေးမှာပေါ့။ သို့သော် သူ ဘာတွေ ကြိုက်တတ်မှန်း အင်ကြင်းနီ မသိတာကခက်သည်။ သူ့ကို သွားမေးရအောင်လည်း ညကအဖြစ်အပျက်ကြောင့် သူမ ရှက်ပါသည်။

ဈေးသွားရင်း သူ့အခန်းဖက် မသိမသာ လှမ်းခိုးကြည့်မိတော့ သော့ခလောက်ကြီးတစ်ခုက အင်ကြင်းနီကို လှောင်ပြောင်နေခဲ့သည်။ သူမရင်ထဲ ဆို့နင့်သွားရပါ၏။ စောစောစီးစီး ဘယ်တွေ လျှောက်သွားနေသလဲကွယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မကိုတော့ ပြောသွားသင့်တာပေါ့နော်။

'သွားတော့နော်… အချစ်'

ဟုတ်လား။ ညက သူ အင်ကြင်းနီကို ဒီလိုပြောသွားခဲ့တယ် မဟုတ်လား။

အင်ကြင်းနီ ဝေ့ဝဲလာသည့် မျက်ရည်များကို မျက်တောင်ခတ်ရင်း သိမ်းဆည်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရေ… ရှင်ကတော့ အသည်းရင့်တဲ့ ကဗျာဆရာကြီးပဲနော်။ မော်ဆရာကြီးတစ်ဦးလိုပါပဲ၊ ကောင်မလေးတစ်ယောက်ကို ပြုစားခဲ့တယ်။ မထိမဲ့မြင် ပြုခဲ့တယ်။ ရှင် ကျီစားရက်သမျှ ကျွန်မ ရင်စည်းခံပါ့မယ်ကွယ်။

ချစ်သူပေးတဲ့ စိမ်းကားမှုတို့ကို ကြင်နာစွာ ရင်စည်းခံပါ့မယ်။

အိမ်ပြန်ရတော့မယ့် ခွဲခွာရခြင်းအဖြစ်ကလည်း အင်ကြင်းနီ၏ရင်ကို ပိုမိုပင်ပန်းစေခဲ့သည်။

❖ ❖ ❖

ချစ်သူကို နောက်ဆုံးအချိန်ထိ မျှော်လင့်နေခဲ့မိတာသည် အင်ကြင်းနီ၏ မိုက်မဲမှုပင်ဖြစ်သည်။ နွေရာသီကျောင်းပိတ်ရက်က ရက်စက်စွာ စတင်တော့မည်။ ချစ်သူ့အိမ်က ယခုထိ ပွင့်မလာခဲ့။ သော့ခလောက်ကြီးရယ်၊ သူ ဘယ်အရပ်ကိုများ ထွက်ခွာသွားခဲ့ပါသလဲ။ ပင်လယ်စင်ရော်ငှက်တစ်ကောင်လို ပင်လယ်ပြင်ကို ဖြတ်ပြီး ကျွန်မ သူ့ကို ရှာဖွေပါရစေနော်။

ဘာဖြစ်လို့လဲ၊ သူ ဘာကြောင့်များ ကျွန်မကို စွန့်ခွာထွက်ပြေးသွားခဲ့တာလဲ။





ကန္တာရကုလားအုပ် တစ်ကောင်လို ဝန်ထုပ်ဝန်ပိုးတွေနဲ့ လေးလံဖိစီးနေမယ့် ချစ်သူဟာ ကျွန်မကို နောက်ထပ်ဝန်ထုပ်ဝန်ပိုး တစ်ခုရယ်လို့ ကြောက်လန့်ပြီး ထွက်ပြေးသွားခဲ့တာလား။

အင်ကြင်းနီ ရင်နာစွာဖြင့်ပင် ရှင်းပြနေချင်မိပြန်သည်။ ကျွန်မဟာ တခြားမိန်းမပျိုတွေလို ချစ်သူကို ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် ကောင်မလေးမျိုး မဟုတ်ရပါဘူးကွယ်။ ချစ်သူသွားရာ ခရီးကြမ်း တလျှောက် ဖဝါးခြေထပ်လိုက်ပြီး ရေပူ၊ ရေချမ်း ကမ်းလှမ်းမယ့် ပါရမီဖြည့်ချင်သူပါ။

ရှိစေတော့နော်။

ထွက်ခွာတော့မည့် မန္တလေး ရန်ကုန်အမြန်ရထားကြီးပေါ်မှ ဝေသီသော မျက်ဝန်းများဖြင့် အရပ်မျက်နှာများသို့ သူမ ရှာဖွေကြည့်ရင်းပင် ဇာတိမြေသို့ ပြန်လာခဲ့ရသည်။

ချစ်သူကတော့ တိမ်တိုက်များလို လွင့်မျောပျောက်ကွယ်ခြေရာပျောက်သွားခဲ့ပေပြီ။

သူမ၏ နားထဲမှာ အသံတစ်ခုက ဘယ်တော့မှ မကုန်ဆုံးနိုင်သည့် တိတ်ကြိုးတစ်ခုလို မြည်ဟည်းပဲ့တင်ထပ်နေလေဆဲ။

'သွားတော့နော်… အချစ်'

တစ်ဘဝလုံးအတွက် တစ်သံသရာလုံးအတွက် နှုတ်ဆက်သွားခဲ့တာလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျက်ညတွေရဲ့ မျက်ရည်မြစ်မှာ ချစ်သူ ကူဖေးလှည့်ပါဦးနော်။

❖ ❖ ❖

မိုးဦးကျစံပယ်ပွင့်တို့နှင့်အတူ စာသင်ကျောင်းများပြန်လည် အသက်ဝင်လာကြပြန်သည်။

ကျောင်းတွေပြန်ဖွင့်ခဲ့သော်လည်း ချစ်သူ့အိမ်ကတော့ ဘယ်သောအခါမှ ပွင့်မလာခဲ့တော့။ ခိုင်ခံ့သော ကြေးသော့ခလောက်ကြီးကပဲ အင်ကြင်းနီကို လှောင်ပြောင်သရော်နေလေမြဲ။

ဥဩငှက်ကလေးတွေလို၊ ပိတောက်ပန်းပွင့်လေးလို တစ်နှစ်မှ တစ်ခါ တစ်ရာသီပဲ ပေါ်လာမယ်ဆိုလျှင်လည်း နေကြာပန်းတစ်ပွင့်လို နေပူထဲမှာ သူမ ရပ်စောင့်နေချင်မိသည်။

ရက်စက်တတ်တဲ့ ချစ်သူရယ်…

တိမ်ဖြူလေးတွေကို ရှင် အရောင်ဆိုးခဲ့တယ်နော်။

'ဒေါက်' ခနဲပစ်သွင်းလိုက်သည့် သတင်းစာလေးက ကျောင်းသွားတော့မည့် အင်ကြင်းနီ၏ ရင်ဘတ်တည့်တည့်သို့ အရှိန်ပြင်းစွာ ထိမှန်သွားခဲ့သည်။

ချစ်သူကြောင့် အလိုလို နာကျင်နေသည့် ရင်ကထူးပြီး မနာကျင်တော့ပါလေ။





ချစ်သူ့ သတင်းစကားများ ပါရှိလေမလား…

သူရူးမလေးသဖွယ် သူမ သတင်းစာမျက်နှာကို တရှပ်ရှပ်လှန်လှော ရှာဖွေနေမိပြန်၏။

'ဟင်'

အင်ကြင်းနီ အတွက် ကမ္ဘာကြီးတိမ်းမှောက် ၍ူးသွပ်သွားခဲ့ချေပြီ။

ဘယ်လိုလုပ်လိုက်တာလဲ ချစ်သူရယ်…

သူမ တဒင်္ဂ ရူးသွပ်ထုံအနေမိသည်။

'နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း' တဲ့

'ကိုဆူးပွင့် နှင့် မရွှေစင်ရတနာ'

လူမမှားပါဘူးနော်၊ အဲဒါ ကျွန်မရဲ့ နှလုံးအသည်းထဲက ချစ်သူပါ။

'နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း'

ကြော်ငြာလေးက သူမကို သရဲတစ္ဆေလို ဖြူးပြဲချောက်လှန့်နေပြန်သည်။ ရိုးရိုးသာမာန် လက်ထပ်ပြီးစီးခြင်း ကြော်ငြာပဲဟုတ်။

ကမ္ဘာကြီးကြားအောင် မဏ္ဍပ်တိုင်တက်ပြလိုက်သည့် ပိုင်းလှသည့် အလှပဆုံးကြော်ငြာလေး တစ်ခုသာဖြစ်သည်။

သူမ၏ နာကျင်နေသည့် နှလုံးသားက ယခုမှ ကွဲအက်



www.burmeseclassic.com

www.burmeseclassic.com



ယိုစီးကျတော့သည်။

သည်ကြော်ငြာဟာ တစ်စုံတစ်ယောက်သော ကောင်မလေးရဲ့ နှလုံးသားကို ညက်ညက်ကြေအောင် ကြိတ်ချေ ထွန်ယက်သွားမယ် ဆိုတာ ချစ်သူ သိရှေ့သလားကွယ်။

ရက်စက်တယ်နော်။

အေးလေ၊ ဒီလိုလည်း ပြောလို့မရပါဘူး။ သူဟာ ကျွန်မ ကို အမြဲတမ်း ရှောင်ဖယ်နေခဲ့တယ် မဟုတ်လား။

ကျွန်မကိုက သူ့ကို ရူးသွပ်ကိုးကွယ်ခဲ့တာပါ။ မည်သို့ပင် ဖြစ်စေ ထိုနေ့က အင်ကြင်းနီ၏ မျက်ဝန်းတွေ သွေးစက်စက်ကျ ခဲ့သည်။

အင်ကြင်းနီ၏ နှလုံးသားတွေ သွေးစက်စက် ယိုစီးကျခဲ့ ပါသည်။

ချစ်သူရေ… ကမ္ဘာမြေထဲမှာ ပျော်ရွှင်စွာ လျှောက်လှမ်း ကာ ရှင့်ရဲ့ ခရီးကြမ်းတွေ သာယာချမ်းမြေ့ပါစေနော်။

❖ ❖ ❖



## အခန်း(၆)

အသည်းကွဲတဲ့အခါ အသည်းကွဲကဗျာလေးတွေ စပ်တတ် လာခဲ့တယ်။ အသည်းကွဲကဗျာဆိုတာ ကမ္ဘာကြီးအတွက် ဆေး ဖက်ဝင်ပါရဲ့လား။

မည်သို့ပင်ဖြစ်စေ "အင်ကြင်းနီ" ဆိုသည့် ကဗျာဆရာမလေး တစ်ယောက်တော့ မဂ္ဂဇင်းစာမျက်နှာအချို့မှာ အသည်းကွဲ ကဗျာ လေးတွေ ရေးတတ်လာခဲ့သည်။

ကျေးဇူးတင်ပါတယ် ချစ်သူ။

ကျွန်မရဲ့ ဖြူစင်တဲ့ ပကတိနှလုံးသားမှာ နီစွေးတဲ့ အသည်း ကွဲကဗျာလေးတွေ ကမ္ဘည်းတင်ပေးခဲ့တဲ့အတွက် ချစ်သူကို ကျွန်မ ကျေးဇူးတင်ပါတယ်။

ချစ်သူ ပေးခဲ့သည့် စာအုပ်လေးများကို ငေးမော



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီး၏ အတွင်းပိုင်းထိ အင်ကြင်းနီ တိုးဝင်လျှောက်လှမ်းနေမိသည်။

တော်ဝင်ရတနာတစ်ပါး မဟုတ်သော်လည်း လမ်းခင်းကျောက်တစ်လုံးနှယ်၊ သူမ လောကကို အလှဆင်နေလေမြဲ။

ယခုတော့ စစ်ကိုင်းမြို့မှ မိမိရဲ့ ဇာတိမြို့သို့ အင်ကြင်းနီ ပြန်လည် ပြောင်းရွှေ့ခွင့်လည်း ရခဲ့ပေပြီ။

သူမ တိုးသည့် ခေါင်းလောင်းသံလေးများ ကမ္ဘာကြီးအနှံ့ ပျံ့လွင့်စေစည် စေပါတော့။

အချစ်ဆိုတာလည်း ဆေးဖက်ဝင်တဲ့ အာဟာရ တစ်မျိုးပါပဲနော်။

'ဟင်'

ယခုလထုတ် မဂ္ဂဇင်းတစ်စောင်ရဲ့ အင်တာဗျူးမှာ ချစ်သူကို တည်ငြိမ်စွာ တွေ့လိုက်ရသည်။

'သြော်...'

ချစ်သူရဲ့ ဘဝအပိုင်းအစများ၊ ဒဿနများကို အင်ကြင်းနီ သိရှိခွင့်ရခဲ့သည်။ သူလည်း အယ်ဒီတာတစ်ယောက် ဖြစ်နေခဲ့တာကိုး။ ကြည့်စမ်း၊ သူမ ဘယ်ချောင်မှာ သွားအိပ်ပျော်နေမိပါလိမ့်။ အေးလေ၊ သိတော့ရော သူမက ဘာများလုပ်လို့ ရမှာတဲ့လဲ။

ချစ်သူ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းရာရပါစေ။ ဒါပဲ သူမ





ဆုတောင်းပေးနေရမှာ မဟုတ်လား။

'ချစ်သူရယ်... ရှင် ဘယ်လိုလုပ်သွားခဲ့တာလဲ' လို့ သူမ မေးနေစရာမလိုတော့ပါ။ မမေးရက်တော့ပါ။

မမြင်ရတာကြာသည့် မျက်နှာငွေလကိုသာ သူမ စူးစိုက်ငေးကြည့်နေမိသည်။ ရှိပါစေတော့နော်။

အိမ်ထောင်ရှင်အမျိုးသား ဖြစ်သွားတဲ့ ချစ်သူကို မေ့လို့မရတာကိုက အင်ကြင်းနီအတွက် သဘာဝကပေးသော ပြစ်ဒဏ်။

ဒါပေမယ့် ချစ်သူရယ်...

ရှင့်ကြောင့် အသည်းကွဲကဗျာလေးတွေ ရေးဖွဲ့တတ်လာရတဲ့ တောယုန်မည်းလေးတစ်ကောင် သည်ကမ္ဘာမြေမှာ ရှင်သန်နေကြောင်း ရှင် ဂုဏ်ယူနေလိုက်ပါနော်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ဖောင်ကြီးဗဟိုဝန်ထမ်း တက္ကသိုလ်သို့ အင်ကြင်းနီ တက်ရောက်ရမည်။ သူမ ပထမဆုံး သတိရမိလိုက်သည်က ဦးဆုးပွင့်ပင် ဖြစ်သည်။ ရန်ကုန်မြေမှာ သူ ရှိသည်။ ရိုးရိုးလေးပင် သူ့ကို တွေ့ချင်မိသည်။ လမင်းကို မြေပြင်မှ ကြည့်ငေးသလိုမျိုး သူ့ကို တစ်ခါလောက်တော့ ကြည့်ချင်မိတာ အင်ကြင်းနီ၏ ကျိန်စာ ဖြစ်သည်။

သို့သော် သူမ မတတ်နိုင်ပါ။ အားမထုတ်ချင်ပါ။ သူ့ရဲ့ မရွေစင်ရတနာက ဘယ်ကြိုက်နိုင်မလဲနော်။ ကမ္ဘာဦးက ဘုရင်ကေရာဇ်တွေရဲ့ မိဖုရားများတောင်မှ အူတိုတတ်ကြသေးတာ။

သာယာချမ်းမြေ့နေမည့် ဦးဆုးပွင့်ရဲ့ ဘဝကို သူမ မနှောင့်ယှက်လိုပါ။ သတိရနေရုံပဲ သတိရတော့မည်။





ဖောင်ကြီးက မြို့နှင့် အဝေးကြီးမို့ မြို့ထဲကို ဖြတ်သန်းရာ လမ်းတလျှောက် သူ့ အိမ်ဘယ်မှာရှိမလဲ။ သူ့ ကိုများတွေ့လေမလား ဟု မျက်ဝန်းများမှ တမ်းတရှာဖွေနေမိတာ အင်ကြင်းနီ ရှူးလို့ပဲ ဖြစ်ပါသည်။

ကားပေါ်မှ ဆရာမလေးတစ်ဦး၏ စကားကြောင့် ကျန်ဆရာမများ ဝိုင်းဝန်းရယ်မောကြပေမယ့် အင်ကြင်းနီကတော့ ပြုံးရုံပဲ ပြုံးမိသည်။

'အားမငယ်ပါနဲ့ ညီမရယ်၊ ရန်ကုန်မြေထဲလည်း တစ်ခါ၊ နှစ်ခါတော့ ဆင်းခွင့် ပေးဦးမှာပါ'

'ဖောင်ကြီးပေမယ့် အထင်မသေးနဲ့နော်။ ဖောင်ကြီးဆိုတာလည်း မြို့တစ်မြို့ပဲဟ။ ရေလယ်ခေါင်က ကျွန်းကလေးလို သူ့ဘာသာသီးသန့် လှပပြည့်စုံနေတဲ့ နေရာကလေး'

ပြောသည့်အတိုင်းလည်း ဟုတ်ပါသည်။ ရန်ကုန်မြို့တော်ကြီးလို လူမရှုပ်၊ ကားမရှုပ်ဘဲ မျက်စိအေး၊ နားအေးသည့် နေရာလေး ဖြစ်သည်။

❖ ❖ ❖

သင်တန်းတက်ပြီး နှစ်ပတ်ကြာတော့ အင်ကြင်းနီတို့ ရန်ကုန်ထဲသို့ ဆင်းခွင့်ရခဲ့သည်။ ရန်ကုန်နှင့် အဆက်အသွယ် ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းမ၏ ဘကြီးဘုန်ကြီးကျောင်းမှာ ဝိုင်းဝန်းတည်းခိုကြမည်။ သုံးထပ်တိုက်နှင့် နေသည့် ဘကြီးဘုန်းကြီးကလည်း တောမှတက်လာသည့် ဆရာမလေးများကို နွေးထွေးစွာနေရာပေးပါ၏။

ထိုသူငယ်ချင်း၏ ကောင်းမှုဖြင့် မနက်စောစောမှာ အင်းလျားနေထွက်ချိန်ကို စောင့်ကြည့်ပြီး ညနေခင်းမှာ ရွှေတိဂုံဘုရားသို့ ဖူးမျှော်ခွင့်ရခဲ့သည်။

ခြေလျင်တောင်တက်အသင်းဝင်များနှယ် ကားတိုးမစီးရဲဘဲ မြို့ထဲမှာ ခြေလျင်လျှောက်နေကြတာလည်း အမှတ်တရပါပဲ။

သွားလေရာမှာ ဦးဆူးပွင့်ကို တွေ့လေမလားရယ်လို့ သူမ၏ မျက်ဝန်းများ ရှာဖွေဆာလောင်နေမိတာလည်း အင်ကြင်းနီ မတတ်နိုင်ပါ၊ ခွင့်လွှတ်ပါ။

❖ ❖ ❖

'နှင့်ဥစ္စာ ဟုတ်မှဟုတ်ပါ့မလားဟယ်၊ ငါတို့တော့ ခပ်လန့်လန့်ပဲ'

သူငယ်ချင်းသုံးယောက်နှင့် မဂ္ဂဇင်းတိုက်များသို့ ချီတက်ကတော့ သူတို့ စိုးရိမ်နေကြသည်။ အင်ကြင်းနီလည်း စိုးရိမ်တာပါပဲ။ ကဗျာလေးတွေ ရေးနေ၊ ပါနေပေမဲ့ သူမ မည်သည့်မဂ္ဂဇင်းတိုက်ကိုမှ မရောက်ဘူးပါ။ အယ်ဒီတာဆိုတာ ဘယ်လို လူတန်းစား





မျိုးလဲ၊ ဟိတ်ကြီးဟန်ကြီးနှင့်လား ဖော်ရွေတတ်သလား၊ သူမ မသိပါ။

မဂ္ဂဇင်းများထဲမှ လိပ်စာအတိုင်း စမ်းဝါးဝါးဖြင့် အင်ကြင်းနီတို့ ရှာဖွေသွားလာနေကြသည်။ ပထမဦးဆုံး 'လုံမလေး'သို့ ဝင်မည်။ မနေ့ကတော့ 'ပညာတန်ဆောင်' တိုက်ကိုရောက်ခဲ့၏။ စာတည်းအဖွဲ့မှ ဆရာကြီးများကိုလည်း တွေ့ခဲ့ရသည်။ သူတို့သဘောကောင်းကြပါပေ၏။

လုံမလေး မဂ္ဂဇင်းတိုက်ကို သူမတို့ မေးရင်း၊ စမ်းရင်း ရောက်ရှိသွားခဲ့သည်။ ဆရာမ ဒေါ်ရွှေသဥ္ဇာနှင့် ဒေါ်တင်ကင်တို့၏ ဆီးကြိုနွေးထွေးမှုကြောင့် အင်ကြင်းနီတို့ အမောပြေရသည်။ ပေးလိုက်သည့် မဂ္ဂဇင်းစာအုပ် လက်ဆောင်လေးများကို ယူပြီးနောက် လမ်းမပေါ် ပြန်ရောက်ကြပြန်သည်။

'ဒီတစ်ခါ ဘယ်သွားမလဲ'

အင်ကြင်းနီ လိပ်စာတစ်ခုကို ရွတ်ပြသည်။ ဦးဆူးပွင့်၏ မဂ္ဂဇင်း မဟုတ်ပါ။ သူ့ကိုတော့ ဘယ်တော့မှ မတွေ့တော့ဘူး။

မဂ္ဂဇင်းတိုက်မှာ အယ်ဒီတာကို အဆင်သင့် မတွေ့ရပါ။ တိုက်မှ ကောင်လေးတစ်ယောက်က ဖုန်းဆက်ခေါ်ပေးသဖြင့် မကြာမီ အယ်ဒီတာဆရာ ရောက်လာခဲ့သည်။ သူလည်း ဖော်ရွေနွေးထွေးပါ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဩော်... အင်ကြင်းနီဆိုတာ ညည်းကိုး၊ ကောင်းပါတယ်။ နောက်လည်းကြိုးစားရေးပေါ့။ စာတွေလည်းများများဖတ်၊ များများတွေး ရေးသာရေး ရေးတာက ညည်းတို့ တာဝန်၊ ပယ်တာက ငါတို့ တာဝန်'

သူ့ ပြက်လုံးကြောင့် သူမတို့ အားလုံး ပြုံးကြရသည်။ မဂ္ဂဇင်းတိုက်မှာ ခေတ္တနေကြခိုက် စာမျက်နှာထက်မှ ကဗျာဆရာ၊-စာရေးဆရာ နာမည်ကြီး အချို့ကိုလည်း အကောင်အထည်လိုက်မြင်ခွင့်ရရှိကြလေသည်။ ဒါ... အမြတ်ပေါ့။

ထိုစဉ် ဝင်လာသည့် ပိန်ရှည်ရှည်၊ ညှဉ်းသိုးသိုး ကဗျာဆရာတစ်ယောက်မှာ ဦးဆူးပွင့်၏ မိတ်ဆွေ ကိုနန်းဝေ ဖြစ်နေလေတော့သည်။

'ဟာ... မအင်ကြင်း'

သူ့အသွင်က တစ်စုံတစ်ခုကို အားနာနေသည့် အသွင်ပေါက်နေသည်။ တစ်ခါက သူမ ကျွေးခဲ့သည့် ခေါက်ဆွဲကြော်ကိုသတိရသွားဟန်လည်း ရှိ၏။ ကိုနန်းဝေက သက်ပြင်းကိုသိသိသာသာပင် ချခဲ့သည်။ အင်ကြင်းနီ အနေရကျပ်လာပြီး ရင်ထဲမှာဆို့လှိုက်လာခဲ့၏။

'လာဗျာ... သူ့တိုက်ကို သွားကြရအောင်'

'ဟင့်အင်း၊ နေပါစေတော့ ကိုနန်းဝေ၊ ပြီးခဲ့ပြီပဲရှင်'





'ဟာဗျာ... ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ ကျွန်တော် ခင်ဗျားတို့ကို တစ်ခုခုလုပ်ပေးချင်တယ်'

'စိတ်မကောင်းမဖြစ်ပါနဲ့ ကိုနန်းဝေရယ်၊ ရှင်က အနေသာကြီးပါ၊ အဲလေ... ကျွန်မလည်း ဘာတွေပြောမိမှန်း မသိတော့ဘူး'

'ဒါဆိုလည်း လက်ဖက်ရည်နဲ့ မုန့်လောက်တော့ လိုက်တိုက်ခွင့်ပြုဗျာ၊ ကျွန်တော် ပြုစုပါရစေ'

'နေပါစေရှင်၊ ဒုက္ခမရှာပါနဲ့၊ ကျွန်မတို့ ပြန်ကြတော့မှာပါ'

သို့သော် ကိုနန်းဝေက ယခု သူမတို့ ရောက်နေသည့် တိုက်မှ အယ်ဒီတာကို လှမ်းပြီးအဖော်ညှိပြန်သည်။

'ကိုထွတ် ဒါ... ကိုဆူးပွင့်ရဲ့ အင်ကြင်းနီလေ၊ သူ့ ကို အကြောင်းကြားပေးစမ်းပါဗျာ၊ တော်ကြာ ကျွန်တော်တို့ အပြစ်တင်ခံနေရဦးမယ်'

'ဩော်... ဟုတ်တယ်၊ ဟုတ်တယ်၊ သူပြောခဲ့ဖူးတယ်၊ ခဏနော်၊ ခဏလေးနေကြပါဦး'

အင်ကြင်းနီ တားဆီးလို့ မရတော့ပါ။ သူတို့ ဦးဆူးပွင့်ထံ အကြောင်းကြား နေကြလေပြီ။ သူမ ရင်တွေ ပွင့်ထွက်မတတ်မြည်ဟည်းတုန်ခါနေခဲ့သည်။ ရှင်ဟာ ကျွန်မအတွက် အချိန်တိုင်း ရင်ခုန်စေခဲ့သူပါ ချစ်သူ။ သူငယ်ချင်းတစ်စုကတော့ အင်ကြင်းနီအား စာအုပ်တစ်အုပ်နှယ် ငေးမောဖတ်ရှုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရပြီ၊ ရပြီ၊ သူ ခုပဲ လာတော့မှာပါ။ ဆရာကတော့ အလုပ်ရှိလို့ အပြင်ခဏထွက်လိုက်ဦးမယ်၊ အားမနာနဲ့နော်၊ သူ ခုပဲ ရောက်လာတော့မှာ'

အင်ကြင်းနီ မရှောင်လွှဲသာတော့ပါ။ ရင်ထဲမှာ တွေ့ချင်စိတ်က တစ်ဝက်၊ ရှောင်ပုန်းလိုက်ချင်စိတ်က တစ်ဝက် လွန်ဆွဲအားပြိုင်နေကြ၏။

ဘာပဲဖြစ်ဖြစ် ယခုမှတော့ စောင့်နေရရုံသာ။

❖ ❖ ❖

မကြာမီ ရုပ်ခန့် ဝင်လာသည့် အရိပ်ကလေးကြောင့် စာအုပ်တစ်အုပ်ကို ငုံ့ကြည့်နေရာမှ အင်ကြင်းနီ လန့်ဖျပ်ထရပ်မိလိုက်သည်။ သူမ သွေးလန့်နေမိ၏။ ခွဲခွာခဲ့ကြသည့် နှစ်နှစ်အတွင်း ဦးဆူးပွင့်၏အသွင်က ပိုမိုတည်ကြည် ရှင်းသန့်နေခဲ့သည်။ အင်ကြင်းနီ၏ မျက်ဝန်းများမှာ မျက်ရည်ခိုးတို့ဖြင့် ပူဆောင်စပ်ဖျဉ်းလာကာ သူ့ကို မလွှတ်တမ်းငေးကြည့် နေမိလေတော့သည်။

ကျွန်မတို့ ဘာတွေဖြစ်ခဲ့ကြသလဲ။

ကျွန်မတို့ ဘယ်လိုဖြစ်ကုန်ကြရတာလဲ ချစ်သူရယ်။

သူမတို့ မျက်ဝန်းများ ကြေကွဲသွေ့လောင်နေမိကြသည်။

'အဟမ်း…အဟမ်း…'





ဦးဆူးပွင့်၏ နောက်နားမှ အသံတစ်ခုကြောင့် အင်ကြင်းနီ သတိရစွာ လှမ်းကြည့်မိတော့ ချောမောခေတ်မီသည့် အမျိုးသမီး တစ်ယောက်ကို တွေ့လိုက်ရသည်။

'အင်ကြင်းနီ၊ ဒါ… ကိုယ့်ရဲ့ ဇနီး ရွှေစင်ရတနာ'

'ဪ…'

သိပြီးသား သတင်းတစ်ပုဒ်ပေမယ့် သူမ၏ ရင်ထဲမှာ ဗြုန်းကိုက်ဖုံးများ တစ်လုံးပြီးတစ်လုံး အဆက်မပြတ်ပေါက်ကွဲ သွားကြသည်။ ရုပ်ရှင်ထဲကလို

'တွေ့ရတာ ဝမ်းသာပါတယ်' ဟု သူမ မပြောဖြစ်။ သူမက ဟန်မဆောင်တတ်သူ၊ ရိုးစင်းသည့် သိုးကလေးတစ်ကောင်လည်း ဖြစ်သည်။

စိမ်းလက် ဖိတ်ခါနေသည့် အမျိုးသမီးချော၏ မျက်ဝန်းများကို ဆွေးမြည့်စွာ ကမ္ဘည်းတင်ရင်း အင်ကြင်းနီ သိမ်ငယ်နေမိသည်။

ရက်စက်လိုက်တာ ချစ်သူရယ်။

တစ်ခါက ကောင်မလေးတစ်ယောက်ရဲ့ ရှေ့မှောက်မှာ ပဏ္ဏုပ်တိုင် တက်ပြခဲ့ရက်တယ်နော်။

သူမ၏ ရက်ပေါင်းများစွာ၊ လပေါင်းစွာက ကွဲကြေပြီးသည့် နှလုံးသားမှာ ကြမ်းတမ်းသော လက်ဖဝါးစုံဖြင့် ကြိတ်ချေ



www.burmeseclassic.com

www.burmeseclassic.com



နေရသည့် ဂျူလုံးသဖွယ်။

မော်ဆရာကြီးရယ်။

ရင်ကွဲပက်လက်ဖြစ်နေတဲ့ မိန်းမပျိုတစ်ယောက်ရဲ့ရုပ်သွင်ကို အောင်နိုင်သူ အပြုံးနဲ့ ရှင် ဂုဏ်ယူ ကမ္ဘည်းတင်လိုက်ပါနော်။

သူမ၏မျက်ဝန်းများ ကျိန်းစပ်ပူလောင်လာကြပြီး မျက်ရည်များကို မသိမ်းဆည်းနိုင်တော့မတတ် ဖြစ်လာရ၏။

သူမ ဣန္ဒြေပျက်တော့မည်။ ဦးဆုံးပွင့်နှင့် မရွှေစင်ရတနာပဂိုဏ်၏ရှေ့မှာ အရှက်ကွဲတော့မည်။ မကြာမီ သူမ၏ မျက်ရည်များ မိုးဦးကျလို ရွာသွန်းမိပေတော့မည်။

'သွားတော့မယ်...'

နစ်ဝင်နေသည့် အသံအက်အက်ဖြင့် နှုတ်ဆက်ပြီး သူမ အပြေးထွက်ခဲ့တော့ သူမ၏ သူငယ်ချင်းများမှာလည်း ဖရိုဖရဲ ထွက်လိုက်လာခဲ့ကြရသည်။ တကယ့်ကို ပရမ်းပတာ ရှုံးနိမ့်ဆုတ်ခွာလာခဲ့ရသည့် သံ့ပန်းများနှယ်။

အင်ကြင်းနီ သူငယ်ချင်းများကို အားနာမိပါ၏။

သို့သော် သူမ မတတ်နိုင်တော့ပါ။ နွေနေ့လည်၏ ပူလောင်မှု မျက်နှာပြင်မှာ အင်ကြင်းနီ၏ မျက်ရည်များ စွန်းထင်းပေကျံကုန်ခဲ့သည်။

အလို... နောက်ဖက်မှ ရယ်မောသံ တစ်ခုကြားလိုက်ရ





လေသလား။

သူမ အသည်းတွေ တဖျပ်ဖျပ်ကွဲခဲ့ပြီ။

အလို... ကမ္ဘာကြီးတစ်ခုလုံး လှောင်ပြောင် ရယ်မောကုန်ကြပြီလား။

ကျွန်မရဲ့ အပြစ်တွေကို မျက်ရည်များနှင့် ဆေးကြောခွင့်ပြုလိုက်ပါနော်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

*အလှဆုံး အရွက်ရုပ်ထုတစ်ခု ပျိုမျစ်...*
*ပုံ့ပျူးတဲ့တည် စကြာ်ဝဠာတစ်ခို...*
*ချစ်သူ့ ကိုိန်စာ အလိုအရပေါ့...*
*ကျွန်မ ရှင်သန်...*

ကျွန်မဟာ တော်တော်မိုက်လုံးကြီးတဲ့ မိန်းမတစ်ယောက်ပါပဲ။

ကြည့်စမ်း... ဒီလောက် ကိုယ့်အပေါ် ရက်စက်နင်းချေခဲ့တဲ့ ချစ်သူကို ကျွန်မ မမေ့နိုင်ခဲ့ဘူး။

ကန္တာရမှာ ကုပ်ကပ်ရှင်သန်တဲ့' နွယ်မြက်သစ်ပင်တစ်ပင်လို သူ့ရဲ့ ကိုိန်စာများနှင့် ကျွန်မ တောက်ပရှင်သန်နေစမြဲ။

ရင်နှင့် ကြေကွဲနေမိစမြဲ။





လရောင်အောက်မှာ ဒိုင်ယာယီစာအုပ်ပြာလေးက လေပြည်ညင်းနှယ် တဖျတ်ဖျတ် ပြီးဆုံးသွားခဲ့သည်။

ဘဝတွေ တကယ်ပဲ ခြားခဲ့ပြီပေါ့။ သို့သော် ယခုတိုင် အင်ကြင်းနီ ငိုကြွေး ကြေကွဲနေမိသည်။

ချစ်သူရယ် ကျွန်မဟာ တစ္ဆေတစ်ကောင်ဖြစ်နေတာတောင်မှ ရှင့်ကို သတိရနေမိဆဲပါ။ ကိုးကွယ် ရှုးသွပ်နေဆဲပါ။

အင်ကြင်းနီ သူမ နောက်ဆုံးစပ်ဆိုခဲ့သည့် ကဗျာလေးကို ပြန်ဖတ်ကြည့်မိပြန်သည်။ ကဗျာလေးက အဆုံးမသတ်သေး။

အလို... တစ္ဆေတွေဟာ ကဗျာဖတ်တတ်သတဲ့လား။

တစ္ဆေတစ်ကောင် စပ်သည့်ကဗျာကို လူထဲရောက်အောင် သူမ ဘယ်လို ပို့ဆောင်ရမလဲ။

အင်ကြင်းနီ ဘောလ်ပင်ကိုင်လို့ မရပါ။

ကဗျာ အပိုင်းအစလေးများကို သူမ ဖတ်ကြည့်မိပြန်သည်။

သွေးစတွေနှင့် အချစ်ကဗျာ...
*ကိုယ် ခြွေချလိုက်တုန်းက*
*အင်ကြင်းပွင့်လေးတွေပါ*
*မင်း ရင်ထဲကျမှ*
*ဆူးခက်တွေ ဖြစ်သွားခဲ့တယ်...*



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရယ် ကျွန်မ ရှင့်ကို ရူးသွပ်ခဲ့တာ မြတ်နိုးမှု သက်သက်ပါ။

လင်ငတ်မ တစ်ယောက်ရဲ့ ပရမ်းပတာ ဣန္ဒြေမဲ့မှုမျိုး မဟုတ်ပါ။

ကိလေသာထူပြောတဲ့ မိန်းမတစ်ယောက်ရဲ့ ညှို့ငင်ဖြားယောင်းမှုမျိုး မဟုတ်ရပါ။

ကြည့်စမ်း… ရှင် အထင်လွဲမှားရက်တယ်နော်။ ကျွန်မတို့ အချစ်တွေ ပွင့်ဖူး(သို့မဟုတ်… ပေါက်ကွဲ) သွားတဲ့နေ့မှာပဲ ရှင် ကျွန်မကို စွန့်ခွာထွက်ပြေး သွားခဲ့တယ်။

ကျွန်မ နှလုံးသားတွေ ကြိမ်မီးအုံးပြီး ရှင့်ကို အချစ်တတ်ဆုံး၊ သတိရဆုံး အချိန်မှာမှ ချိန်ကိုက်ဗုံးတစ်လုံးလို ရှင့်ရဲ့ "နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း" သတင်းပါလာခဲ့တယ်။

အဲဒါ ကျွန်မရဲ့ နာရေးကြော်ငြာပါပဲ။

ကျွန်မဟာ ကြိမ်ဖန်များစွာ သေဆုံးခဲ့ပါတယ်။ တစ်ဖန် အလွမ်းဆုံးအချိန်မှာမှ ရှင်ဟာ ရှင့်ရဲ့ ချစ်သူနဲ့ အတူရွှေလည်ဘွဲ့ပြီး ကျွန်မ ရှေ့မှောက်မှာ အောင်ပွဲခံသွားခဲ့တယ်နော်။

သို့သော် သူမ ချစ်သူကို မနာကြည်းရက်နိုင်ခဲ့ပေ။

သို့သော် အင်ကြင်းနီ သည်တစ်ခါတော့ တကယ်ပဲ သေဆုံးခဲ့ပါပြီကော။





သည်ကမ္ဘာလောကမြေပေါ်မှာ အင်ကြင်းနီဆိုတဲ့ ကောင်မလေးတစ်ယောက် ရှိမနေတော့တာ ချစ်သူထံ ဘယ်လို သတင်းပို့ရမလဲ။

သူ့တို့ ဝမ်းသာရှာမှာပဲနော်။

အင်ကြင်းနီ ရင်ထဲမှာ နင့်ကျင်နေရပေမယ့် ဆူးတစ်ချောင်းလို သူ့တို့ နှလုံးသားများမှာ သပ်လျှိုနေမိသည်ဆိုလျှင်လည်း သူမ သေဆုံးသော သတင်းစကားဖြင့် ထိုဆူးကလေးကို နှုတ်ပေးချင်မိသည်။

သူမတို့ နယ်မှာတော့ နာရေးသတင်းဟာ သတင်းစာထဲမှာ ထည့်လေ့မရှိကြပါ။

အယ်ဒီဆင်၏ ကြိုးပမ်းမှုတွေ အရာမထင်ခဲ့သော တောအိမ်မှောင်မှောင်မဲမဲလေးထဲမှာ အင်ကြင်းနီ ငိုကြွေးနေမိပြန်သည်။

အိမ်ကလေးထဲမှာ သူမကို ချစ်ခင်တွယ်တာကြသည့် မိသားစုများ လယ်ကွင်းတစ်ခုမှ ရိုးပြတ်တွေနှယ် ဖရိုဖရဲ အိပ်ပျော်နေကြဆဲ။

အို… သူ့တို့ အိပ်ပျော်နေကြတာမှ ဟုတ်ရဲ့လား၊ သောကမြစ်မှာ လိုမ့်လူးနေကြတာပါနော်။

အင်ကြင်းနီ အိမ်ကလေးထဲသို့ နှုတ်ဆက်အောင် လျှောက်ငေးကြည့်နေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလို… အိမ်ရှေ့ဘုရားခန်းမှာ သင်္ကန်းပရိက္ခရာတွေ ပါလား။ သင်္ကန်းပန်း နီနီရဲရဲလေးတွေ ညှပ်လို့ဖြစ်သည်။ သည်တော့မှ အင်ကြင်းနီ အမှတ်ရမိသည်။ သူမ ကိုယ်တိုင်ဝယ်ထားခဲ့သည့် သင်္ကန်းပရိက္ခရာလေးတွေ ဖြစ်သည်။ မောင်လေး ရှင်ပြုတော့မည်။ သူမကို အမျှပေးဝေကြတော့မှာပေါ့။

သို့သော် တိမ်နှယ်၊ လေနှယ် လွင့်ပါးနေသည့် သူမမှာ သာဓု ခေါ်နိုင်သည့် အဆင့်ရော ရှိပါ့၊ ကြုံပါ့မလား။

အမေရယ်… မိုက်မဲတယ်ပဲဆိုဆို ချစ်သူကို ချစ်တဲ့ အချစ်တွေနဲ့ မိသားစုကို ချစ်တဲ့အချစ်တွေနဲ့ပဲ အင်ကြင်းနီ တလည်လည် တပတ်ပတ် လှည့်လည်နေပါရစေဦးနော်။

အိမ်ကလေးထဲမှာ နေရတာ ကြာမြင့် ပျင်းရိလာသဖြင့် အင်ကြင်းနီ မြို့အစွန်မှ ဘုရားစေတီရှိရာသို့ ပြေးထွက်လာခဲ့သည်။ တော်ပြီ ဘုရားရိပ်မှာပဲ ခိုတော့မယ်။ ဘုရားရိပ်၊ တရားရိပ်ဟာ အလွန် အင်မတန်မှ အေးချမ်းလှပါတယ်။

'ဟား…'

မြို့အစွန် ဘုရားစေတီမှာ အနားက ဘုန်းကြီးကျောင်းမှာ ပွဲတော်ကြီး ရှိုးလို့ပါလား။ သူမနှင့် ဘဝတူတွေ ဖြစ်သည်။

အရုဏ်အတက်မှာ လူတွေ ဆွမ်းတော်ကပ်ကြ၊ ဆွမ်းတော်စွန့်ကြတော့ ထမင်းဟင်းကျန်တွေ စွန့်ကြသည့်အခါ တိုးဝှေ့





လုယူကြဖို့ တိုးဝှေ့စောင့်နေကြခြင်း ဖြစ်သည်။

အင်ကြင်းနီ နေရာမှာတင်ရပ်ရင်း ရှင်တော်မြတ်ဘုရားသို့ လက်အုပ်ချီ ဖူးမျှော်နေစဉ် ပြိတ္တာဝဝတုတ်တုတ်ကြီးတစ်ကောင်က ဆာဆာလောင်လောင် သွေးရူးသွေးတန်းဖြင့် သူမထံ အစာတောင်းနေပြန်သည်။

ဒါ… လူ့ဘဝတုန်းက ဝန့်တိုမိစ္ဆာ များလွန်းလှသူကြီးပေါ့။ မလှူမတန်း၊ မပေးမကမ်း ငါ့ဖို့ ဆိုတဲ့ အတ္တသမားကြီးပေါ့။ ယခုတော့လည်း သနားစရာ။

အင်ကြင်းနီ သူ့ကို ကိုယ့်ပါးစပ်ထဲမှ ရာဘန်လေးကို ထုတ်ပေးမိလိုက်သည်။

'ယူ… ရှင် မုန့်သွားဝယ်စားလိုက်၊ ကျွန်မ အတွက်တော့ ဖြစ်သလိုပဲလေ။ ကူးတို့ခ မရှိရင်လည်း ဒီလိုပဲ ပြောစီးသွားလိုက်မယ်။ ကျွန်မက စိတ်ကောင်းရှိတဲ့ ကျောင်းဆရာမ တစ်ယောက်ဆိုတော့ ဟိုမှာ ကျွန်မ တပည့်လေးတွေ ကူးတို့ချချင်ချနေမှာ'

စေတနာဖြင့် တစ်ရာတန်လေး ပေးသော်လည်း ပြိတ္တာကြီးက မယူ။

'နင့် တစ်ရာလေးနဲ့ ဘာများသွားဝယ်စားလို့ရမှာလဲ။ ငါက လူ့ပြည်မှာတုန်းက အရွက်ကြီးတွေ အုပ်လိုက် ဖြုတ်သုံးလာခဲ့ တဲ့ သူဌေး၊ နင့် ပိုက်ဆံလေးက ကြက်ကင်တစ်ကောင်လည်း ဝယ်စားလို့



www.burmeseclassic.com

www.burmeseclassic.com



ရမှာမဟုတ်၊ အကောင်းစား အရက်တစ်ခွက်လောက်တောင် သောက်လို့ရမှာ မဟုတ်ဘူး၊ ကောင်မလေးတွေကို ပန်းကုံးစွပ်ဖို့ဆိုတာ ဝေးလာဝေး'

'အလိုတော်၊ ဒါတော့ ကျွန်မလည်း မရှိ၊ ရှိတာပေးရတာပဲ။ ဒါဆိုလည်း ရှင့် ပိုက်ဆံတွေ ရှင် ပြန်ယူပြီး သုံးပစ်လိုက်ပါလား။ အခု ဘဝရောက်တာတောင် အရှိန်က မသေသေးဘူးနော်။ အံ့သြပါ၊ တရားကျလိုက်တာရှင်'

အင်ကြင်းနီ ထိုပြိတ္တာကြီးအနားမှ ထွက်ခွာခဲ့ပြီး စေတီအတွင်းသို့ ဝင်ရောက်မည်ပြုစဉ် နောက်ထပ် ပြိတ္တာတစ်ကောင်နှင့် တွေ့ရပြန်သည်။

'ကောင်မလေး၊ နင့်မှာ ဝတ်ထားတဲ့ အဝတ်တွေ အထပ်ထပ်ပဲ၊ ငါ့ကို အဝတ်တစ်ထည်လောက်ပေးပါ'

'ဩော်… ရပါတယ်ရှင်၊ ကျွန်မ ပေးပါ့မယ်'

အင်ကြင်းနီ သူ့ကို မကြည့်ရဲ ကြည့်ရဲဖြင့် ရှပ်ခနဲကြည့်မိသည်။ ယောကျ်ားဖြစ်ရတဲ့ ကြားထဲအဝတ်မပါဘူး ဆိုတော့၊ အဲလေ မိန်းမဆိုလည်း အဝတ်မပါရင် ဘယ်ကြည့်ကောင်းမလဲ။

ဒါကြောင့်လည်း တောင်းမှာအကွပ်၊ လူမှာအဝတ်လို့ ဆိုထားကြတာပေပဲ။ လောကကြီးရေ၊ လူတွေတင် မဟုတ်ဘူး တစ္ဆေတွေ၊ ပြိတ္တာတွေမှာလည်း အဝတ်ဟာ အရေးကြီးပါတယ်။





လူ့ ဘဝက သီလရှိခဲ့ရင် အဝတ်လည်း ရခဲ့မှာပေါ့နော်။

'ရော့… ရော့၊ ဒီအနွေးထည်ကို ရှင့် ခါးမှာ မြန်မြန်ပတ်လိုက်၊ ရှင့် ပုံစံက ခုနစ်ရက်သားသမီး ထိတ်လန့်ကြောက်ရွံ့စရာရှင်'

သူမက ကိုယ့်မှာ အထပ်ထပ်ဖြစ်နေသည့် အနွေးထည်လေး တစ်ထည်ကို ချွတ်ယူပေးမှုလိုက်သော်လည်း အနွေးထည်ကလေးထဲမှာပင် ပျောက်သွားခဲ့သည်။

'သေသေချာချာ ငါ့ လက်ကိုရောက်အောင်ပေးပါဟယ်၊ ငါ ချမ်းလွန်းလို့ပါ၊ လူ့ပြည်မှာတုန်းက မိန်းမတွေ ပေါသလောက် ဒီဘဝရောက်မှ မိန်းမတစ်ယောက်မှလည်း မရတော့ဘူး'

အလိုလေးလေး၊ မြန်မြန်အဝတ်ပေးမှ တော်ကြာ သူမ ဒုက္ခရောက်နေပါလိမ့်မည်။ အင်ကြင်းနီ သူ့ကို နောက်တစ်ထည် ချွတ်ပေးမိပြန်သည်။

'အလို…'

သူက အကုသိုလ် ကြီးမားလွန်းသူမို့ထင်။ သူမ ပေးသမျှ အနွေးထည်လေးတွေ လေထဲမှာတွင် ပျောက်ကွယ်ပျက်လွင့်သွားကြသည်။

'တော်ပြီ၊ တော်ကြာ ခုနစ်လွှာ ချွတ်ပွဲမှတ်ထင်ပြီး ကျွန်မကို လူတွေ အဲလေ၊ တစ္ဆေတွေ ဝိုင်းကြည့်ကုန်ကြဦးမယ်၊ ရှင့်ကုသိုလ်နဲ့ ရှင် ကျန်ခဲ့ပေတော့'



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းနီ စိတ်အနှောင့်ယှက် ဖြစ်လာခဲ့သည်။ တော်ပြီ… ရင်ပြင်တော်တစ်ပတ် အမှိုက်တွေ ကောက်လိုက်ဦးမည်။ စေတီရင်ပြင်တော် သန့်ရှင်းသွားအောင် လေပြည်ညင်းဖြင့် သန့်ရှင်းပေးလိုက်မည်။

'ကျွန်မတော့ အဲဒါတွေ ဝါသနာမပါဘူး၊ ရှင့်ဘာသာ နောက်တစ်ယောက်သာ ရှာပေတော့၊ ကျွန်မ အမှိုက်ကောက်လိုက်ဦးမယ်'

အင်ကြင်းနီ အမှိုက်ကောက်နေလိုက်သည်။ သရဲကြီး စိတ်ပျက်၊ လက်ပျက်ဖြစ်ကာ ပြန်ဆင်းသွားလေ၏။ သူတို့ အင်ကြင်းနီကို အနိုင်ကျင့်လို့ မရပါ။ သူမက ခွန်အားရှိသည့် တစ္ဆေမလေး ဖြစ်သည်လေ။ မကြာမီ အင်ကြင်းနီ၏ လုံ့လကြောင့် ရင်ပြင်တော်တစ်ခုလုံး သန့်ရှင်းပြောင်လက်သွားလေ၏။

'အပိုအလုပ်တွေ၊ ငါတို့နဲ့ အတူပျော်ပျော်ပါးပါး လာကစားပါလား'

အသံကြားလိုက်ရသဖြင့် အင်ကြင်းနီ လှည့်ပတ်ရှာဖွေကြည့်မိတော့ စေတီတော်၏ တံတိုင်းမှာ ကားယားခွထိုင်နေသည့် တစ္ဆေများကို တွေ့လိုက်ရသည်။ သူမ သူတို့ကို ကျောခိုင်းလိုက်သည်။ တစ်သက်လုံး မကျွတ်မလွတ်တော့မယ့်ဟာတွေ၊ ဆန်ကုန်မြေလေးတွေ ဖြစ်သည်။





သူတို့အားလုံး၏ အနားမှ အင်ကြင်းနီ ပြေးထွက်ခဲ့ပြန်သည်။

ငါ… ဘယ်ကို သွားရပါ့မလဲ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

လရောင်နှင့် နှင်းသွန်းလမ်းမကြီးမှာ အင်ကြင်းနီ လေပြည် ညင်းနှယ် ပေါ့ပါးစွာ လွင့်ပါးနေမိသည်။ ကားလမ်းမကြီးတစ်လျှောက် ရှပ်တိုက်ပြေးလွှားနေမိသဖြင့် မိုးမလင်းခင် သူမချစ်သူ့အိမ်သို့ ရောက်ရှိနိုင်ပေလိမ့်မည်။

ချစ်သူ့အိမ်တံခါးတို့ကရော သူမအတွက် ထာဝစဉ် ပိတ်နေခဲ့ပေလိမ့်မည်။ သို့သော် အင်ကြင်းနီ သူ့ကို အပြီးတိုင် ထာဝရ နှုတ်ဆက်ခဲ့ချင်ပါသေးသည်။

နှုတ်ဆက်ရုံပဲနော် အချစ်...

ကျွန်မ ရှင်တို့ကို မနှောင့်ယှက်ပါဘူး...

ကျွန်မကို ရှုပ်လိုက်တာလို့ မောင်းမထုတ်လိုက်ပါနဲ့နော်။





မည်သို့ပင်ဖြစ်စေ အင်ကြင်းနီ ချစ်သူ့အိမ်တံခါးဝဆီသို့ ရောက်သွားရပေဦးမည်။

ကြမ်းတမ်းသော သံသရာခရီးရှည်ကြီးဆီ ထွက်ခွာရတော့မည့်အခါ ချစ်သူကို တစ်ခါလောက်ဖြစ်ဖြစ် နှုတ်ဆက်ချင်မိပါသည်။

တစ်ခါမျှသာပါပဲကွယ်...။

ဒုက္ခပေးလိုက်တာလို့တော့ မထင်နဲ့ပေါ့။ ချစ်သူကို ပျော်ရွှင်သွားစေချင်ခဲ့လို့ပါ။

ကျွန်မ သေဆုံးသွားတဲ့ သတင်းနဲ့ ရှင့်ရင်ကို ပျော်ရွှင်သွားစေချင်ခဲ့လို့ပါ။

'သွားတော့မယ်...'လို့ အသေအချာ နှုတ်ဆက်ခဲ့ချင်သေးလို့ပါ။

ချစ်သူ့အိမ်သို့ သွားရာလမ်းကလည်း ကြမ်းတမ်းခက်ခဲလှပေစွ။ မြို့အဝင် အထွက်တွေမှာ အစောင့်အရှောက်တွေ ပိုးသွမ်းသူတွေကိုလည်း အင်ကြင်းနီ ကျော်ဖြတ်ခဲ့ရပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ရန်ကုန်မြို့ကြီးက လျှပ်မီးရောင် တထိန်ထိန်ဖြင့် နတ်ပြည်ကြီးလို ဆူညံလှုပ်ခါနေပြီ… ကားများကလည်း တဝီဝီဖြင့် ပြည့်ကျပ်နေလေတော့သည်။

ကောင်မလေးတွေကလည်း ထဘီမဝတ်ကြတော့။ စကတ်အမျိုးမျိုး၊ အကျႌအမျိုးမျိုးဖြင့် အရုပ်ကလေးများလို လှပနေကြသည်။ အင်ကြင်းနီ မိမိကိုယ်ကို ငုံ့ကြည့်မိလေသည်။ ပိုးဂါဝန်မန်းရောင်လေးက ပုံ့ပုံ့ဖားဖား၊ လုံလုံခြုံခြုံရှိသည်မို့ ခေတ်မမီတော့ပြီ ထင်သည်။

ကားတွေက အစီးပေါင်းမြောက်များစွာ တဝီဝီဖြတ်နေပုံက စစ်သည်တော်တစ်ဦးရဲ့ မြားတံတွေနှယ်။ ရာမမင်းသားရဲ့ လေးညို့ခတ်သံနှယ်။ အင်ကြင်းနီ ငေးမောကြောက်ရွံ့နေမိပါ၏။





ချစ်သူ့အိမ်ကို သူမ မသိပါ။ ဘယ်ကားကိုစီးပြီး ဘယ်လိုသွားရမှာတဲ့လဲ။ တစ်မြို့လုံးကိုပတ်ပြီး ခြေလျင်လျှောက်ရှာရင်လည်း ရနိုင်ပါ၏။ သို့သော် သူမမှ ဦးဆူးပွင့်ရဲ့အိမ်ကို မသိတာလေ။

ရန်ကုန်မြို့ဆိုတာ ဘယ်လောက်တောင်ကျယ်သတဲ့လဲ။ သူ့လိပ်စာ၊ သူ့ဖုန်းနံပါတ်တွေလည်း သူမအသုံးချလို့မရ။ သူမက လူမဟုတ်ခြင်းကြောင့် ဖြစ်သည်။

ဒါဖြင့် တစ်ခါက တွေ့ခဲ့ဖူးသည့် မဂ္ဂဇင်းတိုက်က စောင့်နေရရင်ရော။ သူလည်း အဲဒီမဂ္ဂဇင်းအဖွဲ့ဝင် အယ်ဒီတာတစ်ယောက်ပဲ။ သို့သော် သူက အလုပ်ကိုညဘက်ပါ လုပ်နေမည်မဟုတ်ပါ။

မည်သို့ပင်ဖြစ်စေ… ရန်ကုန်မြို့ထဲမှာ တလည်လည်တပတ်ပတ်နှင့် အူကြောင်ကြောင် ဖြစ်နေမည့်အစား… သူ့မဂ္ဂဇင်းတိုက်ကလေးသို့ပဲ သွားကြည့်လိုက်ဖို့ အင်ကြင်းနီ ဆုံးဖြတ်ခဲ့သည်။ ချစ်သူကို မတွေ့ရသော်မှ ချစ်သူရနံ့လေးများ ထုံသင်းဝေ့ဝဲနေပါလိမ့်ဦးမည်။

မသွားတတ်၊ သွားတတ်ဖြင့် အင်ကြင်းနီ စမ်းတဝါးဝါးခရီးသွားနေဆဲ မီးရောင်ထိန်ထိန်ငြိးများအောက်မှ ပိုးဖလံလေးများက သူမကို ဆွဲဆောင်ခေါ်ငင်နေကြသည်။

ဟော့… ကောင်မလေး။ လာ… သွားစို့… တို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကကြရအောင်…'

'ဟင့်အင်း… ကျွန်မကို မဖြားယောင်းပါနဲ့… ကျွန်မ ချစ်သူဆီ သွားမလို့…'

ပိုးဖလံမလေးများက ကိုယ်လုံးလှလှလေးများကို ပြူးပြူး ပြက်ပြက် လှုပ်ခါကာ တဝဲွန့်တွန့်ရယ်မောနေခဲ့ကြသည်။

'ချစ်သူဆိုတာများ… ပေါလွန်းလို့… မင်းဘယ်နှ ယောက်လိုချင်သလဲ ပြော…'

ဟုတ်မှာပေါ့ရှင်… ရှင်တို့အတွက် လောကထဲမှာ ချစ်သူ တွေအများကြီးရှိချင် ရှိမှာပေါ့… ဒါပေမဲ့ ကျွန်မအတွက်တော့ သူမှ သူ…ပါ။

ဘယ်သောအခါမှ ဆုံစည်းခွင့်မရနိုင်ပေမယ့် ကျွန်မရင် ထဲမှာ သူအမြဲရှိနေလိမ့်မယ်။

ပိုးဖလံမလေးများကို ရှောင်ကွင်းစွန့်ခွာပြီး အင်ကြင်းနီ ခရီးဆက်ခဲ့သည်။

ဦးဆူးပွင့်နှင့် ဆုံစည်းခဲ့သည့် မဂ္ဂဇင်းတိုက်ကလေးရှိရာ သို့ ကံကောင်းထောက်မစွာ သူမ ရောက်ရှိခဲ့ပါသည်။ ဟုတ်ပါ တယ်… တံခါးပေါက်မှာတောင် ( )မဂ္ဂဇင်းရယ်လို့ရေးသား ထားသည်ပဲ။

'ဟောတော်…'





အင်ကြင်းနီ မဂ္ဂဇင်းတိုက်ခန်းထဲသို့ ခေါင်းပြူကြည့်လိုက် တော့ ဦးဆူးပွင့်ကို တွေ့လိုက်ရလို့ ဖြစ်သည်။ သူမ ကံကောင်းတာ လား…

အခက်အခဲအမျိုးမျိုး၊ အန္တရာယ်အသွယ်သွယ်တို့ကို ဖြတ် ကျော်ပြီး ချစ်သူထံသို့ အရောက်လာခဲ့သည့်ခရီးမှာ ယခုလို မမျှော် လင့်ဘဲ လွယ်လွယ်ကူကူ တွေ့ရခြင်းအတွက် အင်ကြင်းနီ စိတ်ချမ်း သာမိသည်။

သို့သော် သူမ ဦးဆူးပွင့်အတွက် စိတ်ပူနေမိပြန်၏။ ဒါ… အိမ်ပြန်ရမယ့်အချိန် မဟုတ်ပါလား။ သူ ဘာဖြစ်လို့ပါ လိမ့်။ မိန်းမနဲ့စိတ်ကောက်နေသလားကွယ်။ ဒီလိုတော့ မဖြစ်သင့် ပါဘူးနော်၊ ကိုယ်ချစ်လို့ယူခဲ့တဲ့ မိန်းမတစ်ယောက်အပေါ် အစစ နားလည်အောင် ကြိုးစားသင့်ပါတယ်။

ဒါမှမဟုတ် အလုပ်တွေ အရေးကြီးလို့များ ဒီတိုက်ခန်းထဲ မှာပဲ ညအိပ်နေခဲ့တာလား။

အတွေးများဖြင့် ရင်မောစွာ အင်ကြင်းနီနားခိုနေမိသည်။ တိုက်ခန်းအပေါက်ဝရှိ တံခါးပေါက်နားမှာပဲ မှိုလွှယ်မောလျှနေမိ သည်။ မိုင်ပေါင်းများစွာ ပြေးလွှား ကျော်ဖြတ်လာခဲ့ရသည့်အပြင် ချစ်သူနှင့် ဘဝချင်းခြားခဲ့ပြီဟူသည့် အသိကြောင့်လည်း ဖြစ်လိမ့် မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘာများထူးလို့လဲကွယ်။ ချစ်သူဟာ သေကွဲ မကွဲခင်ကတည်းက ရှင်ကွဲများနှင့် သူမ ရင်ကိုခွဲခဲ့သူပါ။

'အို…'

အခန်းထဲသို့ သူမ လှျောခနဲ တိုးဝင်လိုက်မှ ဦးဆူးပွင့် ဘာလုပ်နေသလဲဆိုတာ အင်ကြင်းနီ သေသေချာချာ မြင်လိုက်ရ၏။

သူ အရက်တွေ သောက်မလို့ပါလား။ သူ့အနားမှာလည်း အသားမည်းမည်း၊ ပုပုဝဝနှင့်ကောင်လေးတစ်ယောက် ရှိနေပြန် သည်။ အင်ကြင်းနီ မြစ်ကမ်းပါးမှာ တွေ့ခဲ့သည့်ကဗျာဆရာသရဲ လေး 'မုန်တိုင်း'ကို သတိရသွားမိသည်။

ချစ်သူရယ် အရက်တွေ မသောက်ပါနဲ့တော့နော်၊ အရှုံး မဝိုင်မိ ရှင် သေသွားမှာ စိုးမိပါတယ်။

မျက်ရည်ပြည့်သော မျက်ဝန်းများဖြင့် အင်ကြင်းနီ သူ့ကို ငေးမောကြည့်နေမိသည်။ သူမ ဘာမှမတတ်နိုင်ခဲ့ပါ။ ဦးဆူးပွင့် က သူ့ဘေးနားမှ ကောင်လေးကို စကားတွေပြောနေခဲ့ပြန်သည်။

'ညီလေးရဲ့ သိလား မင်းက ထင်မယ်… အစ်ကို့ဘဝ ဟာ ပန်းချီကားတစ်ချပ်လို ပြည့်စုံလှပနေတဲ့ ဘဝလို့မဟုတ်လား။ သားနဲ့မယားနဲ့၊ အိမ်နဲ့ယာနဲ့၊ ပြီးတော့ မဂ္ဂဇင်းသုံးခုလောက်ကို ကြိုးကိုင်နေတဲ့ အယ်ဒီတာကြီး။ အဟက် ရယ်ရတယ်နော်…'

သူ့အရက်ခွက်နဘေး နေရာလွတ်၊ စားပွဲပေါ်မှာ အင်





ကြင်းနီ တင်ပါးလွှဲဝင်ထိုင်ရင်း သူ့ကို အနီးကပ်ကြည့်နေမိ၏။ အလို… သူ ငိုတော့မှာလား။ ချစ်သူရယ် အမူးသမားတချို့ဟာ မျက်ရည်လွယ်တတ်သတဲ့နော်။ မူးလို့ကျတဲ့ မျက်ရည်ဟာ တန်ဖိုး မရှိပါဘူးကွယ်…

မည်သို့ပင်ဖြစ်စေ ချစ်သူ့ရင်ခုံသံနှင့် နွေးထွေးနီးကပ်စွာ ဆုံစည်းလိုသဖြင့် အင်ကြင်းနီ သူ့ရှပ်အင်္ကျီအိတ်ထောင်ကလေး ထဲသို့ လှျောခနဲ ခုန်ချလိုက်မိပြန်သည်။ သူ့ရင်ဘတ်ထဲမှာ ကြွက် ကလေးတစ်ကောင်နှယ်၊ သားပိုက်ကောင်လေးနှယ် နွေးထွေးစွာ ခိုဝင်ရင်း ရှပ်အင်္ကျီအိတ်ကပ်လေးမှ ခေါင်းပြူပြီး ချစ်သူ့မေးဖျား သို့ မော့ကြည့်ငေးမောနေလိုက်သည်။

ဦးဆူးပွင့်က အရက်ခွက်ကို ဆွဲယူမော့သောက်ပစ်လိုက် တော့ အရက်များ ပရမ်းပတာ သူ့ရင်ဘတ်ပေါ် စီးကျလာခဲ့သည်။ အိုကွယ်… ကျွန်မကို ရွှဲစိုကုန်ပါပြီ…

'ညီလေးရဲ့ ငါ့ဘဝကြီးမည်းမှောင်မွန်းကျပ်ခဲ့တာ ကြာပြီ ကွ… သိရဲ့လား… ကြာပြီ… အပေါယံပကာသနတွေနဲ့ တောက် ပလင်းလက်နေတဲ့ ကိုယ့်ဘဝကို ဒီနေ့တော့ အရင်းအတိုင်း ညီလေး မြင်ရလိမ့်မယ်… ဒီနေ့မှ အစ်ကို ရင်မဖွင့်ရရင် အစ်ကို့ရင်တွေ ကွဲထွက်ကုန်လိမ့်မယ် သိလား… ညီလေး…'

ဘာလဲ… ညီ မကျေနပ်ဘူးလား… ထားလိုက်စမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



ကွာ…မင်းမြို့က ဘယ်အချိန်မှပြန်ပြန် ရောက်ပါတယ်… မနက်ကျ အစ်ကိုကိုယ်တိုင် လေယာဉ်လက်မှတ် လိုက်ယူပေးမယ်။ ကျေနပ်လား နားထောင်ပေးစမ်းပါကွာ။ ဟောဒီကလူလိမ္မာ၊ လူစွမ်းကောင်း အချစ်သူရဲကောင်းကြီးရဲ့ အကြောင်းလေ…'

ရင်ကွဲသံကြီးနှင့် ဦးဆူးပွင့် ငိုညည်းနေတော့ ဘေးနားမှ ကောင်လေးက မကြည့်ရက်ပုံ ဖြစ်နေလေသည်။

'အစ်ကို… အရမ်းမူးနေပြီ… တော်ပါတော့ဗျာ… ကျွန်တော် အစ်ကို့မိန်းမဆီ အကြောင်းကြားပေးမယ်… သူလာခေါ်လိမ့်မယ်နော်…'

'တော်… တော်ပါတော့ကွာ… အစ်ကို သူ့ကို နာကျည်းတယ်။ လူတစ်ယောက်လုံးကို တစ်ပါးကျွန်လို အပိုင်ရ၊ စိုးမိုးနေနိုင်တဲ့ကြားက အရာရာမှာ မကျေနပ်တိုင်ဖက်ပြချင်တဲ့ မိန်းမ စာနာမှုမရှိတဲ့မိန်းမ…'

'ဒါကတော့ အစ်ကိုရယ်… သူလည်း မိန်းမသားတစ်ယောက်ပဲ မိန်းမဆိုတာ အူတိုတတ်တယ်… ယောကျ်ားကို အဆုံးစွန်ထိ ချစ်တတ်တယ်'

'ဒါပေမဲ့ သူ့အချစ်တွေကြောင့် ငါ့ဘဝသေဆုံးသွားရပြီကွ… သေဆုံးသွားရပြီ'

တိုင်ကပ်နာရီသံ တချက်ချက်က ဦးဆူးပွင့်ရဲ့ တဒိတ်ဒိတ်





သွေးခုန်နှုန်းနှင့် အပြိုင်။ စကားဝိုင်းတစ်ခုလုံး တဒင်္ဂတိတ်ဆိတ်သွားပြန်သည်။ ဘာတွေလဲ… သူဘာတွေပြောနေသလဲကွယ်…

အင်ကြင်းနီမှာ သူ့ရင်ဘတ်ကို ကျောမှီလျက် ဖြေလျှော့ခွေလျော့စွာနေ… နေမိသည်။

'ဒီတစ်ညတော့ ညီလေး မအိပ်နဲ့တော့ မင်း အချိန်တွေအားလုံး အစ်ကို့ကို ပေးရမယ်'

ဦးဆူးပွင့်က ကလေးဆိုးကြီးနယ် ပြောလိုက်သည်။

'အချိန်တော့ပေးပါတယ် အစ်ကိုရယ်… အရက်တော့ တော်တော့ဗျာ… တော်ကြာ တစ်ခုခုဖြစ်နေရင် မကောင်းဘူး…'

'အေးပါ… အေးပါ… မင်းတော်ဆို ငါတော်ပါ့မယ်… အစ်ကို့အကြောင်းတော့ နားထောင်ပေးပါကွာ… အား… ဒီကနေ့ဟာ အစ်ကို့အတွက် ငြိမ်းချမ်းရေးရတဲ့နေ့ပါပဲ… ရက်ပေါင်းများစွာ မိန်းမရဲ့လက်အောက်မှာ လွတ်လပ်မှုတွေ ပျောက်ဆုံးနေခဲ့ရတာကနေ… ငြိမ်းချမ်းရေးရတဲ့နေ့ပဲ…'

'မဟုတ်သေးပါဘူး အစ်ကိုရာ… အဲဒီမိန်းမကိုလည်း အစ်ကိုနှစ်သက်လို့ ယူခဲ့တာ မဟုတ်လား… ဒီလိုမပြောသင့်ပါဘူးဗျာ…'

အင်းလေ… ဒီလိုတော့ မပြောသင့်ပါဘူး… အင်ကြင်းနီ သံယောင်လိုက်မိရင်း သူ့မေးစေ့ကို လက်ဖြင့် လှမ်းထိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူသိသည်မဟုတ်ပါ။

တစ်နေ့ကုန် ညောင်းညာနေကြလို့ထင့်... တိုက်ခန်းထဲမှာ စာအုပ်တွေကြားမှာ သူတို့ကတ်သီး၊ ကတ်သတ်၊ ခွေခွေခေါက်ခေါက် လဲလျောင်းနေလိုက်ကြသည်။ သူတို့အိပ်ရာကလည်း စောင်မရှိ၊ ခေါင်းအုံးမရှိ၊ ဘာဆိုဘာမျှ မရှိ။

ဦးဆူးပွင့်က သူ့လက်မောင်းအိုးကြီးများကို ရင်ဘတ်ပေါ်တွင်တင်ပြီး လက်ပိုက်လိုက်သဖြင့် အင်ကြင်းနီ အသက်ရှူကျပ်သွားရသည်။ သူ့အိတ်ထောင်လေးထဲမှလည်း သူမ မနည်းတိုးထွက်လိုက်ရ၏။ အိတ်ထောင်ထဲမှာနေလို့ မရတော့။ နောက်ထပ်သင့်တော်မည့်နေရာတစ်ခုကို ရှာကြည့်ရပြန်သည်။

နောက်တော့ ဦးဆူးပွင့်ရဲ့ လည်ပင်းအောက်မှာ ကြောင်တစ်ကောင်နှယ် သူမ ရစ်ခွေလဲလျောင်းလိုက်သည်။

'သိလား ညီလေးရဲ့ ... အစ်ကိုတို့နှစ်ယောက် စတင်တွေ့ကြတော့ သူက ကလေးတစ်ယောက်လို အပူအပင် ကင်းမဲ့စွာ ရယ်မောရွှင်ပျနေခဲ့တယ်။ တကယ့် လမင်းလေးပါပဲ။ သူ့ပတ်ဝန်းကျင်တစ်ခုလုံးကို လင်းလက်အေးမြစေသူလေးပဲ။

ဒီလိုနဲ့ သူကလေး ရထားပေါ်နမော်နမဲ့ အတက်မှာ မတော်တဆ ပြုတ်ကျသွားခဲ့တယ်။ ဒါပေမဲ့ ကိုယ် အချိန်မီလှမ်းဆွဲနိုင်ခဲ့တယ်လေ... တကယ့် ရုပ်သေးရုပ်လေးလို သူကလေး





ပျော့ခွေပါလာခဲ့တယ်။

ဇာတ်လမ်းအစမှာတော့ ကိုယ်ဟာ တကယ့်သူရဲကောင်းပါပဲ။ ဒါပေမဲ့ကွာ အစ်ကို သူ့ကို ဝေဒနာတွေ တနင့်တပိုးပေးခဲ့မိတယ်... အစ်ကို သူ့ကို နှိပ်စက်သလိုဖြစ်ခဲ့ရပါတယ်'

'ဘယ်သူလဲ အစ်ကို...'

ကောင်လေး၏အမေးစကားကို ဦးဆူးပွင့် တော်တော်နှင့် မဖြေနိုင်။ သူ အရမ်းကို ခံစားနေရပါ၏။ အတန်ကြာမှ အံကို တင်းတင်းကြိတ်ပြီး သူ ပြောလိုက်နိုင်သည်။

'အင်ကြင်းနီလေကွာ၊ ငါ့ရင်ထဲက စံပယ်ဖြူလေး...'

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း(၁၁)

ဘူတာမှာကတည်းက သည်လက်ပံပင်ဆက်ရက်ဂျာ အုပ်စုကလေးကို ဆူးပွင့် သတိထားမိသည်။ ကလေးမက လူကြီးမကျ၊ မချောလေးများသည် ကျောင်းဆရာမလေးများလည်း ဖြစ်နေပြန်သည်။ သူတို့အထဲမှာ ပိုပြီး ဆွဲဆောင်မှုအကောင်းဆုံး ကောင်မလေးကတော့ ယခု လိုက်ပါမည့်ကောင်မလေး ဖြစ်လေသည်။

အရုဏ်ဦးမှာ ဖူးပွင့်တော့မည့် စံပယ်ဖြူလေးနှယ် ဖူးငုံလတ်ဆတ်မှုမျိုးနှင့် ကြည်စင်ဝင်းပသည့် မချောလေးသည် သူ့ရင်ကို တစ်လျှောက်လုံးစိုးမိုးတော့မည်မှန်း ထိုစဥ်က ဆူးပွင့်မသိရှိခဲ့ပါ။

မကြာမီ ရထားဘူတာထဲသို့ ဝင်လာခဲ့၏။ ဆူးပွင့်မှာ ယောကျ်ားပီပီ လျှင်မြန်ဖျတ်လတ်စွာ ရထားပေါ်သို့ ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သွားသော်လည်း ကောင်မလေးကတော့ သူငယ်ချင်းများနှင့် ရထားအောက်မှာရှိတုန်းဖြစ်သည်။

'အင်ကြင်းရေ… တက်… တက်လေ… ရထားထွက်တော့မယ်… ဥသြဆွဲနေပြီ…'

'နေဦးဟ… ဆင်းတဲ့သူတွေ မကုန်သေးဘူး…'

'မကုန်… ကုန်ကုန်… အတင်းတိုးတက်လိုက်…'

သူမတို့ ပြာယာခတ်နေကြဆဲ ရထားကလည်း စတင်ထွက်ခွာခဲ့သည်။ တကယ်တော့ အရှိန်နှေးနှေးလေးပါပဲ။ သို့သော် ကောင်မလေးများမှာ ရထားနှင့်ကျွမ်းကျင်စွာ ခရီးသွားဖူးပုံမရ။

'ဟဲ့… ဟဲ့… အို…'

ကောင်မလေးက အတင်းကိုတိုးတက်ပြီး ပရမ်းပတာဖြစ်နေဆဲ ရထားပေါ်မှ လူတစ်ဦး ရထားထွက်ခါနီးမှ တိုးဆင်းလိုက်သည်နှင့် ကြုံကြိုက်သွားခဲ့သဖြင့် သူမ လိမ့်ကျမလို ဖြစ်သွားခဲ့သည်။

အနားမှာရှိသည့် ဆူးပွင့်၏ လျင်မြန်ဖျတ်လတ်စွာ ဆွဲထားနိုင်မှုကြောင့် ကောင်မလေး သူ့လက်ထဲမှာ ပါလာခဲ့ရခြင်းဖြစ်လေသည်။

အို… လိပ်ပြာငယ်လှသည့် ကောင်မလေးရယ်… ရထားပေါ်မှကျမလို့ လုပ်ခနဲ ဖြစ်သွားရသည်နှင့် သတိက လစ်လို့နေပါပြီကော။ ပျော့ခွေနေသည့် ကောင်မလေးကို တွဲခေါ်ပြီး ဆူးပွင့် သူ့ထိုင်ခုံမှာ မှီထိုင်စေလိုက်သည်။ သူကတော့ ရပ်လျက် လိုက်ပါလာခဲ့သည်။





သတိလစ်နေသည့် ကောင်မလေးကို ဘေးမှအဒေါ်ကြီးများက ရှူဘူးလေးများ၊ လိမ္မော်ခွံများဖြင့် ဝိုင်းဝန်းကုသပေးနေကြသည်။ ချစ်စရာ မြန်မာခလေ့တစ်ခုပါပဲ။

ကောင်မလေးကလည်း ရထားတလှုပ်လှုပ်ကိုများ ပုခက်နှင့် အမေချော့သိပ်နေသည် ထင်နေသလားမသိ၊ သတိလစ်တာနှင့် ရောအိပ်နေပုံရလေ၏။

ဘူတာစဉ်တော်တော်များများကို ကျော်လာတော့မှ သူကလေး အိပ်ရာမှနိုးလာတော့သည်။ အလို… မျက်တောင်လေးတွေ လှုပ်ခတ်နိုးထလာပုံက ရွှေလိပ်ပြာတောင်ပံခတ်သည့်နှယ်။ ချစ်စရာကောင်းလိုက်ပါဘိ။

အိပ်ရာမှနိုးထသွားစဉ် သူကလေး ထိတ်လန့်သွားလေသည်။ အခြေအနေကို သူမ ရိုးတိုးရားတား ဖြစ်နေပုံရသည်။

'နေ… နေ… ချာတိတ်။ မင်း ဘာမှမဖြစ်ပါဘူး။ အခု သတိရသွားပြီလား။ မင်း လန့်သွားတာပါ။

'ဟို… ကျွန်မ… ကျွန်မ ပစ္စည်းတွေရော…'

ဪ သူကလေးက ဥစ္စာခြောက်နေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



'ရှိတယ်… ရှိတယ်… ဒီမှာ စင်ပေါ်မှာ မင်းအိတ် ဒီမှာ ဆွဲခြင်း၊နောက်ဘာပါသေးလဲ…'

သူမ ကိုယ့်ပစ္စည်းတွေကို စစ်ဆေးနေစဉ် ဆူးပွင့်လည်း ဆင်းရမည့် ဘူတာသို့ရောက်ရှိလာခဲ့သည်။

'ကဲ… ချာတိတ် ကိုယ်ဆင်းတော့မယ်… ရပြီနော်…'

သူကလေး နဝေတိမ်တောင်ဖြစ်နေစဉ် ဆူးပွင့်ရထားပေါ်မှ ဆင်းခဲ့ရသည်။ သူ့ရင်ထဲမှာ တစ်စုံတစ်ရာကို နှမြောကြေကွဲမိသလို လှပ်ဟာကြေကွဲနေရတာ ဘာကြောင့်မသိ။ ဘုရားရေ… သူ… သူကလေးကို ချစ်မိပြီလားကွယ်…'

အို… သွားစမ်းပါ… ငါတို့တွေ့ကြတာ နာရီပိုင်းမျှသာပါ… အချိန်ပိုင်းလောက်မျှနဲ့ မိန်းမတစ်ယောက်ဟာ မင်းယောကျ်ားတစ်ဦးရဲ့ ရင်ကို စိုးမိုးနိုင်သတဲ့လား… ခက်ပဲခက်ရချည်ရဲ့ ဆူးပွင့်ရယ်…

သို့သော် ကောင်မလေး၏ အသွင်သဏ္ဌာန်တစ်ခုလုံး ဆူးပွင့်ရင်ထဲမှာ ပါလာခဲ့၏။

ရှေးခေတ်… ကမ္ဘာဦးကတည်းက အချစ်ဟာ တိတ်တခိုး ဝင်လာတတ်သတဲ့…

ယခု သူ့ရင်ကို ကောင်မလေးဟာ ပိုးစိမ်းလေးနှယ် တွယ်ငြိခဲ့ပြီလား… ရင်ကို ထိရှစေလိုက်တာကွယ်….





သူမရဲ့ ပိုးချည်မျှင် ဆံချည်နွယ်လေးတွေကြောင့်လား..

အိစက် ဖွေးလက်တဲ့ လက်မောင်းတွေကြောင့်လား…

သွယ်လျ ပြည့်ဖြိုးသည့် ကိုယ်နေဟန် ကြော့ကြော့ရှင်းကြောင့်လား…

ဘာကြောင့်လို့ပြောလို့ မရသည့်အထဲမှာ ရှုဘ်ခမ်းလေးတွေ မျက်တောင်ကော့လေးတွေပါ ပါဝင်နေပြန်သည်။

အို… ကမ္ဘာပေါ်မှာ မိန်းမလှပေါင်း မြောက်များစွာ ကိုငါတွေ့ခဲ့ဖူးပါရဲ့…

မင်းနဲ့ကျမှ ငါ့နှလုံးသားတွေ ရီဝေသွန်းရှကုန်ပြီ ထင်ပါရဲ့ကွယ်…

သို့သော် ဘယ်လိုမှ မဆုံစည်းနိုင်မည့် အချစ်တစ်ခုဟာ သူ့ရင်မှာ မွေးဖွားအမြစ်တည်ခဲ့ပြီဆိုတာတော့ သူ မတွေးတောမိခဲ့ပါချေ။

❖ ❖ ❖

ဆူးပွင့်ရောက်ရှိပြီး နောက်တစ်နေ့ မနက်မှာပင် အမေ့အိမ်မှာ သူ့အတွက် ညှော်ခံပွဲလေး ကျင်းပခဲ့ကြသည်။

ဆူးပွင့်နှင့် ရွှေစင်ရတနာတို့၏ စေ့စပ်မင်္ဂလာပွဲလေးပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက အလုပ်တွေ မအားလပ်သည့်ကြားထဲက ဆူးပွင့်အိမ်ပြန်ခဲ့တာ ဒီအကြောင်းကြောင့်ပဲ မဟုတ်လား။

ရွှေစင်ရတနာသည် အမေ သဘောကျသည့် အလိမ္မာ၊ အိမ်ပါဖြစ်သည့်အပြင် ဆူးပွင့်နှင့်လည်း တစ်မြို့တည်းသားချင်း၊ ကျောင်းနေဖော်ဖြစ်လေသည်။ သူမသည် သူ့ဘဝကို အရာရာ နားလည်မည့်သူဟု ဆူးပွင့်ယုံကြည်မိသူလည်း ဖြစ်သည်။

စာပေသမားတစ်ယောက်၏ ဘဝကို ပါရမီဖြည့်မည့် သူဟုလည်း ဆူးပွင့်နားလည်မိသည်။

စေ့စပ်ပွဲလေးက အကျဉ်းရုံးပါပဲ။ သူက တိတ်ဆိတ်မှု ကို နှစ်သက်သည်။ ပကာသနတွေ ဘာလုပ်ဖို့လဲ။

ရွှေစင်ရတနာ၏ အပေါင်းအသင်းများသာ ဒီပွဲမှာ များပြား ခဲ့လေသည်။

'ရွှေစင်ရေ... ကဗျာဆရာကတော်ဆိုတာ မလွယ်ဘူး နော်... အငတ်ခံနိုင်ရတယ်... တဲ့... နင် လေ့ကျင့်ပြီးပြီလား... ထမင်း ဘယ်နှနပ်ထိ အငတ်ခံနိုင်သလဲ...'

'အိုး... ဘယ်တော့မှ မငတ်စေရဘူး... သူ့ကို တစ်သက်လုံးရှာကျွေးပါ့မယ်လို့ ဘုရားမှာ သစ္စာဆိုပြီးသား...'

ရွှေစင့်စကားကြောင့် တစ်ဖွဲ့လုံး အုန်းအုန်းလန်အောင် ရယ်မောကြသော်လည်း ဆူးပွင့်ငေးကြောင်နေမိသည်။ ဒါ စကား





အဖြစ်ပြောတာပါ၊ သူကလည်း နလပိန်းတုံးကြီးမဟုတ်... သို့ သော် သူ့ဝိဉာဉ်များက ပူးချည်၊ ခွာချည်။

အိုး... တကယ်ဆို သူပျော်နေရမှာပါ.. ရွှေစင်ရတနာ ကို သူ ချစ်ခဲ့တယ် မဟုတ်လား... ချစ်တယ်ထင်တာပဲ... ခက် လိုက်တာနော်... အပျော်ဆုံး သုံးရက်မှာ စေ့စပ်တဲ့ရက်ရော မပါ ဘူးလား...။

သူ စံပယ်ဖြူလေးကို သတိရနေမိပြန်သည်။ ရွှေစင်၏ နှင်းဆီတစ်ပွင့်လို ရူးရူးရှရှ ပြက်ပြက်ထင်ထင် အလှထက်စံပယ်ပွင့် လေးရဲ့ ကြည်ကြည်စင်စင် မှေးမှေးမှိန်မှိန်အလှကိုမှ ဘာလို့သတိရ စွဲမက်နေမိတာလဲ....

ယောက်ျားတွေဟာ မကောင်းပါဘူး။ ငါတို့နှလုံးသား ဟာ မျောက်စိတ်လိုပဲလား။ လွတ်မယ့်ငါးမှ ပိုကြီးနေသတဲ့လား... ရွှေစင့်ကို ငါချစ်မှဖြစ်မယ်။ ဆူးပွင့်ရင်ထဲမှာ အတွေးများဖြင့် မည်း မှောင်တင်းကြပ်နေမိသည်။ သူ အထီးကျန်နေမိ၏။

'ကို... မပျော်ဘူးလားဟင်..'

တိုးတိတ်ညင်သာသော ရွှေစင့်အမေးကြောင့် လွင့်မျော နေသည့် သူ့လိပ်ပြာများ ဆတ်ခနဲနိုးထသွားရသည်။

ဘဝမှာ တွေဝေနေလို့မဖြစ်ပါ။ သူသည် ယောက်ျား ကောင်းတစ်ယောက် ဖြစ်ရန်သာအလိုရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပျော်ပါတယ် ရွှေစင်ရယ်… အပျော်လွန်ပြီး ကိုယ် ကြောင်သွားတာပဲ ဖြစ်ရမယ်…'

'မညာပါနဲ့နော်… ကို့ကို ရွှေစင်ကြည့်နေတာကြာပြီ… ကို မပျော်ပါဘူး… ရွှေစင် ငိုချင်တယ်သိလား… ရွှေစင် ကို သိပ်ပျော်သွားအောင် ဘာလုပ်ပေးရမလဲဟင်…'

ဒီလိုဆိုပြန်တော့လည်း ရွှေစင့်ကို သူ သနားသွားမိပြန် သည်။

'ဟာ… မဟုတ်ပါဘူးကွာ… ပျော်ဘာပေါ့… ကိုယ် ပျော်ပါတယ် အချစ်ရယ်… ဒီလိုပဲကွ ကိုယ်တို့လို လူမျိုးတွေဟာ ကြောင်တောင်တောင်ရယ်… ကို… ကိုယ်ရေးမယ့် ဝတ္ထုတစ်ပုဒ်ရဲ့ ဇာတ်သိမ်းခန်းကို သွားသတိရနေလို့ပါ… ကို့ဇာတ်လမ်းကို ပေါင်း ပေးရမလား… တမြည့်မြည့် ဆွေးစေရမလားလို့ တွေးနေမိလို့ ပါ…'

'ပေါင်းပေးလိုက်ပေါ့ ကိုရယ်….ဒါ အကောင်းဆုံးပေါ့'

'ဟုတ်ပြီ… ပေါင်းပေးလိုက်မယ်နော်… ခုလို ရွှေစင်နဲ့ ကိုယ့်လိုပေါ့ကွာ… ဟုတ်ပြီလား'

ဆူးပွင့်က စကားတွေ ဖာထေးနေရသည်။ တကယ်ဆို သူ ပျော်ရမှာပါ။ အမေက သူ့သဘောကျလိုက်လျော စေ့စပ်ပေး ခဲ့သူသာ ဖြစ်သည်။





'တော်ပါ… ကိုပိုကြီး ရွှေစင့်ကိုညာနေတာ… သူမပျော် တာ ဝမ်းနည်းတယ်သိလား… မင်းသမီးရယ် ထဘီကျွတ်မကျ လိုက်ပါနဲ့… အိမ်ထောင်ရေးဟာ ဆားမပါတဲ့ဟင်းလိုပေါ့ပျက်ပျက် နဲ့တဲ့ကွ၊ ကဲ… ခု… ကို ပျော်ကြောင်း ဘာလုပ်ပြမှ မင်းယုံမလဲ ပြော… ကိုယ် ကပြရမလား… ကျွမ်းထိုးပြရမလား၊ ဒါမှမဟုတ် နှစ်ပါးသွားကပြရမလား၊ မင်းသမီးကတော့ လုပ်ရမယ်နော်'

ရွှေစင်က မျက်စောင်းထိုးပြီး ဆူးပွင့်၏ လက်မောင်းကို ဆွဲလိမ်လိုက်သဖြင့် ကြည့်နေသူများအားလုံး ဝိုင်းဝန်းရယ်မောလိုက် ကြသည်။

လူသားအားလုံး ရယ်မောနိုင်ကြပါစေ…

ကောင်မလေးရယ်… ငါ့ရင်ထဲက ထွက်သွားပါတော့ နော်… ငါတို့နှစ်ယောက်ရဲ့ တွေ့ဆုံခြင်းဟာ မကောင်းသော တွေ့ဆုံခြင်းပါ…

ကမာကောင်ရဲ့ ရင်ထဲကဆူးဟာ တစ်ချိန်မှာ ပုလဲရတနာ ဖြစ်ကောင်းဖြစ်လာပေမယ့် ငါတို့ရင်ထဲက ဆူးကတော့ ငါတို့နှလုံး သားများကိုသာ ကြေကွဲနင်းဖြတ်သွားခဲ့မှာပါ…

ဘယ်သောအခါမှ ထပ်မံမဆုံစည်းကြပါရစေနဲ့လို့ ကိုယ် ဆုတောင်းလိုက်ပါတယ်…

တို့ဘဝတွေ သမုဒ္ဒရာ ခုနစ်စင်းခြားပါစေ၊ တောင်တန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ အထပ်ထပ်ပိတ်ဆီးပါရစေ၊ မျက်ဝန်းအပြာရောင်နဲ့ စံပယ်ဖြူလေးရေ… ငါတို့တွေ ပင်လယ်ကြီးခြားနေပါရစေနော်…

❖ ❖ ❖



## အခန်း(၁၂)

တစ်ခါတစ်ရံ ကံကြမ္မာကြီးသည် အကျီစားသန်လွန်းလှပေ၏။

ကံကြမ္မာသည် အံ့သြဖွယ်ရာ ရက်စက်သူလည်း ဖြစ်တတ်သည်။

သူ့ရဲ့ကိုယ်ကျင့်တရားကိုများ မှတ်ကျောက်တင်ကြည့်လိုသလား‥ သူ့ရဲ့ နှလုံးသားကိုများ သံမဏိလို မာ… မမာ စမ်းသပ်ကြည့်လိုပြန်သလားလေ…

ဆူးပွင့်၏ ဆုတောင်းများမပြည့်ဝခဲ့ပါ။

စေ့စပ်ပွဲမှပြန်လာပြီးနောက် သူ အိမ်ကလေးမှာ မနားတော့။ နေ့မအိပ်၊ ညမအိပ် အလုပ်တွေလုပ်ဖို့၊ ပန်းချီဒီဇိုင်းတွေဆွဲဖို့ ကဗျာတွေရေးဖို့တွေသာ ခေါင်းထဲထည့်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဝန်းကျင်မှာ ဘာတွေဖြစ်နေသလဲ။ သူ မလေ့လာမဆန်းစစ်မိတော့သည်အထိ ဖြစ်သည်။ သူ့မှာ ရွှေစင့်ကိုလည်း သတိမရ၊ မည်သူ့ကိုမှ သတိမရနိုင်အောင် ဖြစ်နေရသည်။

ကဗျာဆရာပီပီ… သူ 'အချစ်' ကို ဇီဇာကြောင်နေမိပါ၏။ သူ ရွှေစင်နှင့် စေ့စပ်ပြီးခဲ့ပြီ။ ရွှေစင့်ကို မချစ်ဘူးလား။ ဒီလို မဟုတ်ရပြန်။

ငါ့ရင်ထဲက ဆူးကလေးရယ်… နင်ထွက်သွားလိုက်ပါတော့နော်… ဒါဆို အားလုံးကောင်းသွားမှာပါ…

ယနေ့တော့ သူ အလုပ်မှ စောစောပြန်လာခဲ့မိသည်။ စောစောဆိုတာ ရှစ်နာရီလောက်ရှိနေလေပြီ။ လမ်းမှာ ငေါင်တောင်တောင်ဖြင့် စားစရာတစ်ခုခု ဝယ်မလာခဲ့မိသဖြင့် ထမင်းနှင့်ဘဲဥကြော်စားဖို့ သူပြင်ဆင်နေရသည်။

အလို… တစ်ဘက်ခန်းမှာ လူသစ်တွေရောက်နေပြီ ထင်ပါရဲ့။ အသံဗလံများကို ကြားနေရသဖြင့် ဆူးပွင့် သိနေရသည်။

အင်း… ကိုယ့်ဘေးခန်းမှာ လူသစ်ရောက်တာတောင် မသိအောင် သူအလုပ်ရှုပ်နေမိခဲ့ပါလား…

သည်စဉ် ဆူးပွင့်၏ အိမ်တံခါးကို တစ်စုံတစ်ယောက်လာခေါက်ခဲ့သည်။ ဘယ်သူလဲ မီးဖိုဘက်မှ သူ ထွက်လာပြီး တံခါးဖွင့်ပေးလိုက်၏။





'ဟင်…'

ကံကြမ္မာကြီးရယ်… ရက်စက်လှချည့်။ ဒီလောက်တော့ အကျိုးစားမသန့်သင့်ပါဘူး။

'ကျွန်မတို့က ဟိုဘက်ခန်းကို ပြောင်းလာတဲ့ အိမ်နီးချင်းအသစ်တွေပါ… ဦးဆူးပွင့်ကို မိတ်ဆွေဖြစ် ခေါက်ဆွဲကြော်တွေလာပို့တာပါရှင်… ကျွန်မက ကဗျာတွေ စိတ်ဝင်စားတယ် ကဗျာဆရာတွေကိုလည်း လေးစားခင်မင်တတ်ပါတယ်'

ဝင်လာသည့် သူ့စံပယ်ဖြူလေးက သူ့ကို တစ်ခါမှ မသိဘူးသူနှယ် မိတ်ဆက်စကားပြောပြီး ပူပူနွေးနွေး ခေါက်ဆွဲကြော်လင်ဗန်းကို စားပွဲပေါ်သို့ ထိုးတင်ခဲ့သည်။

'ကျွန်မ ထိုင်မယ်နော်'

ပြောပြီး ကုလားထိုင်တစ်ခုမှာ ဝင်ထိုင်လိုက်ပြန်သည်။ ဆူးပွင့်၏အခန်းက လူပျိုခန်းပီပီ နည်းနည်းတော့ ကသောင်းကနင်းဖြစ်နေသည်။ သို့သော် သူမက ကုလားထိုင်တစ်ခုမှ ထိုင်ဖြစ်အောင် ထိုင်သည်။

'လူပျိုခန်းကလည်း ညစ်ပတ်လိုက်တာ'

သူမက မကြားတကြား ကဲ့ရဲ့ပြန်၏။ ငါ့ကို မမှတ်မိဘူးလား ကောင်မလေးရယ်… ငါ့ကို ဆူးပွင့်အဖြစ်နဲ့ပဲ မင်းအသိအမှတ်ပြုသလား။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ရထားပေါ်က အဖြစ်အပျက်ကို မင်း မေ့သွားပြီလား။

'အိမ်ရှင်အန်တီက ဒီအခန်းမှာ ကဗျာဆရာ ဦးဆူးပွင့်နေတယ်ဆိုတော့လေ ကျွန်မမှာ ဝမ်းသာသွားလိုက်ရတာ… ကျွန်မလည်း ကဗျာလေးတွေ တစ်ပုဒ်စ၊ နှစ်ပုဒ်စရေးတယ်ရှင့်။ ဦးဆူးပွင့်တော့ ကဗျာတွေကို ပေ..ာတစ်ပုဒ်၊ ဟောတစ်ပုဒ်ထွက်အောင်ဘယ်လို ဖျစ်ညှစ်ရေးတယ်မသိဘူးနော်… ဟို… ဒီလိုလေ… စော်ကားတာ မဟုတ်ဘူးနော်… ကျွန်မနဲ့ နှိုင်းစာကြည့်လို့ပါ… ကျွန်မမှာဖြင့် တစ်လမှ ကဗျာလေးတစ်ပုဒ်လောက် မနည်းရေးရတဲ့ကြားထဲ မဂ္ဂဇင်းတိုက်က အယ်ဒီတာတွေကလည်း ဖတ်တောင်ကြည့်ရဲ့လား မသိပါဘူးရှင်… ပယ်ချတာချည်းပဲ။ ဦးဆူးပွင့်ဆီမှာ တပည့်ခံရမယ်သိလား… ကျွန်မကို ဆရာစားမချန် သင်ပေးရမယ်နော်…'

'ကဗျာဆရာဆိုတာ ခံစားချက်ရှိမှ အမြင်စူးရှမှ အရာရာကို ထိရှတတ်မှ ရေးလို့ရမှာပေါ့'

သူ ကောင်မလေးကို တစ်ခွန်းဝင်ပြီး ဆွေးနွေးမိသည်။ ပြောချင်ရာပြောနေသည့် ကောင်မလေးသည် သူ့ရင်ကို နင်းချေမည့် ကဝေမလေးဖြစ်သည်။ မင်း… ငါ့ကိုမမှတ်မိဘူးလား ကွယ်… အေးလေ… မှတ်မိတော့ရော ဘာလုပ်လို့ရမှာတဲ့လဲ။



သူ့အဖြစ်ကဖြင့် ဇာတ်လမ်းဆုံးခဲ့ပြီ။

'ဩော်… ဟုတ်လား။ မသိပါဘူးရှင်… ဦးဆူးပွင့်ကတော့ ခံစားချက်တွေရှိလို့ ရေးလို့ထွက်တာပေါ့နော်။ ဒုက္ခပါပဲ ခံစားချက်ရအောင် ဘယ်လိုလုပ်ရပါ့မလဲ… ကဲ… ကဲ… ဦးဆူးပွင့် ခေါက်ဆွဲကြော် စားလိုက်ပါဦး။ အချဉ်သုတ်နဲ့ ဟင်းချိုလည်း စီစဉ်လာပါတယ်… စားနော်… အားမနာနဲ့… ကျွန်မ အရမ်းဝမ်းသာနေတာရှင့်…'

'ဆူးပွင့်ဖြစ်နေတဲ့အတွက်လား… ဒါပဲလား'

ခေါက်ဆွဲကြော်များကို ကိုယ့်ပန်းကန်နှင့်လဲလှယ်ယူရင်း သူ မအောင့်နိုင်စွာ မေးမိသည်။ ကိုယ့်ရင်ထဲမှာ နေရာယူနေသည့် မိန်းကလေးသည် ကိုယ့်ကို နည်းနည်းတောင်မသိရှိဘူးတဲ့လား… သူ မခံမရပ်နိုင်အောင် ဖြစ်နေလေသည်။

ဆူးပွင့်အမေးကြောင့် အပေါ်ယံစကားများဖြင့် တမင်ဆူညံဖုံးဖိထားသည့် ကောင်မလေးသည် သူ့ကိုငေးကြည့် တိတ်ဆိတ်သွားခဲ့သည်။

သူကလေး ညာလို့မရတော့။

'ရထားပေါ်မှာ ကျွန်မအသက်ကို ကယ်ခဲ့တဲ့အတွက်ရော ဦးဆူးပွင့်ဖြစ်နေတဲ့အတွက်ပါ ကျွန်မ အရမ်းဝမ်းသာမိခဲ့ပါတယ်'

မိန်းမဆန်သည့် အသံလေးမှာ တိုးလျှညင်သာလွန်းသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆူးပွင့်နှလုံးသားနှင့် နားဆင်မိခဲ့သည်။

စောစောက တိတ်ဆိတ်၊ မျက်မှောက်ကျုံ့နေမိသမျှ ယခုမှ ဆူးပွင့်လင်းလက်သွားခဲ့တော့သည်။ ငါလိုချင်တာ ဒါပါပဲကွယ်…

မင်းလည်း ငါ့ကို သတိရနေတယ် မဟုတ်လား။ သူကလေး ပြန်ထွက်မသွားခင် ဆူးပွင့် ကြည်ကြည်လင်လင် ပြုံးပြလိုက်ပါသည်။

❖ ❖ ❖

သူ… ညက အိမ်မက် မက်ခဲ့သည်။ အံ့သြစရာ တစ်ကြိမ်တစ်ခါမျှ တွေ့ရုံနှင့် သူ့အိမ်မက်ထဲမှာ အင်ကြင်းနီက စိုးမိုးခဲ့ပြီ။ ခွင့်လွှတ်ပါ… ရွှေစင်ရဲ့ကာနာ၊ အိမ်မက်ဆိုတာ ကိုယ့်စိတ်ရဲ့အဖြေမှန်ဆိုလည်း အိမ်မက်ကို ဖန်တီးထုဆစ်လို့ မရပါဘူး…။

ဆူးပွင့်ရဲ့အိမ်မက်ကလည်း သာယာကြည်နူးဖွယ် မကောင်းပါ။ အိမ်မက်မှ နိုးထတော့ သူ မောပန်းနွမ်းလျနေမိသည်။

အိမ်မက်ထဲမှာ သူက မာရသွန်အပြေးသမားကြီးနှယ်… မရပ်မနား ပြေးနေရ၏။ သူ့ရဲ့ပန်းတိုင်က ဘယ်မှာလဲ။ ပန်းတိုင်ကိုလည်း ဆူးပွင့် မမြင်ရပါ။ ထို့အတူ မောပန်းလွန်းလို့ ရပ်နား





…ျင်ပြန်တော့လည်း ရပ်နားခွင့်မရခဲ့။ ဘယ်လိုအိမ်မက်ကြီးတဲ့လဲကွယ်…'

သူက သမုဒ္ဒရာတွေအပေါ်မှာ ကျိုန်စာတစ်ခုနှယ် မရပ်…နား ပြေးလွှားနေရပြန်တော့ သူ့ရဲ့နောက်မှာ အင်ကြင်းနီက ငိုရှိုက်…အော်ခေါ်နေခဲ့သည်။

အလို… သူမတစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ပါလား။

'အို…'

ချောက်တစ်ခုထဲသို့ အင်ကြင်းနီပြုတ်ကျသွားခဲ့ပြန်သည်။ သူ့ရင်ထဲမှာ မခို။ သို့သော် အိမ်မက်ကမ်းပါးက တစ်ယောက်တစ်နေရာဆီ ဝေးနေဆဲ…

ခွင့်လွှတ်ပါ အင်ကြင်းနီ…

ငါ့မှာ ခွန်အားတွေမရှိတော့ဘူး…

ငါ့မှာ အချစ်တွေ အမုန်းတွေမရှိတော့ဘူး…

ခံစားတတ်တဲ့ ငါ့ရဲ့နှလုံးသားကို မကြာမီကပဲ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပြီးပါပြီ…

မောဟိုက်နာကျင်နေတဲ့ ငါ့ကို ခင်းရဲ့ကွန်ယက်တွေမှ လွတ်မြောက်ခွင့် ပေးပါတော့နော်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာ အော်ရောင်းနေသည့် ဈေးသည်ထံမှ အမဲသားအနည်းငယ်နှင့် ဆလတ်ရွက်၊ ပဲပင်ပေါက်တို့ကို ဝယ်လိုက်စဉ် အင်ကြင်းနီ သူ့အိမ်ထဲသို့ ဝင်လာခဲ့သည်။ သူမလက်ထဲမှာလည်း နှင်းဆီအဝါတစ်စည်း ယူဆောင်လာခဲ့၏။

'ဦးဆူးပွင့်ရဲ့အိမ်က ဘုရားပန်းအိုးရော အလှပန်းအိုးရော ပလာတ်စတစ်ပန်းတွေနဲ့နော်… ပန်းအတုဟာ တကယ့်ပန်းအစစ်လောက်တော့ ဘယ် ရင်ကိုအေးမြစေမလဲ…'

သူမ၏စကားသံကလေးက အပြုံးချိုချို မျက်နှာနှင့် ပူးပေါင်းထားသဖြင့် နှစ်လိုဖွယ်ကောင်းလှသည်။ သို့သော် ဆူးပွင့်တို့ပြန်စကား မဆိုမိ။

'ကျွန်မ ပန်းအိုးတွေလဲပေးဦးမယ်နော်… မျက်လုံးမပြူးပါနဲ့ ဦးဆူးပွင့်ဆီက ပန်းဖိုးမတောင်းပါဘူး… ကျွန်မ စေတနာနဲ့ ဝယ်လာခဲ့တာပါ'

'ဘယ်လောက်ကျသလဲ… နေ့တိုင်းဆိုရင် ဘယ်ကောင်းမလဲ အားနာတယ်'

ဆူးပွင့်အသံက တုံးတိတိ၊ ဘုခါက်ဆတ်ဖြစ်နေသော်လည်း သူမက ဘာမှမဖြစ်သလို။ ပန်းအိုးများကိုသာ အလှဆင်ပေးခဲ့သည်။ နှင်းဆီပန်းအဝါလေးများမှာ ကျောက်စိမ်းရွက်ရ အကြားလေးများနှင့် ရောယှက်ထားသဖြင့် ပန်းအိုးလေးမှာ ရင်အေး





အောင်မွေးပျံ့လှပနေလေသည်။

'ကဲ… ဘယ်လောက် ကျက်သရေရှိသွားသလဲ… ဒါဖရီးစတိုင်ရှင့်…'

ပါးချိုင့်လေးများဖြင့် သူမအသွင်က ဖြူစင်သန့်ရှင်းနေပြန်တော့ ဆူးပွင့် ရန်မလုပ်ချင်တော့ပါ။ သူကလေးရဲ့ နှလုံးသားလည်း မနာကျင်ပါစေနှင့်တော့။ ကိုယ့်ရဲ့နှလုံးသားသာ နာကျင်ဆွေးလျချင်ဆွေးလျပါစေ။

'ကျေးဇူးတင်ပါတယ်၊ ကိုယ် ထမင်းချက်လိုက်ဦးမယ်'

'ကိုယ်… ဟုတ်လား… သိပ်ကောင်းတဲ့ နာမ်စားပဲ အပြောခံရသူကို ရင်အေးစေတယ်…'

'မင်း… နောက်နေတာလား'

'မနောက်ရဲပါဘူး ဦးဆူးပွင့်ရယ်… ကျွန်မက ကိုယ့်ကို ပညာသင်ပေးမယ့် ဆရာ လိုက်ရှာနေတာပါ… ကိုယ့်ဆရာသမားကို မပစ်မှားရဲပါဘူးရှင်…'

'ကိုယ့်မှာ မင်းကို သင်ပေးနိုင်လောက်တဲ့အထိ အရည်အချင်းမရှိပါဘူး… ကဲ… ကိုယ် ထမင်းချက်လိုက်ဦးမယ်… နေ့လယ်တစ်နာရီမှာ ပန်းချီကားတွေပေးဖို့ ချိန်းထားတာရှိတယ်'

တကယ်က သူ အင်ကြင်းနီကိုနှင်လိုက်ခြင်းသာ ဖြစ်သည်။ သို့သော် ကောင်မလေးက ခပ်ရာတခြား၊ ရှုရာတလွဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပစ်ခဲ့သည်။ သူမက ဆူးပွင့်ဝယ်ထားသည့် အထုပ်ကလေးများကို သူမထံ ဆွဲယူလိုက်လေသည်။

'ဦးဆူးပွင့် လုပ်စရာရှိတာ လုပ်တော့။ ကျွန်မ ချက်လိုက်မယ်။ စိတ်ချပါနော်… ကျွန်မ… ဟင်းစားတောင် မမြည်းကြည့်ပါဘူးရှင်… အပြည့်အဝပြန်ပေးမှာပါ…'

'ဟာ… ဟော့… ဟော့… နေဦး… အာ… ခက်တော့တာပဲ'

မည်သို့ပင်ဖြစ်စေ အင်ကြင်းနီက သူမ၏မီးဖိုခန်းသို့ ယူသွားချက်ပြုတ်ပေးသည်ကြောင့် ဆူးပွင့် အားလပ်သွားခဲ့သည်။

တကယ်တော့ သူမသည် သူ့ကို အထင်ကြီးလေးစားကိုးကွယ်လိုခြင်းသာ ဖြစ်ပါလိမ့်မည်။ ကိုယ်က တကယ့်ဂုရုကြီးမဟုတ်တော့ ကြာလေ ခက်လေဖြစ်ရတော့မှာပဲကွယ်…။

❖ ❖ ❖

'ဦးဆူးပွင့် ကျွန်မက ညနေဘက်ကျောင်းပြန်လာတိုင်း ဈေးလှည့်ဝင်လေ့ရှိတယ်။ ကျွန်မကို နေ့တိုင်း ဈေးဝယ်ခိုင်းလို့ရပါတယ်…'

'နေပါစေ… ကိုယ်က ဒီလိုပဲ ဖြစ်သလို၊ ကြုံသလိုစားတတ်တယ်။ ဒုက္ခမရှာပါနဲ့'





ကျောင်းဝတ်စုံလေးနှင့် သူမသည် ဆူးပွင့်ရှေ့မှာတော့ တကယ့်သူငယ်တန်းကျောင်းသားလေး ဖြစ်သွားပြန်သည်။ မျက်နှာကလေးနီနီ၊ ပန်းကလေးနီနီဖြင့် အင်ကြင်းနီသည် ရင်ထဲမှာစေတနာ ဇရပ္ပကြောင့် သူ့ထံအရေးလာဆိုနေဟန်ရှိသည်။ မရဲဘဲကျွဲပြိုစီးနေသူ ကောင်မလေးသည် သူ့မျက်နှာကို ရဲရဲကြည့်မသော။

အင်္ကျီလက်ရှည်အဖြူရင်စေ့နှင့် လုံချည်စိမ်းပျော့ပျော့က အင်ကြင်းနီ၏ ကိုယ်ခန္ဓာကောက်ကြောင်းကို သိမ်မွေ့စွာ လှပနေစေသည်။ ဟန်မူရာ ယဉ်ကျေးနွဲ့ပျောင်းသူကလေးကို သူ ဆွတ်ပျံ့ကိမ်းမူးမိပါ၏။

'မဟုတ်ဘူးလေ… တကူးတက ဝယ်ပေးမှာမှ မဟုတ်တာ။ ကျွန်မတို့အတွက် ဝယ်ရင်းနဲ့ဝယ်ပေးမှာ။ အားမနာပါနဲ့။ ဦးဆူးပွင့်ဖြစ်သလို စားမယ်ဆိုပေမယ့် နေ့တိုင်းထမင်းချက်စားနေတာ ကျွန်မ မြင်သားပဲ… ဒီလိုလေ ဦးဆူးပွင့်တစ်ရာပဲ တတ်နိုင်တဲ့နေ့မှာ တစ်ရာနဲ့ဖြစ်အောင် နှစ်ရာတတ်နိုင်တဲ့နေ့မှာ နှစ်ရာနဲ့ဖြစ်အောင် ကျွန်မ စီစဉ်ပေးနိုင်ပါတယ်။ ဘာလဲ… ကျွန်မ ဈေးဝယ်ပေးမှာ စိတ်မချလို့လား။ မယုံကြည်လို့လား… ဒါဖြင့် ညနေကျ ရပ်ကွက်ရုံးက အကျင့်စာရိတ္တကောင်းကြောင်း ထောက်ခံစာယူလာပြမယ်လေ…'

ပါးချိုင့်ပြုံးလေးဖြင့် ခေါင်းငုံ့ပြောနေပုံက သူ လုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရာကို မဖြစ်မနေ လုပ်တော့မည့် ပုံစံလေးနှင့် အရမ်းကို ချစ်စရာကောင်းလှပါ၏။ သို့သော် ဆူးပွင့် ကိုယ့်အကြောင်း ကိုသိပဲသိပါသည်။

ကောင်မလေးရယ် ငါတို့နှလုံးသားတွေ ဒီထက်ပိုပြီး အနာတရတွေ မဖြစ်ကြရအောင် ငါတို့ ခပ်ဆိမ်းဆိမ်းပဲ နေကြရမယ်။

သူကလေးက အဖြစ်အပျက် အမှန်ကို ဘာမှမသိပေမယ့် သိရှိသူ ကိုယ်က ဆင်ခြင်ရလိမ့်မည်။

'နော်… ပြီးတော့ ထမင်းချက်ရေသို့ ကုန်သွားမယ့်အချိန်တွေ ကျွန်မကိုပေး… ကျွန်မက ဈေးဝယ်ပေးပြီး သင့်သလိုချက်ထားပေးပါ့မယ်… ဦးဆူးပွင့်က ကျွန်မရေးထားတဲ့ ကဗျာလေးတွေကို ကြည့်ပေး… နောက်… လိုအပ်ချက်တွေပြောပြ… တစ်ခုတော့ ရှိတယ်နော်… ကျွန်မက အသည်းနုတော့ တအားကြီးတော့ မဝေဖန်လိုက်နဲ့နော်… ကျွန်မ ငိုမိမှာ'

ဆူးပွင့်သက်ပြင်းရှည်ကြီး ချလိုက်ရသည်။ ခက်တော့တာပဲ ကောင်မလေးရယ်။ မင်းဟာ ဆေးဖက်ဝင်လှတဲ့ အာသာဝတီ နွယ်နီနုတ်ပန်းပင်လေးမို့ အမှီအတွယ်လိုအပ်သည်ဆိုလျှင်လည်း ကိုယ့်ကိုတော့ မှီတွယ်မလာလိုက်ပါနဲ့ကွယ်… ကိုယ်ဟာ အရပ်ရှစ်မျက်နှာလုံးမှာ ဆူးတွေနဲ့ပြည့်နေတဲ့ ဆူးလှည်းကြီး၊ ဆူးပင်ကြီးတစ်ပင်ပါ… ကိုယ့်ရဲ့အကြင်နာတွေဟာ မင်းအတွက်





ဟောတ်နိုင်တော့ဘူး။

အင်ကြင်းနီ၏ တောင်းဆိုချက်များကို ဆူးပွင့်ရင်နာနာနှင့်ပင် မျက်လုံးစုံမှိတ် ငြင်းဆိုပစ်ရသည်။

'နေပါစေ… ကိုယ် ဖြစ်သလိုပဲ စားပါရစေ… ဈေးဝယ်မပေးပါနဲ့'

'ဩော်…'

အကြောင်းပြချက် ခိုင်ခိုင်လုံလုံမရှိဘဲ အကြောက်အကန်ငြင်းဆိုနေသူကြီးအား အံ့သြထိတ်လန့်စွာ သူမ မေးမော့ကြည့်လာကာ နောက် ခွေးမြည့်စွာ မျက်ရည်ဝဲသွားတာကအစ အဖြစ်အပျက်တစ်ခုလုံးကို ပန်းချီကားတစ်ချပ်နှယ် သူ၏ တတိယမျက်လုံး မှမြင်နေမိပါ၏။

အင်ကြင်းနီ… သူ့ရှေ့မှောက်မှ ညင်သာစွာ ထွက်ခွာသွားခဲ့သည်မှာ စစ်ရှုံးသို့ပန်းတစ်ဦးနှယ်။ ဆူးပွင့်ရင်မှာ ငှက်ကလေး၏ အကာန့်ခံရသည့်နှယ်၊ သစ်ပင်ကိုင်းဖျားနှယ်၊ တဆတ်ဆတ်နာကျင်ကျန်ခဲ့ရပါ၏။ သို့သော် သူကျေနပ်ပါသည်။

သူကလေး၏ ဖြူစင်သန့်ရှင်းလှသည့် နှလုံးသားလေး အနာတရကို ကင်းစင်လင်းလက်ခွင့်ရအောင် သူ ဒီလိုပဲ စိမ်းကားစွာ နေပြရပေလိမ့်မည်။

ငါ့ကိုမချစ်ပါနဲ့…



www.burmeseclassic.com

www.burmeseclassic.com



မင်းမုန်းသွားမှာကိုပဲ ငါ ခံယူပါရစေ မိန်းကလေးရယ်…
ငါ့နှလုံးသားက ကြွေတော့မယ့် ယှဲ့ယှဲ့လေးမို့ပါ…

❖ ❖ ❖

သူငယ်ချင်းများနှင့်အတူ ဖွင့်ထားသည့် စတူဒီယိုမှာ ဆူးပွင့်အလုပ်များကို ဒိုင်ခံ၍ လုပ်ဖြစ်နေသည်။ သူငယ်ချင်းများကတော့ အခြေအနေကို နားမလည်ကြသေး၊

'ကြိုးစားလှချည်လား… ကိုဆူးရဲ့… ဘာလဲ… သတို့သမီးဝတ်စုံအတွက်လား၊ မင်္ဂလာခန်းမဖိုးလား။ ဒီလောက်ကြိုးစားနေတာတော့ ကြည့်ရတာတောင် သနားလာပြီ…'

ကိုထွဋ်၏စကားကို သူအပြုံးဖြင့်သာ တုံ့ပြန်ခဲ့သည်။ ထင်ချင်တာ ထင်ပါစေလေ။

'ဒီလောက်လည်း မစိုးရိမ်ပါနဲ့ ကိုဆူးရယ်… ဒါထက် ခင်ဗျားတို့ ဘယ်တော့ လက်ထပ်ကြမှာလဲဗျ… မင်္ဂလာဆောင်ဓာတ်ပုံ စရိတ်အတွက်တော့ ကျွန်တော်တို့ တာဝန်ထားဗျာ'

အနားမှာ ဆိုင်းဘုတ်တစ်ခုကို သေချာစွာ ရေးနေသည့် ကိုရဲကလည်း ဝင်ပြီး အာမခံသည်။ သူငယ်ချင်းများ၏ စေတနာကို သူ အသိအမှတ်ပြုသော်လည်း ချော်လဲရောမထိုင်ခဲ့။

'ကျွန်တော့်အတွက် မစိုးရိမ်ကြပါနဲ့ဗျာ… လက်ထပ်





တာကလည်း အဆင်ပြေတဲ့အချိန်မှာ လက်ထပ်မှာပါ…'

'အင်းလေ… အဲဒီလို အဆင်ပြေဖို့ကိုပဲ ကိုယ်တို့ဝိုင်းပြီး ကူမှာ…'

'အာ… နားလည်မှုတွေတော့ လွဲကုန်ကြပါပြီ… ကျွန်တော်ပြောတဲ့ အဆင်ပြေသလိုဆိုတာက ငွေစင်… အဲ… သင့်တော်တဲ့အချိန်ကို ပြောတာပါ…. ကျွန်တော်တို့မှာ ပြည့်စုံပါတယ်… အလုပ်တွေ ဖိလုပ်တာကတော့ဗျာ…'

ဆူးပွင့်စကားမဆက်ချင်တော့ပါ။ အချို့သော စကားများသည် အဆုံးထိပြောလို့မရ။ ဖြေရှင်း၍အဓိပ္ပာယ် ပြည့်စုံခြင်းမရှိ။ ဒီအတိုင်းထားလိုက်တာပဲ ကောင်းပါသည်။

သူငယ်ချင်းများကလည်း သူ့ကို ဝိုင်းဝန်း၍ ဖိအားမပေးခဲ့ကြ။ ဒီအတိုင်းပဲ နားလည်ပေးလိုက်ကြပါသည်။

မည်သို့ပင်ဖြစ်စေ ယခုရက်များမှာ အိမ်သို့ နောက်အကျဆုံးပြန်သူသည် ဆူးပွင့်သာ ဖြစ်ခဲ့သည်။

ဖြူစင်သော မျက်ဝန်းများ၊ ဂုဏ်ကြီးတစ်ပါးလို ကိုးကွယ်ကြည်ညိုသော မျက်ဝန်းများ၊ တိတ်တခိုး တွယ်ငြိသည့်မျက်ဝန်းလေးများဖြင့် အသံတိတ်စကားဆိုနေတတ်သည့် အင်ကြင်းနီကို ဆူးပွင့် ရင်မဆိုင်ရဲပါ။

သို့သော်… သူ အင်ကြင်းနီရှိရာ အရပ်မှလည်း မ



www.burmeseclassic.com

www.burmeseclassic.com



နိုင်။ ကိုယ့်စိတ်ကိုယ်.အစိုးမရနိုင်ပါလားလေ။

ယနေ့လည်း ညကိုးနာရီကျော်ကျော်မှ ဆူးပွင့်အိမ်သို့ ပြန်ရောက်ခဲ့သည်။ စစ်ကိုင်းမြို့က အခြားမြို့တော်ကြီးများလိုတော့ ညလုံးပေါက် စည်ကားမနေတတ်ပါချေ။ ရှစ်နာရီနှင့် ကိုးနာရီ ပတ်ဝန်းကျင်မှာပဲ လူခြေတိတ်ဆိတ်သွားတတ်ကြစမြဲ ဖြစ်သောကြောင့် ဆူးပွင့်၏အိမ်ပြန်ချိန်သည် ညကိုးနာရီထက်တော့ နောက်ကျလို့မရ။

'ကျွီ…'

ကိုယ့်အခန်းကိုယ် တိတ်တခိုး သော့ဖွင့်နေရာမှ ဆူးပွင့် ထိတ်လန့်သွားရ၏။ တံခါးတွေ ဆီထည့်ပေးဦးမှပါ။ သိပ်အသံမြည်တာပဲ။

သစ်သား၊ တိုက်ခံအိမ်လေးထဲ ခြေသံမမြည်အောင် လျှောက်သွား မီးခလုတ်များဖွင့်နေစဥ်မှာပဲ သူ့နားထဲမှာ ညင်သာသည့် ခြေသံလေးတစ်ခု ကြားလိုက်ရသည်။ သွားပြီ ဘယ်လိုပဲ သူခိုးချောင်း ချောင်း၍လုပ်ကိုင်နေသည်ဖြစ်စေ သူကလေး သိသွားသည်ပါပဲ။

ဆူးပွင့် မလုံမလဲဖြစ်စွာ အခန်းပေါက်ဝသို့ လှည့်ကြည့်မိတော့ အင်ကြင်းနီကို စတီးလင်ဗန်းကလေးတစ်ခုနှင့်အတူ တွေ့လိုက်ရသည်ပင်။ သူ မဖိတ်ခေါ်သဖြင့် သူမက အထဲသို့ဝင်မလာ





ခဲ့ပါ။ ဘာတွေလဲ။

ဆူးပွင့် ငြင်းဆိုပစ်ရန် စိတ်ကူးမိသေးသော်လည်း သူမ၏ ပြုံးတော့မယောင် မျက်ဝန်းညိုများကြောင့် မငြင်းဆိုဖြစ်တော့ပါ။

'ကိုယ် အပြင်မှာ စားခဲ့ပြီဆိုရင် မင်းဘယ့်နှယ်လုပ်မလဲ'

သူမက မချိပြုံးလေးဖြင့် ခေါင်းညိတ်ပြရင်း သူ့ညစ်ခန်းထဲသို့ ဝင်လာခဲ့သည်။

'ဦးဆူးပွင့်ရဲ့အချိန်တွေကို ကျွန်မ ခိုးမယူပါဘူးရှင်၊ မနက်က ထမင်းတွေ အေးခဲကုန်ရောပေါ့နော်။ မနက်စာ ညစာပေါင်းချက်ခြင်းဟာ ကျန်းမာရေးနဲ့ မညီညွတ်စေပါဘူး။ ကျွန်မကို ချီးမြှင့်ခြင်းအားဖြင့် ကျွန်မ ပေးလှူတဲ့ အစားအစာတို့ကို စားသောက်ပါ။ ကျွန်မ ထားခဲ့မယ်…'

ညစ်ခန်းစားပွဲပေါ်မှာ လက်ဗန်းလေးကို ထိုးတင်ခဲ့ပြီး အင်ကြင်းနီ ရိုကျိုးစွာ ထွက်ခွာသွားခဲ့ပါ၏။ တကယ့်ကို တဒင်္ဂလေးပါပဲ။ သူနှင့် စကားစမြည်ပြောဆိုခြင်း၊ ရင်းနှီးအောင်ပြုမူခြင်းတို့ကို သူမ မလုပ်ခဲ့။ သူ့သဘောထားတွေကိုလည်း သူမ ရိုပ်စားမိပုံရပါသည်။

ဆူးပွင့် သက်ပြင်းချလိုက်ပြန်လေသည်။

'ကျွန်မကို ချီးမြှင့်ခြင်းအားဖြင့် ကျွန်မပေးလှူတဲ့ အစာတို့ကို စားသောက်ပါ…'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းနီရယ် ကိုယ့်ကိုများ ဝှကကယ့်နတ်ဒေဝတာတစ်ပါး ဆရာသမား ဂုရုကြီးမှတ်နေသလားကွယ်...'

ယောက်ျားတစ်ယောက်ကို အရူးအမူး လေးစားကြည်ညိုကိုးကွယ်ရှုးသွပ်ခြင်းဟာ မကောင်းမှုတစ်ခုပါပဲ။

မည်သို့ပင်ဖြစ်စေ အင်ကြင်းနီ၏ စေတနာများကို အသိအမှတ်ပြုသည့်အနေဖြင့် ဆူးပွင့်မှာ သူကလေး၏ လင်ဗန်းကလေးကို ဖွင့်ကြည့်စားသောက်ရမည်။ ဩော် အစားအစာများသည် ယခုထိ ပူးနွေးမွှေးပျံ့နေဆဲပါလား။ သူမမှာ တတိယနား မျက်စိများရှိနေရော့သလားကွယ်။ သူပြန်လာမယ့် အချိန်ကို မှန်းဆတတ်ပေတယ်။

ထမင်းနွေးနွေး၊ ကြက်သားအာလူးအရောဟင်းနှင့် ငံပြာရည်ကြော်၊ သခွားသီးတို့စရာလေးများက ကိုယ့်ဝမ်းစာ၊ ကိုယ်ရှာစားနေသည့် ကောင်မလေးတစ်ဦး၏ အကောင်းဆုံးဟင်းလျာများဖြစ်ပါလိမ့်မည်။

ရင်ထဲမှ လှိုက်ခုန်လာအောင် စာနာကြင်နာမိပါသဖြင့် ဆူးပွင့် မျိုလို့ပင်မကျချင်တော့။ သို့သော် စတင်စားသောက်မိတော့လည်း လျှာအရင်းမြက်အောင် ချက်ပြုတ်တတ်သည့် ကောင်မလေး၏ လက်ရာမွန်ကြောင့် ပေးသမျှ ထမင်း၊ ဟင်းတွေပြောင်စင်သွားသည်အထိ ဆူးပွင့် စားသောက်မိခဲ့သည်။





ဒါပဲမဟုတ်လားကွယ်။

မင်း... တတိယမျက်စိ၊ တတိယနားနဲ့ ကြည့်ရှုကျွေးမွေးဝမ်းမြောက်ပါလေတော့နော်၊

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)

စာပေဝါသနာရှင် မိန်းကလေးများအတွက် စာအုပ်ဟာ အကောင်းဆုံး လက်ဆောင်မွန်ပါပဲ။ စွဲမိစွဲရာ စွဲလမ်းတတ်သည့် မိန်းမသားများဖြစ်ရသည့်ကြားထဲ စာပေကို တကယ်စွဲလမ်းသွားမိပြီဆိုလျှင်တော့ သူမတို့သည် စာအုပ်များကိုပဲ နှစ်သက်ခုံမင်ကြလေ့ရှိသည်။

ကိုယ်က သူမကို ဘာမှပြန်မပေးနိုင်တော့သည့်အခါ အင်ကြင်းနီ၏ ဝါသနာဗီဇကိုသာ တစ်ဘက်တစ်လမ်းမှ တိတ်တခိုး ဖြည့်ဆည်းပေးနိုင်ဖို့ ဆူးပွင့် ဆုံးဖြတ်မိသည်။ အရာအားလုံးကို မပေးနိုင်သော်မှ တစ်စုံတစ်ခုကိုတော့ ပြန်ပေးလိုက်ချင်ခဲ့သည်။ ဒါဟာ ဆူးပွင့်ရဲ့အဆုံးစွန်သော စေတနာ။





သူကာလေးနှင့် လက်ပွန်းတတီး သင်ကြားလေ့ကျင့်မှု တွေ ပြုလုပ်မပေးချင်မိပေမယ့် လက်တစ်ကမ်း သင်ကြားမှု၊ အဝေးရောက် သင်ကြားမှုမျိုးကိုတော့ ဆူးပွင့် လက်ဆင့်ကမ်းပေးရမည်။

တကယ်တော့ အနုပညာကိစ္စတွေဆိုတာကလည်း အခြားအလုပ်ကိစ္စများနှင့် မတူပါ။ အနုပညာကိစ္စတွေ ပြီးမြောက်ဖို့က ပထမဦးဆုံး နှလုံးသား ခံစားမှုအားကောင်းမွန်ရပြီး နောက် ပါရမီ၊ ဝီရိယ စသည်တို့လည်း ပါပေလိမ့်မည်ဟု ဆူးပွင့်ထင်သည်။

သူကလေးမှာ အတိုက်အလျောက် ခံစားမှုအားကောင်းမည်ဆိုလျှင် ကျန်သည့် လေ့လာမှုအားကို သူ ကျွဲကူးရေပါ ဖြည့်ဆီးပေးနိုင်ပါလိမ့်မည်။ ပါရမီဆိုတာကတော့ သူတတ်နိုင်သည့်ကိစ္စမဟုတ်။

သည်ကနေ့ ရန်ကုန်မှ သူငယ်ချင်းများက လူကြုံပို့ပေးသဖြင့် လုံးချင်းကဗျာစာအုပ်ကလေးများ ရရှိခဲ့သည်။

ဆရာကြီးများရဲ့ ကဗျာချားကို စု၊ တုံ၊ ပြုရင်း ကိုယ်ပိုင်အနုပညာများကို သူကလေး ဖော်ထုတ်နိုင်ပါလိမ့်မည်။

သည်ညနေခင်းမှာ ဆူးပွင့်အိမ်သို့ စောစောပြန်ခဲ့မိတော့ ကမ္ဘာ့အံ့ဖွယ်တစ်ပါးကို မြင်ရသည့်ပမာ အင်ကြင်းနီက အံ့သြဝမ်းသာရုပ်ကလေးဖြင့် ဆူးစိုက်ကြည့်နေခဲ့သည်။ အတွေးဖြင့် သူရင်ခုန်ပူနွေးသွားမိသော်လည်း ကိုယ့်ရင်ခုန်မှုကို ထူးခတ်သိမ်းဆည်း



www.burmeseclassic.com

www.burmeseclassic.com



ရပြန်သည်။ သူ အင်ကြင်းနီထံသို့ လျှောက်သွားခဲ့သည်။

'ရှော့…'

ရင်ထဲမှာ စေတနာတွေ ရေစီးကမ်းပြိုလိုက်နေပေမယ့် ဆူးပွင့်၏အသံက တမင် မာကျောကြွတ်ဆတ်နေရသည်။

'ဟယ်… ဒါ ကျွန်မဖို့ ဟို… အပိုင်ပေးတာလားဟင်'

တော်တော် အလိုက်ကမ်းဆိုးမသိတဲ့ ကောင်မလေးပါပဲ။ စာအုပ်များကို မြင်လိုက်ရသည်နှင့် ဝရန်တာပေါ်မှ ပြုတ်ကျမတတ်၊ လှိုက်လှဲဝမ်းသာနေပုံက မြင်ရသူများကိုပင် စိတ်ချမ်းသာစေလိမ့်မည်။

'အပိုင်ပေါ့… ယူ…'

ဆူးပွင့်မှာ သူမကို ခပ်ဆတ်ဆတ်ပြောပြီး ကိုယ့်အခန်းဘက်သို့ ဆက်လျှောက်လာခဲ့ရသည်။ သည်ကောင်မလေးနှင့်တော့ မလွယ်ချေ။ သော့ခတ်သိမ်းဆည်းထားရသည့် သူ၏ သံမဏိနှလုံးသားကို တရိရိ တိုက်စားနင်းခြေတော့မည်လားလည်းမသိ။

အခန်းထဲသို့ရောက်လျှင် ရောက်ချင်း သူ ရေနွေးစိမ်ခွက်ဆင့် သောက်ပစ်လိုက်သည်။ ဘာကြောင့်ပါလိမ့်။ ရင်ထဲမှာ အမြဲမောလျှနေမိခဲ့သည်လေ။

ဆက်တီပေါ်မှာ ခြေပစ်၊ လက်ပစ်ထိုင်ရင်း မျက်လုံးများမှိတ်စက် အမောဖြေနေမိဆဲ လုပ်သားပျားလေးနှယ် ညင်သာသော





တောင်ပံများဖြင့် သူ့ထံလေး ဝင်လာခဲ့သည်။

သူ မျက်လုံးများကို ဖွင့်မကြည့်။ သို့သော် သိပ်ကိုသေချာပါသည်။ သူ့နှလုံးသားရှေးက သိပ်သိပေါ့။ သည်ရနံ့။ သည်ညင်သာ ညှတ်ပျောင်းမှု၊ ပြီးတော့ သည်ရိုးစင်း၊ ရှုးသွပ်ကိုးကွယ်မှုကိုလေ။

အို… ပိုးဖလံလေးများရဲ့ မီးအိမ်ကို သူ လော်င်စာတွေများ ပစ်ထည့်လိုက်မိလေသလားကွယ်။ သူ့မျက်ဝန်းမှာ မျက်ရည်ကြည်များ ဝိုင်းလျှံပျော်ဝင်နေတော့မည်မို့ ဆူးပွင့် သူမကို မျက်ဝန်းဖြင့် မကြည့်ခဲ့။

'ဆရာ…'

အို… သူ ရာထူးတက်သွားချေပြီကော၊ တုန်ယင်တိုးညင်းသည့်အသံကလေးက တကယ်ပဲ့တင်ထပ်မျှ။

'ရေချိုးပြီးရင် စားနော်… ပြီးမှ ကျွန်မ လာသိမ်းမယ်'

'ဘာတွေလဲ… ကိုယ့်မှာမနက်က ချက်ထားခဲ့တာတွေ ရှိတယ်… ပြန်ယူသွားပါ…'

သူမျက်လုံးဖွင့်မကြည့်ဘဲပြောတော့ ကောင်မလေး ညင်သာစွာထွက်သွားခဲ့သည်။ ဟုတ်သားပဲ၊ တောင်ကျ ရေတံခွန်မှ ရေအလျဥ်များလိုပဲ သူမ၏စေတနာတို့ကိုလည်း ဘယ်တော့မှ တားဆီးကန့်ကွက်လို့မရခကောင်း။



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းနီထွက်ခွာသွားပြီဆိုတော့မှ ဆူးပွင့် ကိုယ့်မျက်ဝန်းများကို ဖွင့်ရသည်။ သူ့စားပွဲပေါ်မှာ တင်နေကျ စတီးလင်ဗန်းကလေးက တောင်းပန်တိုးလျှိုးစွာ ကြည့်နေမြဲ။ သူ အုပ်ဆောင်းလေးကို ဖွင့်ကြည့်လိုက်၏။ ကြက်သား အချိုချက်နှင့် သရက်ချဉ်သုတ်။ နောက် ကြာဇံဟင်းခါးပူပူ၊ အိပ်ရေးပျက်နေသည့် သူ့အတွက်ပဲ ရည်စူးစီမံထားလေသည်လားမသိ။

ဆူးပွင့် သက်ပြင်းရှည်ကြီးကိုပဲ အားလျော့စွာ ချလိုက်မိလေသည်။

❖ ❖ ❖

ဆူးပွင့် ထမင်းစားပြီးချိန်မှာ အင်ကြင်းနီ ညင်သာစွာ ရောက်ရှိလာပြန်သည်။ သူ မျက်ခုံးပင့်၍ ကြည့်နေမိ၏။ သူမသည် သူ့လိုအပ်ချက်များကို တိတ်တခိုး ဖြည့်ဆီးပေးနေတတ်သော်လည်း ဘယ်တော့မှ အကြောင်းမဲ့ လာတတ်သူမဟုတ်။

သူမလက်ထဲမှလည်း မဂ္ဂဇင်းစာအုပ်လေးတစ်အုပ်ကိုင်ထားပြီး သူမ မျက်နှာက ရှက်ပြုံးချိုချိုတို့ဖြင့် အလှခုံးဖြစ်နေခဲ့သည်မှာ ဘာကြောင့်မသိ။

'ဆရာ... ဒီမှာ... ဒီမှာ...'

'ဘာလဲ... မင်းကဗျာပါလို့လား'





'ဟုတ်...'

'ခုမှ ပထမဦးဆုံးပါတဲ့ ကဗျာမို့လား...'

'ဟင့်အင်း... ဒါ ရှစ်ပုဒ်မြောက်...'

'ဒါတောင် ခုထိ ရင်ခုန်တုန်းလား၊ ရည်းစားစကားအပြောခံရတာကျနေတာပဲ'

ဆူးပွင့်ပိတ်ပောက်လိုက်တော့ အင်ကြင်းနီမှာ မျက်နှာငယ်လေးဖြင့် သူ့ဆက်တီခြေရင်းဖယောင်းပုဆိုးပေါ်သို့ ထိုင်ချခဲ့သည်။

'အပေါ်မှာ ထိုင်လေ... ထ...'

'ကျွန်မ ဒီလိုပဲ ထိုင်ချင်လို့ပါ...'

သူကလေး မျက်နှာမကောင်းသဖြင့် ဆူးပွင့်မှာ မဂ္ဂဇင်းစာအုပ်ကိုဖွင့်ပြီး သူမ၏ကဗျာလေးကို ဖတ်ကြည့်ရသည်။ မဆိုးပါ။ လက်သင်ကဗျာလေးမို့ နည်းပရိယာယ်တွေ မကြွယ်ဝသော်မှ နုလုံးသားခံစားမှုအားကောင်းသူလေးပါပဲ။ သူမ၏ကဗျာလေးတွေက စိတ္တဇဆန်ပြီး ထိထိရှရှ။

ဘုရားရေ သူကလေး တကယ်ခံစားနေရလေသလား။ အချစ်ကဗျာ ခပ်ရှုရှုလေးကိုဖတ်ရင်း ဆူးပွင့်စိုးရိမ် ထိတ်လန့်သွားမိသည် အင်ကြင်းနီထံမှ ရှိုက်သံ ခပ်သဲ့သဲ့လေး ကြားရသယောင်။

အို... မငိုဘဲ ရှိုက်နေသလား အချစ်ရယ်...



www.burmeseclassic.com

www.burmeseclassic.com



တို့ဘဝတွေ ကြေကွဲကြပါနို့။ ဒါဟာပဲ အကောင်းဆုံး အဖြေ။

'ဟော့… စာအုပ်ယူသွားဦးလေ…'

လေပြည်တစ်ချက်နယ် လူပ်ခနဲ ရှပ်တိုက်ရင်း သူမ ထွက်ပြေးသွားတော့ သူ့ရင်ထဲမှာ လှောင်ပြောင်ရယ်မောသံတွေ ရှုညံ့ကျန်ခဲ့၏။

ဟော့ကောင် ဆူးပွင့်…။ ယောကျ်ားဖြစ်ပြီး မဆုံးဖြတ်ရဲဘူးလား…. သတ္တိမရှိဘူးလား… မင်းနားလည်တဲ့ အချစ်ဆိုတာ ဘာလဲ။ မင်း ခံစားနေရတဲ့ ဘဝဆိုတာ လက်ဝှေ့ကြိုးဝင်လို့ ဟာစ်ကြွေးခဲ့တဲ့ကောင်။ မင်းပြိုင် မြင်းတစ်ကောင်လို မရပ်မနား အသက်ထွက်တဲ့အထိ ဆက်ပြေးနေ မှာလား။

ရယ်မောလှောင်ပြောင်သံများကို ဆူးပွင့် တည်ကြည်စွာ တုံ့ပြန်ခဲ့သည်။ ယောကျ်ားဆိုတာ ရင်ဆိုင်ရဲရမယ်။

ကိုယ့် ကိုယ်ကျင့်တရား၊ ကိုယ့်ဂုဏ်သိက္ခာအတွက် ကိုယ် ချမှတ်ခဲ့ပြီးတဲ့ လမ်းကြောင်းမှာ ရဲရဲဆက်လျှောက်ရမယ်။

မည်သို့ပင်ဖြစ်စေ၊ သူ ရွေးချင်ရာတာနွာကိုသာ မလွဲမသွေ လက်ထပ်ရပေမည်။

❖ ❖ ❖



# အခန်း(၁၄)

သူငယ်ချင်းများနှင့် ယခုလထုတ် မဂ္ဂဇင်းစာအုပ်မှ စာပေ ဆောင်းပါးတစ်ပုဒ်ကို ပြောဆိုဆွေးနွေးနေမိကြစဉ် လက်ဖက်ရည် ဆိုင်ထဲသို့ ဆူးပွင့်၏ ရန်ကုန်မှ သူငယ်ချင်းကဗျာဆရာနှစ်ယောက် ရုတ်ရုတ်သဲသဲဖြင့် ဝင်လာကြသည်။ သူတို့အသွင်က ကျောပိုးအိတ် ကြီးတွေနှင့်မို့ တာကယ့်စန်တင် လားများနယ်။ ရုပ်တွေကလည်း ဘိုသီဘတ်သီရုပ်တွေနှင့် ဖြစ်သည်။

'ယော့… ဆူးလှည်းကြီး မျက်ခုံးသော် နာနာလှုပ်ထား ခြင်တယ်မဟုတ်လား၊ ကျောပိုးအိတ်ကြီးတွေ… ဒါနှစ်ရှည်လများ နေမယ်ဆိုဘဲ့သဘော စုဆောင်းထားသမျှလေးတွေ ကုန်မယ့်သာ ပြင်ပေတော့'



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏လတ်ဆတ်မှုများနှင့် ရင်းနှီးနွေးထွေးမှုများကြောင့် ဆူးပွင့်ပင် အပျော်ခတ်များ ကူးစက်ပျော်ရွှင်သွားမိ၏။ ဒါ ရောင်းရင်းတွေပဲ။ တကယ့် ရင်ဘတ်မိတ်ဆွေတွေ ဖြစ်သည်လေ။

'ဟ… မင်းတို့လာလို့မှ ကိုယ် တာဝန်မကျေပွန်ရင် မိတ်ဆွေစာရင်းကသာ ဖျက်ပစ်လိုက်… ဒါထက် နေပါဦး… ဟိုအကောင်က ပြီးခဲ့တဲ့လကပဲ လက်ထပ်ပြီးခဲ့တာ မဟုတ်လား။ ဒါမိန်းမအနားမှာ ကပ်ချွဲနေရမယ့်အချိန်။ အခု အထုပ်အပိုးတွေနဲ့ ဆင်းလာရပြီဆိုတော့ မဟုတ်မှလွဲရော… ယောက္ခမကြီး ကန်ချလိုက်လို့ပဲဖြစ်ရမယ်…ဟုတ်စ…'

သူက စုံထောက်ကြီးဦးရှံစား လေသံဖြင့် နှပ်ကျွပ်လိုက်သော် နန်းဝေက ရှုးရှုးရှဲရှဲလေသံဖြင့် ပြန်လည်ထိုးစစ်ဆင်၏။

'ဟော့ကောင် ဒီလောက် သားမက်အကောင်းစားလေးကို သူတို့ အင်မတန်ကံထူးလို့ တွေ့ထားတာကွ။ ဘယ်နှင်ချနိုင်ပါ့မလဲ။ မှတ်ထား… မောင်… ငွေဆိုတာ ရှာလို့လွယ်ပေမယ့် ကဗျာဆရာ စစ်စစ်ဆိုတဲ့ ဘွဲ့ထူးကတော့ ရွှေထက်ရှားတယ်မောင်'

'တခြားသူတွေတော့ ယုံချင်ယုံမယ်… ကိုယ့်အချင်းချင်းတော့ လာမပြောနဲ့ကွာ… ကဲ… သူငယ်ချင်းတို့ ကိုယ့်ဆီရောက်ခိုက် ပျော်ပျော်ပါးပါးပေါ့ကွာ… လာ… အဆာပြေ လက်ဖက်ရည်နဲ့ မုန့်ကျွေးနှင့်မယ်… ထမင်းကတော့ အိမ်ကျမှ ချက်စား





ကြရအောင် ပြန်ရင် ဈေးဝင်ဝယ်သွားမယ်…'

'ဘယ်သူ ချက်ကျွေးမှာလဲကွ… တို့တွေ ဝိုင်းချက်ကြရမှာလား… ထမင်းချက်တာတော့ ဝါသနာမပါဘူးမောင်။ ထမင်းချက်ချင်လို့ဘဲ ထမင်းဆိုင်ပိုင်ရှင်ယူထားတာ'

နန်းဝေကပြောသော် ဆူးပွင့်ခများမှာ အင်ကြင်းနီကို သတိရသွားမိသည်။ သူကလေးကို ချက်ခိုင်းရမှာလား။ အခြေအနေကြည့်လုပ်ရတော့မှာပါပဲ။

လက်ဖက်ရည်ဆိုင်မှာ စားရင်း၊ သောက်ရင်းပင် သူတို့ သူငယ်ချင်းတစ်စု ရန်ကုန်စာပေလောက၏ လတ်တလော အခြေအနေများကို ဆွေးနွေးဖြစ်ကြသည်။

'နယ်ကနေ လှုပ်ရှားရတာ အားမရစရာပါကွာ။ အခု နည်းနည်းယိုင်ချင်နေတဲ့ မဂ္ဂဇင်းတစ်ခုကို ကိုဆူးဝင်ထိန်းကြည့်ပါလား။ ခင်ဗျားက ဆူးလှည်းကြီးဆိုတော့ တွယ်တွယ်ငြိငြိ၊ လှုပ်လှုပ်ခတ်ခတ် လုပ်တတ်မယ်လေ။ အဲဒီမဂ္ဂဇင်းက ကိုယ်နဲ့လည်း ကောင်းရာမကောင်းကြောင်းမို့ ကိုဆူး လုပ်ကြည့်စေချင်တယ်…'

အောင်ခက်စကားကြောင့် ဆူးပွင့် သက်ပြင်းချရင်း အလေးအနက် စဉ်းစားနေမိသည်။ သူ ဘာကိုများစောင့်ဆိုင်းနေမိပါလိမ့်။ ခလာလောဆယ် သည်မြေမှ မခွာရက်နိုင်သေးတာလား။ ဆူးပွင့် တော်တော်နှင့်အဖြေမပေးနိုင်ချေ။ နန်းဝေက ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက် တိုက်တွန်းပြန်လေသည်။

'အစကတော့ မင်းပဲ အနုပညာသမားမှာ ဘယ်အရာ ဘယ်နှောင်ကြိုးမှ မရှိဘူးဆိုပြီးတော့ ကိုယ်ပိုင်လုပ်ငန်း ဝင်လုပ် နေတာ မဟုတ်လား'

'ဒီလုပ်ငန်းက ထားခဲ့လို့ရပါတယ်ကွာ။ ဒီက သူငယ် ချင်းတွေကလည်း ကိုယ့်ကို နားလည်ကြပါတယ်'

'ဒါဖြင့် ဘယ်ဥစ္စာက ထားလို့မရတာလဲ'

အောင်ခက်စကားက သူ့အရှိက်ကို ထိသွားခဲ့သည်။

'အခြေအနေပေးတုန်း ဖြစ်အောင်လုပ်စမ်းပါ ကိုဆူးရယ်၊ ကိုယ်တို့လာတာ ဒီကိစ္စအတွက်ပဲ၊ ခင်ဗျားမှာ အရည်အချင်းရှိ တယ်၊ ငွေကြေးရှိတယ်၊ နောက်ပြီး သြဇာလည်းရှိပါသေးတယ်၊ ကိုယ်တို့လည်း ဝိုင်းမှာပေါ့.. ဘယ့်နှယ်လဲ'

'ကဲပါဗျာ... ညမှ ဆက်ပြီးဆွေးနွေးကြတာပေါ့။ စား.. မုန့်တွေစား လက်ဖက်ရည်လည်းသောက် လိုတာမှာ ကိုယ်တစ်ယော လုံးမှာ ရှာထားသမျှ တစ်ထိုင်တည်းသာ ဖြုန်းခဲ့ကြပေတော့'

ဆူးပွင့်က အရွှန်းဖောက်တော့ နန်းဝေနှင့် အောင်ခက်တို့ အားနာပါးနာဖြင့် ရှိသမျှ မုန့်များကို ပလုပ်ပလောင်း စားလိုက်ကြ သည်။

ရယ်မောသံများ စည်စည်ဝေဝေဖြင့် လောကကြီးက





တဒင်္ဂသာယာနာပျော်ဖွယ် ကောင်းနေခဲ့ပြန်သည်။ သူတို့အားလုံး ဆိုင်ထဲမှ သူငယ်ချင်းများကို နှုတ်ဆက်ပြီး အိမ်သို့ ပြန်ခဲ့ကြသည်။

အိမ်ပြန်လမ်းမှာ မိုးဇာဈေးကို ဝင်ပြီး သူတို့ဈေးဝယ် ကြသည်။

ဧည့်သည်များနှင့် သူ အလုပ်ရှုပ်နေလျှင် သူ့ကို အရိပ် ကလေးလို လိုက်ကြည့်နေသည့် ကောင်မလေးက အနားသို့ရောက် ရှိလာဦးမှာပါပဲ၊ အင်း... သူ့သူငယ်ချင်းများက အရာရာပေါ့ပါး နောက်ပြောင်တတ်သည်မို့ ကြိုတင် သတိပေးထားရပေလိမ့်မည်။ အနည်းဆုံး သူကလေး ခံစားနေရမှာပေါ့။

'ဟေ့လူတွေ ကြိုပြောထားလိုက်ဦးမယ်နော်... ကဲချင် ရင် အခုကတည်းက ကဲထား... အိမ်ရောက်ရင်တော့ ဝါတော် လေးဆယ်ရ ဆရာတော်တွေလိုနေရမယ်'

'ဟ... အသားလွတ်ကြီးပါလား။ ဘာလဲ အိမ်မှာ ခင်ဗျားကြီးတော် ရောက်နေလို့လား'

နန်းဝေ၏ ခပ်ရွဲ့ရွဲ့စကားကို ဆူးပွင့်ပြုံးရသည်။

'ဟုတ်တယ်၊ ကြီးဒေါ်ထက်တောင် အရေးပါသေးတယ်၊ ကိုယ့်ကို အစစ အကူအညီပေးနေတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်။ အဲ... ကောင်မလေးဆိုပေမယ့် ဆရာမလေးတစ်ယောက် ပါ။ သူလည်း ကဗျာရေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ သူ့နာမည် ဘယ်သူလဲ'

အောင်ခက်၏ စိတ်ဝင်တစား အမေးကို သူပြန်မဖြေ ချေ။

'အဲဒါ ကိုယ့်ကိုလည်း ကြည်ညိုကိုးကွယ်နေတယ်ပေါ့ ကွာ.. သူကလေးရဲ့ဖြူစင်ရိုးသားမှုကို ကိုယ် နည်းနည်းမှ အငြိအစွန်း မထင်စေချင်ဘူး။ ခင်ဗျားတို့ နည်းနည်းလေးမှ သူ့ အပေါ် မခန့်လေးစား မရိုးမသား မလုပ်လိုက်ကြပါနဲ့နော်။ ဘုရားတစ်ဆူ၊ ဂူတစ်လုံး လေးစားကိုးကွယ်နေသူလည်း ဖြစ်တယ်...'

'ဩော်...'

ဆူးပွင့်၏စကားအဆုံးမှာ သူငယ်ချင်းများလည်း စိတ်မကောင်းဖြစ်သွားကြလေ၏။ အင်ကြင်းနီကို မမြင်ဘူးခင်ကပင် ကရုဏာသက်သွားကြပုံလည်းရလေ၏။ အိမ်ပြန်လမ်းတစ်လျှောက် စကားသံများ ဆိတ်သုဉ်းလျက် လေးတွဲသော ခြေသံများကသာ ကြီးစိုးနေခဲ့သည်။

'ခင်ဗျားကိုရော အရမ်းလေးစားတာပဲလား'

အောင်ခက်၏ နူးညံ့သည့်အသံက သူ့နှလုံးသားများကို ဆွဲညှစ်ဆုပ်ချေလိုက်သည့်နှယ်။ ဆူးပွင့် သက်ပြင်းချရပြန်လေသည်။

'ကိုယ့်အဖြစ်က ဆုပ်လည်းစူး၊ စားလည်းရှူးဖြစ်နေပြီ။ ဒါပေမဲ့ ကိုယ် ယောကျ်ားပါ။ ဖြစ်ပြီးသား ပြဿနာတစ်ခုကို ဘွာမခတ်ချင်ဘူး။ ခေါင်းမရှောင်ဘူး။ ဖြစ်မလာသေးတဲ့ ကိစ္စကို





ပဲ လွတ်အောင်ရှောင်ကြဉ်ရမှာ ယောကျ်ားကောင်းတို့ရဲ့အလုပ်၊ အခု... ကိုယ့်နှလုံးသားတစ်ခုလုံးကို သူကလေး ပိုင်စိုးနေရပြီပေမယ့် ကိုယ် ဘယ်တော့မှ လက်နက်မချဘူး။ ဘယ်တော့မှ... ဘယ်တော့မှ...'

အနောက်တောင်စွယ်မှာ နေကွယ်တော့မည်။ အိမ်အပြန်လမ်းက ဆည်းဆာရိပ်လွှမ်းလျက် လွမ်းချင်စဖွယ်။ ဩော်... အလွမ်းဆိုတာ သူ့ဘဝမှာ လက်တစ်ကမ်းမျှသာပါပဲလား။

အိမ်အဝင်ဝမှာ သူကလေးကို အိမ်ရှေ့ကွပ်ပျစ်လေးပေါ်မှာ စာအုပ်တစ်အုပ်နှင့် သပ်ရပ်ကျော့ရှင်းစွာ ရှတွေ့လိုက်ရသည်။

သူတို့အားလုံး သူမကို မတိုင်ပင်ဘဲ ရပ်ငေးကြည့်နေကြသည်မှာ အလေးဂရုပြုအပ်သည့် ရုပ်တုတစ်ခုကို ကြည့်နေမိကြသည့်နှယ်။

'ဩော်... ဆရာ ... ဧည့်သည်တွေပါလာသလား'

မဝံ့မရဲစကားဆိုလျက် သူမက ဆူးပွင့်၏ ဈေးအိတ်သို့ လက်ကမ်းယူခဲ့သည်။ သပ်ရပ်ကျော့ရှင်းနေသည့် အင်ကြင်းနီကို ဆူးပွင့်မခိုင်းချင်၊ မခိုင်းရက်သဖြင့် ဈေးအိတ်ပြန်ဆွဲယူခဲ့သောအခါ သူမ မျက်နှာက အဆမတန် ပျက်ယွင်း အိုစာသွားလေသည်။

'ဆရာ...'

အသံတုန်တုန်လေးက မျက်ရည်မိုးများနှင့် တစ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ညှိရီတော့မည်မို့ ဆူးပွင့်လက်လျှော့လိုက်ရသည်။ စပန့်ဂါဝန်လုံလုံခြုံခြုံကလေးနှင့် မွေးပျံ့လှပနေသည့် သူမသည် သူ့အတွက်ပဲ လောကမှာ ရှင်သန်ပွင့်ဖူးနေတော့သယောင်။

'ကျွန်တော့်သူငယ်ချင်းတွေ ရန်ကုန်က ကဗျာဆရာတွေပါ… အဲဒါ…'

'ဟုတ်… ကျွန်မ စီစဉ်ပေးမယ်… ဆရာ သွားပြီး အနားယူပါ… ညီ့ခံနေပါနော်'

သူ့အတွက် အမှုတော်ထမ်းရွက်ရမှာကို မက်မောပျော်ရွှင်နေသည့် သူကလေးအား ကြင်နာစွာ တစ်ချက်ကြည့်ပြီး ဆူးပွင့်အိမ်ပေါ်သို့တက်ခဲ့လျှင် သူငယ်ချင်းများကလည်း သူတို့ကို တစ်ချက်လှမ်းကြည့်နေကြသည်နှင့် ဆုံရ၏။

'မလွယ်ပါလား ကိုဆူးရယ်… ကောင်မလေးက ခင်ဗျား အပေါ် တော်တော် ညွတ်နူးနေတာပဲနော်…'

'ကျွန်တော်သာ ခင်ဗျားတို့နေရာမှာဆိုရင် ဘယ်လိုမှ ရှောင်နိုင်မှာ မဟုတ်ဘူး။ သူက ခင်ဗျားကို ဆရာဂုရုကြီးတစ်ပါးလို ကြည်ညိုအားကိုး တွယ်နေတာပါလားဗျ… အကောင်းဆုံးကတော့ ခင်ဗျား ချက်ချင်းသာ ရန်ကုန်လိုက်ခဲ့ပေတော့'

'ဟုတ်တယ် ဒါပဲ… အကောင်းဆုံး'

ဆူးပွင့်မှာ နန်းဝေနှင့်အောင်ခက်၏ စကားများကို မတုံ့





ပြန်နိုင်ဘဲ ဆက်တီတစ်ခုပေါ်သို့သာ ခြေပစ်၊ လက်ပစ်ထိုင်ချမိခဲ့သည်။ သူ့ရင်ထဲမှာ တကယ်ပဲ မောလျှနေ၏။

ကောင်မလေးရယ်…

မြားပစ်ခွင်းသူဟာ ကိုယ်မဟုတ်ရပေမယ့် ကိုယ့်လက်ကြောင့် ကြေကွဲသွားရမယ့် မင်းရဲ့နှလုံးသား နုနုလေး…

ပွင့်ချပ်ကလေးတွေလို ကြေမွသွားရမှာ…

ကိုယ့်ရင်နဲ့ရင်းပြီး တားဆီးပေးလိုက်ချင်ပါရဲ့ကွယ်…

❖ ❖ ❖

တစ်ခါတစ်ရံလာသည့် သူငယ်ချင်းများရဲ့အလိုကို ဆူးပွင့်ဖြည့်ဆည်းပေးရသည်။

သူတို့တောင်းဆိုမှုအရ အရက်ပုလင်းတစ်လုံးနှင့် အချဉ်သုတ်တစ်ပွဲ၊ မြေပဲဆားလှော်တစ်ပန်းကန်နှင့် ဆူးပွင့် ဝိုင်းလုပ်ပေးခဲ့ရသည်။ ပြီးတော့ သူငယ်ချင်းများနှင့်အတူ သူပါ ရောယောင်ပျော်ရွှင်ရတော့မည်ပေါ့။

ဟုတ်တယ်။ သေရည်အရက်ဟာ လူတွေရဲ့အရာအားလုံးကို မေ့လျော့စေတယ်။ လွင့်မျောစေတယ်။ ဝေဒနာအားလုံးမှတဒင်္ဂလွတ်မြောက်သွားမှာတော့ အမှန်ပါပဲ။

ဆူးပွင့် အရာအားလုံးကို တဒင်္ဂမေ့ချင်သည်။ တကယ့်



www.burmeseclassic.com

www.burmeseclassic.com



ကို တဒင်္ဂပါပဲ။ ရွှေစင်ရတနာကိုလည်း မေ့လိုက်မည်။ အချစ်ရူးမလေးကိုလည်း သူ့ဦးနှောက်ထဲမှ နှလုံးသားထဲမှ အကြောက်အကန် ငြင်းဆန် ဆွဲထုတ်ပစ်လိုက်မည်။

ကဲ… ဘယ်လောက်များ လွတ်လပ်သွားလိုက်မလဲ နော်။ နှောင်ကြိုးတွေနဲ့ အထပ်ထပ် ပိတ်ဆီးခံနေရတဲ့ ရာဇဝတ်ကောင်တစ်ကောင်ကို ခဏလေးလောက်တော့ လွတ်မြောက်ခွင့်ပေးကြပါနော်…

တစ်ဘက်ခန်းမှာတော့ အင်ကြင်းနီဆိုတဲ့ ကောင်မလေးတစ်ယောက် သူ့အတွက် အမှုတော်များကို ကျေပွန်၊ ကျေနပ်စွာ ထမ်းရွက်နေပြန်သည်။ မွှေးပျံ့သော ဟင်းနံ့၊ ကျွေးနံ့များက သည်ဘက်ခန်းသို့တိုင် လွင့်ပျံ့လျက်။

မင်းရဲ့လက်ကလေးနှစ်ဖက်နဲ့ စီမံဖန်တီးထားတဲ့ ဟင်းလျာမှာ မင်းနှလုံးသားတွေများ ကျဲဖြန့်ထည့်ထားရော့ကွယ်။

ယောကျ်ားတစ်ယောက်ကို ဘာဖြစ်လို့များ မင်း ဒီလောက်တောင် ကြည်ညို ရူးသွပ်ရသလဲ။

ကိုယ်ဟာ မင်းအတွက် နတ်ဒေဝတာတစ်ပါးဖြစ်မလာနိုင်ဘဲ နတ်ဆိုးတစ်ပါးသာ ဖြစ်လာတော့မယ်ဆိုရင်…။

မင်းနှလုံးသားလေး ကြေကွဲနာကျင်ရမှာ ငါ မကြည့်ရက်ပါဘူး အချစ်ရယ်။





မူးဝေရီဝင်နေသော ဆူးပွင့်မှာ နောက်ထပ် အရက်တစ်ခွက်ဆီ လက်လှမ်းမိပြန်သည်။

'ဟ… ကိုဆူးရ အရက်ဆိုတာ ရေနဲ့ရောပြီးမှချရတယ်ဗျ… ခင်ဗျားလိုသာ သောက်ရရင် မြန်မာပြည်က ကဗျာဆရာတွေအကုန်သေကုန်တော့မှာပဲ။ ရော့… ဒီလိုသောက်'

'အချစ်ဆိုတာလည်း ဒီလိုပဲဗျ။ ရေမရောဘဲ သွားသောက်ရင် တစ်ခါတည်း ဒေါင်းသွားမယ်…'

'အရက်ဆိုတာ မူးဖို့သာ အဓိက မဟုတ်လားဗျ… ဆိုဒါတွေ ရေခဲတွေ ဘာလို့ရောနေမလဲ… အချစ်ဆိုတာတော့ လာပြောမနေနဲ့ဗျာ… ဒါ… ကျွန်တော်လုံးဝ မကျွမ်းကျင်တဲ့ ဘာသာရပ်'

ဆူးပွင့်မှာ နာကျင်ခွေးမြည့်နေရသည့် ရင်ဘတ်ထဲသို့ အရက်များတစ်ခွက်ပြီးတစ်ခွက် လောင်းချဆေးကြော ပစ်ချင်နေမိသည်။ ဒါကြောင့် သူ အရက်ကို ပုလင်းထဲမှခွက်ထဲသို့ ခဏခဏ သွန်ချနေမိသည်။

'ခင်ဗျားနဲ့တော့ ခက်နေပြီ… ခင်ဗျားက အရူးကြီးဗျ… နေစမ်းပါဦး… ခင်ဗျားပြောတော့ သူ့ရှေ့မှာ မခန့်လေးစား မလုပ်ပါနဲ့ဆိုဗျ… ဆက်ရန်တွေရှိသေးတယ် မဟုတ်လား။ ကျွန်တော်တို့တွေ ထမင်းစားသွားကြရဦးမယ်လေဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ကိုနန်းဝေက ကန့်ကွက်ပြန်သည်။ ခေါင်းကို တွင်တွင်ခါရင်း ဆူးပွင့်နောက်တစ်ခွက် ထပ်မော့လိုက်ဖို့ပြင်နေဆဲ…

'ဆရာ..'

အနားသို့ ကပ်လာသည့် အရိပ်ကလေးကြောင့် သူတို့အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ အောင်ခက်နှင့် နန်းဝေက အရက်ပုလင်းများနှင့် အမြည်းခွက်များကို စားပွဲအောက်သို့ ထိုးသွင်းကြလေသည်။

အင်ကြင်းနီ မချိပြုံး ပြုံးခဲ့သည်။

'ရပါတယ်… ဆရာတို့ ကျွန်မကြောင့် စိတ်အနှောင့်အယှက် မဖြစ်ကြပါနဲ့.. ထမင်းစားဖို့ အဆင်သင့်ပြင်ပြီးကြောင်း ကျွန်မ လာပြီးသတင်းပို့တာပါ… မိုးချုပ်ပြီနော်…'

သူမက ယခုတိုင် ကိုင်ထားဆဲဖြစ်သည့် ဆူးပွင့်လက်ထဲမှ အရက်ခွက်ကို ညင်သာစွာ ဆွဲယူခဲ့သည်။

'ကျွန်မသောက်မယ်နော် ကျွန်မလည်း ကဗျာဆရာ ဖြစ်ချင်တယ်'

သူကလေး ပညာပေးလေပြီ။

'ဟာ… ဘယ်ဖြစ်မလဲ…'

ဆူးပွင့် သွေးရူးသွေးတန်းပြောမိသည်။

'ဟုတ်ပြီ… ဒါဆို ကျွန်မ သွန်ပစ်လိုက်မယ်။ ဟို





ဆရာတွေ သောက်ရင်သောက်ပါစေ၊ ဆရာတော့ မသောက်နဲ့တော့နော်…'

အရက်ခွက်ကို သွန်ချရင်း တောင်းပန်တိုးလျှိုးသံလေးက တစ်သက်လုံး နားခံလိုက်ချင်စရာ။ ဆူးပွင့် လေးတွဲ့စွာ ခေါင်းညိတ်ပြလိုက်မိလေ၏။

'ကဲ… လာ… သွားကြစို့၊ ကျွန်မ ပြင်ဆင်ထားခဲ့တယ်'

အင်ကြင်းနီက ရှေ့ဆောင်လျက် ထွက်ခဲ့သည်။ တစ်ဘက်ခန်းသို့ရောက်တော့ ဆင်ပြင်ထားပုံကလေးက တကယ့်ကို ညှို့ခံပွဲလေးတစ်ခုနှယ်။ ညှို့ခန်းစားပွဲပေါ်မှာ ပန်းအိုးကလေးအစ တော်ဝင်လှပနေပါ၏။ ခေါက်ဆွဲကြော်ပန်းကန်များနှင့် အချဉ်သုတ်၊ ဟင်းချိုတို့ကလည်း ပူပူနွေးနွေးနှင့် လှလှပပ။ တော်တော့်ကို ဂရုတစိုက် ပြင်ဆင်ထားပေသည်။

အလို သူဝယ်လာတာကဖြင့် ဝက်သားလေးနည်းနည်းနှင့် ဟင်းသီးဟင်းရွက်မျှသာ မဟုတ်ပါလား။

သူ အရက်သောက်သောကြောင့်ပေလားမသိ။ အင်ကြင်းနီ၏မျက်နှာကလေး ညှိုးနွမ်းလှသည်။ ဆူးပွင့် သူငယ်ချင်းများနှင့် မိတ်ဆက်ပေးပြီး ခေါက်ဆွဲကြော်များ စတင်စားသုံးကြသည်။ သူမက တစ်ဘက်ခန်းသို့သွားပြီး ရှင်းလင်းလုပ်ကိုင်ပေးနေစဉ် သူမနှင့် အတူနေထိုင်သည့် မစန္ဒာကို ပြန်လည်ရောက်ရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဘာတွေလဲ'

တကယ်က ဆူးပွင့်ကိုတွေ့သည်နှင့် အခြေအနေအရပ်ရပ်ကို စန္ဒာကို ရိပ်စားမိဖို့ကောင်းပါသည်။ သို့သော် စန္ဒာကိုမှာ အတူပါလာသည့် အမျိုးသားအဖော်၏ရှေ့မှာ စင်းလုံးချောလုပ်ပြနေချင်ပုံရ၏။

'ကျွန်တော်တို့ အင်ကြင်းနီရဲ့ မိတ်ဆွေတွေပါ…'

'ဘာပဲဖြစ်ဖြစ် ဒါနှစ်ယောက်အတူနေတဲ့အခန်း၊ သူ တစ်ယောက်တည်း လုပ်ချင်ရာလုပ်နေတာ ခွင့်မပြုနိုင်ဘူး… ဒါ ကျွန်မကို စော်ကားတာပဲ'

ပြဿနာပဲ။ ဆူးပွင့်တို့သူငယ်ချင်းတစ်စုမှာ ခေါက်ဆွဲကြော်ပဲ ဆက်စားရမလို ထပဲပြေးရမလိုဖြစ်နေစဉ် စန္ဒာကိုတို့စုံတွဲမှာလည်း ဧည့်ခန်းထဲမှာ နေစရာမရှိဘဲ မတ်တပ်ရပ်နေကြရသည်။

ထိုသို့ ကျဉ်းထဲကျပ်ထဲရောက်နေစဉ် အင်ကြင်းနီ ပြန်ပြေးလာသဖြင့်သာ အခြေအနေတွေ ပြေလည်သွားရလေတော့သည်။

❖ ❖ ❖



## အခန်း(၁၅)

အပြန်အလှန် စိုးရိမ်မှုတွေဟာ အချစ်လား…

မနက်က အင်ကြင်းနီအိမ်မှာ ဖျားကျန်ခဲ့သည်။ အနွေးထည်အင်္ကျီအနီလေးဝတ်ပြီး အိမ်ဝရန်တာ လေတိုက်ထဲမှာထွက်ပြီး သူမဆိုင်နေတာ သူ့ကို သပိတ်မှောက်နေခြင်းဖြစ်နိုင်ပါသည်။

ဆူးပွင့် မျက်စိနာဘုန်းကတော့ အင်ကြင်းနီ နေမထိ ထိုင်မသာ ဖြစ်ခဲ့ရပါ၏။ ဆောက်ဆေးဝယ်ပေးရ၊ မျက်စဉ်းဝယ်ပေးရနှင့် ဂရုတစိုက်ရှိခဲ့သည်။

သို့သော် ဆူးပွင့်သည် သံယောဇဉ်ကြီးကို တသသ မလုပ်ချင်။ ခွဲခွာချိန်မှာ သူကလေး အရမ်းခံစားနေရမှာ သူ သေမတတ် စိုးရိမ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်တတ်တဲ့ လူစိမ်းကားကြီးရယ်လို့သာ မင်း ယူဆလိုက်ပါတော့ အချစ်ရယ်။

သူ့ကိုမျှော်ငေးကျန်ခဲ့သည့် အင်ကြင်းနီထံသို့ အကြည့်မရောက်အောင် တမင်လစ်လျူရှုပြီး အလုပ်သို့ ထွက်လာခဲ့ရသော်လည်း ဆူးပွင့်တစ်နေ့လုံး နေမထိ ထိုင်မသာ ဖြစ်ရသည်။ ဘာမှကို အလုပ်မဖြစ်တော့ချေ။

'ကိုဆူး··· ခင်ဗျား ဘာဖြစ်နေတာလဲ'

လုပ်ငန်းဖော်ကိုထိုက်ဦး၏ အမေးက သူ့ကို ထွက်ပေါက်ပေးသည့်နှယ်။ ကိုထိုက်ဦးက သူ့အဖြစ်ကို ရိပ်စားမိသူလည်း ဖြစ်သည်။

'ဘာလဲ··· ချာတိတ် နေမကောင်းဘူးလား··· မနက်က ကိုဆူးဆီ ကျွန်တော်လာတော့ ဝရန်တာမှာအနွေးထည်အင်္ကျီလေးနဲ့ တွေ့ခဲ့ရသလားလို့'

ကိုထိုက်ဦးစကားကြောင့် ဆူးပွင့်နေလို့မရတော့။ သူကလေးက တဖွတ်ထိုးနိုင်သည် မဟုတ်လား။ တော်ကြာ သူ ဂရုမစိုက်လို့ဆိုပြီး လေတိုက်ထဲမှာ တစ်နေ့လုံး ထိုင်နေချင် နေမည့်ကောင်မလေးဖြစ်သည်။

'အေးဗျာ··· ကျွန်တော် ပြန်ကြည့်လိုက်ဦးမယ်'

ပြုံးစေ့စေ့ ကြည့်ကျန်ခဲ့မည့် သူငယ်ချင်းများကို ခုတော့





သူ ဂရုမစိုက်နိုင်ပါ။

နေ့လယ်တစ်နာရီထိုးလောက်ကြီး နေပူပူထဲမှာပဲ စက်ဘီးတစ်စီးနှင့် သူပြန်လာခဲ့မိသည်။

ထင်သည့်အတိုင်းပါပဲ။ အင်ကြင်းနီကို အိမ်ရှေ့ဝရန်တာမှာတွေ့ရသည်။ တော်တော် ခေါင်းမာတဲ့ကောင်မလေးပါပဲ။ ယခုမှတော့ ဆူးပွင့်လည်း ဟန်မဆောင်နိုင်တော့ပြီ။

'ဘာဖြစ်နေတာလဲ အိမ်ထဲမှာတော့မနေဘူး'

ခပ်ဆတ်ဆတ်အသံနှင့်အတူ သူအနားသို့ ရောက်သွားပြီး အင်ကြင်းနီ၏ နဖူးကိုစမ်းကြည့်လိုက်သည်။ အို··· ကိုယ်တွေခြစ်ခြစ်တောက်လို့ပါလား။ ဆူးပွင့်၏ စိုးရိမ်စိတ်များ ငယ်ထိပ်သို့ဆောင့်တက်သွားစဉ် သူမက သူ့လက်ကိုနဖူးပေါ်မှဆွဲယူပြီး ပါးကလေးနှင့် ဖိကပ်ထားခဲ့သည်။ ဆူးပွင့်၏လက်ဖမိုးပေါ်သို့ သူမ၏မျက်ရည်များ မိုးသဖွယ် ဖြိုးဖြိုးရွာသွန်းခဲ့ပါ၏။

မငိုပါနဲ့ကွာ··· ကိုယ်ပေါက်ကွဲမိတော့မယ်··· ကိုယ်မိုက်မဲမိတော့မယ်··· မငိုပါနဲ့ အချစ်ရယ်··· မင်းရဲ့မျက်ရည်မိုးတွေနဲ့ ကိုယ့်ကို အရည်ဖျော်မပစ်လိုက်ပါနဲ့··· ကိုယ်မသေဆုံးချင်သေးဘူး။

'ကျွန်မလေ တစ်နေ့လုံး ထိုင်စောင့်နေမိတယ်···'

သူမ၏စကားက အဆက်အစပ်မရှိပေမယ့် ဆူးပွင့်ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှ နားလည်နေပါသည်။ ချစ်သူချင်းတော့သိပေါ့ကွယ်။

မကြာမီ သူမက သူ့လက်ကိုလွှတ်ပေးပြီး ကြင်နာစွာ မော့ကြည့်လာသည်။ အင်ကြင်းနီ၏မျက်ဝန်းများမှာ အဖျားသွေးကြောင့် ရီဝေညိုးငယ်နေသော်လည်း အချစ်ရိပ်ဖြင့် ရွှန်းမြမြသာနေဆဲ။

'သွားတော့နော်... ဆရာ့ကို အဖျားကူးနေဦးမယ် ကျွန်မ အိမ်ထဲဝင်တော့မယ်'

သူ့အနားမှ သူကလေး ထရပ်တော့ ကိုယ်ခန္ဓာသွယ်သွယ်နွဲ့က ယိုင်တိယိုင်တိုင် ဖြစ်သွားသည်။ သူ ဆီးပွေ့ဖေးမမိပါ၏။

'ခဏစောင့်နော်... ကိုယ် ဆရာဝန်သွားပင့်လိုက်ဦးမယ်'

သူမကို ဧည့်ခန်းဆက်တီမှာ ညင်သာစွာ ချထားခဲ့ပြီး ဆရာဝန်ကိုဖြိုးအောင်ထံသို့ ဖြစ်သည်။ ကိုဖြိုးအောင်က အပြင်ဆေးခန်းပဲထိုင်သူမို့ အိမ်မှာရှိနေပါလိမ့်မည်။

'ဟော... ကိုဆူး ဘယ်လိုဖြစ်လာတာလဲဗျ၊ ဒီလောက်နေပူကြီးထဲ ဖုန်းဆက်လိုက်ရောပေါ့'

'အေးဗျာ စိတ်တွေ အရမ်းပူနေတာနဲ့...'

'စိတ်တွေ အရမ်းပူတယ်... ဘယ်သူဘာဖြစ်လို့လဲ ကိုယ့်လူကြီးလည်း မဟုတ်တော့ဘူး... ဧကန္တတော့ ဧကန္တပဲဗျို့'

'အခန်းနီးချင်း ကောင်မလေးတစ်ယောက်ပါဗျာ။ အဖျား





တော်တော်ကြီးနေတယ်။ ကိုယ်တွေပူနေတာ ခြစ်ခြစ်တောက်ပဲ။ တစ်ယောက်တည်းထားခဲ့ရတာဗျာ... ကဲ... ထ... ခုလိုက်ခဲ့'

သူ့စကားက စိုးရိမ်စိတ်များဖြင့် ပျာယာခတ်နေနိုင်သော်ငြား ကိုဖြိုးအောင်ကတော့ ဆရာဝန်ပီပီ ခပ်အေးအေးဖြစ်သည်။

'နေစမ်းပါဦးဗျာ... အခန်းနီးချင်း ကောင်မလေးနဲ့ ခင်ဗျားနဲ့ ဘယ်လောက်တောင် ပတ်သက်မှုတွေရှိနေလို့ ဒီလောက် ထိစိတ်ပူနေရတာတုန်း။ ဆိုင်ကယ်လေး ဘာလေးတော့ ထုတ်ပါရစေဦးနော်'

'လိုက်ခဲ့ဗျာ ကျွန်တော် သွားနှင့်မယ်'

ဆူးပွင့်မှာ စိတ်စောနေသဖြင့် ဆရာဝန်ကိုပင် စောင့်ခေါ်မနေတော့ဘဲ စက်ဘီးကို အားသွန်နင်းနေမိသည်။ မကြာမီ ကိုဖြိုးအောင် သူ့ကို မီလာခဲ့ပါသည်။

အိမ်သို့ရောက်တော့ သူ အင်ကြင်းနီ၏ အခန်းတံခါးကို ခေါက်လိုက်သည်။ အိမ်ထဲမှ တော်တော်နှင့် လှုပ်ရှားသံမကြားရ။

'အင်ကြင်း... အင်ကြင်းနီ'

ဆူးပွင့်၏အသံမှာ ပျာနေပေတော့သည်။ ကောင်မလေး သတိများလစ်နေသလား။ တံခါးဖျက်ဝင်ရလိမ့်မည်ဟု ပူပန်စွာတွေးနေဆဲ အထဲမှအလဲလဲအပြိုပြို တွန်းတိုက်သံများနှင့်အတူ တံခါးပွင့်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အို…'

ပွင့်သွားသော တံခါးဘေးမှ သူမက ပုံလျက်သား။ အရုပ်ကြိုးပြတ်ပျော့ခွေနေပုံက ရေနွေးဖျောခံထားရသည့် သဇင်ကလေးနှယ်။ ဆူးပွင့် စိုးရိမ်တကြီး ပွေ့ချီလိုက်မိပေပြီ။ ဒီလောက်တောင်ပေရ၊ တေရသလားအချစ်ရယ်။

'လာဗျာ… ကိုဖြိုး အခြေအနေကတော့ မြင်တဲ့အတိုင်းပဲ'

'ခက်တာပဲဗျာ သူ့အခန်းဖော်က စောင့်နေပေးဖို့ကောင်းတယ်…'

ကိုဖြိုးအောင်က လိုအပ်သည့်ကုသမှုများပြုလုပ်ပေးပြီးနောက် ဆူးပွင့်အဖော်ရအောင်နှင့် လူနာကို စိတ်မချမှုကြောင့်ပါ ညနေစန္ဒာကို ပြန်လာသည်အထိ ထိုင်စောင့်ပေးနေခဲ့သည်။

စန္ဒာကိုလာမှ အပ်နှံပြီး သူတို့ပြန်ခဲ့ကြသည်။ ဩော်… ဥပေက္ခာပြုရင်းနှင့်ပင် ပေါ်လွင်သွားခဲ့ရသည့် ဆူးပွင့်၏အကြင်နာများနှယ်။

❖ ❖ ❖

နောက်တော့လည်း သူမနှင့်ဆူးပွင့်၏ ဆက်ဆံရေးကသားရေကြိုးများနှယ် ပြန်လည်ရှန်းထွက်သွားပြန်သည်။ ဒုံရင်း… ဒုံရင်းသို့ ပြန်ရောက်သွားရပြန်သည်။ မေးထူးခေါ်ပြောဘဝပါပဲ။





ကောင်မလေးရယ် တမင်တင်းထားရတဲ့ ကိုယ့်ရင်ထဲကနှလုံးသားဟာ မင်းကိုချစ်တဲ့ အချစ်တွေနဲ့ ရဲရဲနီစွေးနေရတယ်ဆိုတာကိုယ် ဘယ်တော့မှ ဖွင့်မပြောဖြစ်တော့ဘူးနော်။

လမ်းပေါ်မှာ ဘုရားပွဲသွားလာကြသူတွေနှင့် စည်ကားနေမှ ဆူးပွင့် အိမ်ပြန်ရောက်ခဲ့သည်။ အိမ်ပေါက်ဝမှာ အရုပ်တစ်ရုပ်နှယ် ပြင်ဆင်ထားသည့် စန္ဒာကိုနှင့် ခေါင်းစွပ်ဆွယ်တာ အဝါသာမန်အဆင်အပြင်နှင့် အင်ကြင်းနီတို့ကို တွေ့ခဲ့ရသည်။ ညအခါကာလကြီးထဲ နှစ်ယောက်တည်းပွဲသွားမလို့တဲ့လား။ ဆူးပွင့် စိုးရိမ်နေမိသည်။

'ဘယ်လဲ…'

'ဘုရားပွဲ…'

နှစ်ယောက်တည်း စိတ်မချသည်မို့ ဆူးပွင့်လည်း ဘုရားပွဲသို့ လျှောက်ခဲ့ရသည်။ သို့သော် သူမတို့အဖွဲ့မှာ နောက်တစ်ယောက်တိုးနေပါ၏။ ကိုခင်ဇော်ဦး…

ဘုရားပွဲက ကြိတ်ကြိတ်တိုးမျှ လူစည်ကားနေသဖြင့်အင်ကြင်းနီတို့သုံးယောက်ကို လူပင်လယ်ထဲမှာ ကံကောင်းထောက်မလို့သာ တွေ့ခြင်းဖြစ်သည်။

'ဟာ… ဦးဆူးပွင့်…'

သူ့ကိုမြင်တော့ စန္ဒာကိုက ဝမ်းသာအားရနှင့် လှမ်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမကတော့ သူ့ကိုမမြင်ရ။ လူအုပ်ကြီးထဲမှာ စိတ်ညစ်၊ စိတ်ရှုပ်နေပုံသာ ရလေသည်။

သူ အင်ကြင်းနီတို့အနားသို့ ရောက်အောင်မနည်း တိုးဝှေ့သွားရသည်။

'ဦးဆူးပွင့် ကျွန်မတို့ ပွဲသွားကြည့်ကြဦးမလို့… အင်ကြင်းနီက အိပ်ချင်နေပြီ။ အဲဒါ ဦးဆူးပွင့်ပြန်ရင် ခေါ်သွားလိုက်ပါနော်'

စန္ဒာကိုက သူမကို အတင်းထိုးအပ်ခဲ့ပြီးထွက်ခွာသွားကြတော့ အင်ကြင်းနီ အားနာနေပုံကလည်း အထင်းသား။

'ဖြစ်ရဲ့လားဟင်'

'ဖြစ်ပါတယ် မင်းကို ကိုယ်ထမ်းပို့ရတာမှ မဟုတ်တာ'

ပြောပြီး သူ အင်ကြင်းနီ၏လက်တစ်ဖက်ကို ပိုင်စိုးစွာ ဆုပ်ကိုင် ဆွဲယူလိုက်သည်မှာ လူအုပ်ကြီးမှအကာအကွယ်ရစေရန် ဖြစ်သည်။ ဆူးပွင့်ရင်ခုန်နေမိသည်။

ဘာလို့မဖြစ်ရမှာလဲ ကလေးရယ်၊ ကမ္ဘာကြီးထဲမှာ မင်းအတွက်ဆို ကိုယ်မဖြစ်ချင်တာသာ ရှိရမယ်။ မဖြစ်နိုင်တာ လုံးဝမရှိရပေါ့ကွယ်။

သူ… အင်ကြင်းနီကို မုန့်ဝယ်ကျွေးပြီး ဘုရားပွဲဈေးတန်းတစ်လျှောက် သိမှတ်မဲ့စွာ လျှောက်သွားနေမိပြန်သည်။





အို… အိမ်မက် မက်နေသည့် အတိုင်းပါပဲ…

မီးရောင်မှိန်မှိန်နှင့် လရောင်အောက်မှာ လူအများစည်ကားနေပုံက တကယ့်အိမ်မက်ထဲမှ တိုင်းပြည်နှင့်တူလှသည်။

အချစ်ရေ… ဒါ ငရဲပြည်လား၊ နတ်ပြည်လား။

မင်းကို ရင်ခွင်ထဲမှာ ထည့်ထားခွင့်သာရနေမယ်ဆိုရင် ကိုယ့်ဝိဉာဉ်တွေ အားလုံးရူးသွပ်ပြီး မင်းအနားမှာပဲ အမြဲထာဝရ ရှိနေချင်ပါတော့တယ်။

လရောင်သည် ဆူးပွင့်၏ပင်ကိုယ် အသိဉာဏ်များအားလုံးကို တဒင်္ဂခိုးယူ သိမ်းဝှက်ထားလိုက်ကြ၏။ သူ့ရင်ထဲမှာ တုန်ခိုက်လှိုက်မောနေမိတော့သည်။

ပွဲခင်းဆီသို့ သူတို့ ရောက်ရှိသွားကြပြန်သည်။ လူအုပ်ကြီး၏ တစ်နေရာမှာ သူကလေး ခြေဖျားထောက်ခါ အငြိမ့်ကြည့်နေပြန်တော့ ဆူးပွင့်မှာ သက်တော်စောင့် ဖြစ်ရသည်။

လှပစွာ ကပြလင်းလက်နေသည့် အငြိမ့်မင်းသမီးလေးနှင့်အတူ ပါးစပ်မစေ့အောင် ရယ်မောရသည့် လူရွှင်တော်များနှင့်အတူ ဖြူစင်ရိုးသားစွာ အငြိမ့်ပွဲကြည့်နေသည့် အင်ကြင်းနီကလည်း သူ့နှလုံးသားကို ဆုပ်ကိုင်ဆွဲညှစ်နေပါ၏။

သူမ၏ နူးညံ့သည့် ဆံနွယ်လေးများပေါ်မှာ ဆူးပွင့်နားခိုမိစဉ် သူကလေးလည်း မော့ကြည့်လာခဲ့သည်။ ကေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတံပိုးခရာများကို ဆူညံမြည်ဟည်းစွာ ကြားသွားလေရှာ ထင့်။

'ပြန်ကြမယ်နော်…'

အင်ကြင်းနီ၏ဆန္ဒအတိုင်း သူတို့ပြန်ထွက်ခဲ့ကြသည်။ ပွဲခင်း၏ ထောင့်တစ်နေရာမှာ ဆူညံပျော်ရွှင်စွာ ရဟတ်စီးနေကြ သူများကို တွေ့ရတော့ အင်ကြင်းနီ စိတ်ဝင်စားစွာ ရပ်မော့ကြည့် ပြန်သည်။

'ကျွန်မ စီးကြည့်ချင်တယ်'

'ဟာကွာ… စီးဖူးလို့လား… မဖြစ်ပါဘူး'

'ဟင့်အင်း… မစီးဖူးလို့ စီးကြည့်ချင်တာ'

တကယ့် ကလေးဆိုးကြီးလိုပင်။

သူကလေး ဖွတ်တရွတ်ဆန်မှုကြောင့် ဆူးပွင့် ရဟတ်ဆီသို့ ပို့ပေးလိုက်ရသည်။

သို့သော် ရဟတ်ကဖြင့် လည်တောင်မလည်သေး။ လူ ပြည့်ပြီး ခုံတွေအမြင့်သို့ လှည့်တုန်းမှာပင် သူမ မျက်နှာပျက်ယွင်း နေပါပကော။

'ဟော့… ကိုယ်လာခဲ့ရမလား…'

ကြောက်လန့်တကြား ငုံ့ကြည့်နေသည့် ကောင်မလေး ၏ အားကိုးတကြီးရှုပ်ကြောင့် ဆူးပွင့် ရဟတ်သမားများထံ ပိုက်ဆံ





ပေးပြီး ရဟတ်ပေါ်သို့ မျောက်တစ်ကောင်နှယ် တွယ်တက်ခဲ့တော့ သည်။

ကောင်မလေးရယ် မင်းနဲ့ပေါင်းပြီး ငါလည်း ကောင်း ကောင်း ရူးသွပ်သွားပါပြီ။

'အလကား သတ္တိရှိတာလည်း မဟုတ်ဘဲနဲ့…'

သူ အင်ကြင်းနီရဲ့ဘေးမှာ ဝင်ထိုင်ရင်း မာန်မဲလိုက်တော့ သူမက ပြုံးရွှင်စွာ ဆီးကြိုသည်။ သူကုတ်ဖက် တက်ရကျိုးနပ် သွားခဲ့သည်။

ရဟတ်ပေါ်မှာတော့ သူမမှတစ်ပါး ကလေး၊ လူကြီး အားလုံးပျော်ရွှင်စွာ တက်ကြွစွာ ရဟတ်စတင်လည်မည့် အချိန် ကို စောင့်စားနေကြလေသည်။

'ရှီ…'

အချက်ပေးခရာမှုတ်ပြီးလျှင် ချားရဟတ်ကြီး စတင်လည် ပါတော့သည်။ ပထမ နှေးနှေး၊ နောက်တဖြည်းဖြည်း လျှင်မြန်စွာ လည်ပတ်နေပေတော့မည်။

'အား…'

ပွဲတစ်ခုတော့ စပြီပေါ့ကွယ်…

စိန်မခေါ်နဲ့နော်အချစ်…

မင်းပဲ ဒီပွဲကို ရွေးချယ်ခဲ့တာပါ…



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရဟာတ်ပေါ်မှာ သူမ ထိတ်လန့်နေပုံက မကြည့်ရက်စရာပင်။ မျက်စိကိုအတင်းမှိတ်ပြီး ကိုယ့်လက်များတောင် ကိုယ်မယုံကြည်နိုင်တော့ဘဲ သူ့ရင်ခွင်ထဲသို့ အတင်းတိုးဝှေ့ဖက်တွယ်ထားပုံက တကယ့်ကို အိုးနင်းခွက်နင်း ပရမ်းပတာ ဖြစ်နေ၏။

'ဟေး… ဝေးဟေးဟေး…'

ရှောင်ပြောင်ရယ်မောပျော်ရွှင်သံများကို ရင်ဆိုင်ရင်းဆူးပွင့်မှာ ကောင်မလေး ပြုတ်မကျအောင် ထိန်းသိမ်းပွေ့ဖက်ထားရလေသည်။

'မျက်စိဖွင့်ထား၊ အနားမှာ ကိုယ်ရှိတယ်လေ'

နောက်တော့ ငှက်ကလေးတစ်ကောင် အပျံသင်ပြီးသလို သူမ ရဟာတ်စီးတတ်သွားခဲ့သည်။ မကြာမီ ရဟာတ်ကြီးလည်း ပြီးဆုံးရပ်တံ့သွားခဲ့၏။

'စီးဦးမလား…'

'မောင့်အင်း တော်ပြီ…'

တခဏ် လွတ်မြောက်ပျော်ရွှင်နေမိသည်မို့ သူ ရယ်မောမိခဲ့သည်။ မိုးကောင်းကင်ကြီးကလည်း တိမ်စင်လဖြင့် လှပသာယာလွန်းလှသည်။

တုန်ယင်ရှက်ရွံ့နေသည့် သူမက သူ့လက်မောင်းအိုးကြီးများကို တွယ်ဖက်၊ ကွယ်ဝှက်လိုက်ပါလာခဲ့သည်။





ဒုက္ခပါပဲ ကောင်မလေးရယ်…

ငါ့ရင်ကို ထူးပြတ်အောင် မဖြားယောင်းလိုက်ပါနဲ့နော်…

သူတို့ ပွဲခင်းလေးထဲမှ တိတ်ဆိတ်စွာ ထွက်ခွာခဲ့ကြ သည်။

❖ ❖ ❖

အိမ်ကလေးရဲ့ရှေ့သို့ ရောက်ခဲ့ကြပြီ…

တိတ်ဆိတ်စွာ ဝင်ရောက်သွားတော့မည့် သူကလေးထံသို့ မြတ်နိုးတမ်းတစွာ ဆူးပွင့် ငေးကြည့်နေမိသည်။

သူ နှုတ်မဆက်လိုတော့ပါ။ အဖြစ်အပျက်တွေကို ပိုမိုမလေးနက်စေချင်။ သူ့ရင်ကို နိုင်နင်းစွာ ထူးခတ်သိမ်းဆည်းရမည်။

သို့သော် အင်ကြင်းနီက မှိန်ဖျော့ညှိုးငယ်သော မျက်ဝန်းများဖြင့် သူ့ထံသို့ သမင်လည်ပြန် ပြန်ကြည့်လာခဲ့သောအခါ…

'အို…'

သူ့ရင် နှလုံးသားကို ဆွဲညှစ်ဖျစ်ခံရသည့် ထိုအကြည့်လေးက သူ့ကမ္ဘာကို ညက်ညက်ကျေစေတော့၏။

'ဆရာ…'

တုန်ရီလှိုက်မောသော သူမ အသံကလေးကိုလည်း သူ မကြားဖြစ်တော့။

တစ်ဘဝစာ ဝေးကွာတော့မည့်အသိကြောင့် နောင်…



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မဝေးကွာရတော့အောင် တင်းကျစ်စွာ ထွေးပွေ့၊ သိမ်းဆည်းထားရင်း မျက်ရည်လူးသော အနမ်းပွင့်များ ခြွေချပေးနေမိခဲ့သလား။

ဒါဟာပဲ နှုတ်ဆက်အနမ်းပေါ့။ အချစ်ရယ် ငါ့ရဲ့ စံပယ်ပွင့်လေးရေ...

ငါတို့ ဂုဏ်သိက္ခာအတွက်၊ ငါတို့ ကိုယ်ကျင့်တရားအတွက်၊ ငါ သူ့ရဲဘောကြောင်လိုက်ပါရစေတော့ကွယ်...

'သွားတော့နော် အချစ်'

သတ္တိဆိုတာ မှန်ကန်သော ချစ်ခြင်းပါပဲ... မျက်ရည်မြစ်များခန်းခြောက်ပါစေ အချစ်ရယ်...

မင်း ငါ့ကို မုန်းမေ့လိုက်ပါတော့...

ဒါဟာပဲ မင်းအတွက် အကောင်းဆုံးအဖြေတစ်ခု ဖြစ်လိမ့်မယ်။

❖ ❖ ❖



## အခန်း(၁၆)

မိုးသောက်ယံ အာရုဏ်ဦးမှာ ဘယ်လိုအနမ်းနဲ့မှ မလောန်းဆန်းနိုင်တော့ဘဲ သူ့မှာ ယခုတော့ အင်ကြင်းနီမပါသည့် အခန်းကဏ္ဍတွေထဲ နေသားကျနေရပြန်သည်။

ယောကျ်ားတို့ရဲ့ ချစ်ခြင်းဆိုတာ ဘာလဲ... ဆူးပွင့်ကိုယ့်ဘာသာ လေ့လာဆန်းစစ် နေမိပြန်သည်။

ယခုတော့ သူကလေး ဘယ်လိုနေရှာမလဲ... မတွေးတတ်တော့ဘူးလား သူ...

စံပယ်ပွင့်ကလေးတွေ မြေပြင်မှာ ဖွေးဖွေးကြွေအောင် ပရမ်းပတာ သူ လှုပ်ခါချမိခဲ့လေသလား... အတွေးဖြင့် နာကျင်မိပြန်သည်။

သို့သော် သူဟာ ယောကျ်ားတစ်ယောက်ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခွဲခဲ့ပြီဆိုကတည်းက အင်ကြင်းနီကို လှည့်မကြည့်ဖြစ်တော့ပါ။ ရက်စက်တယ်လို့တော့ အမည်မတပ်နဲ့ပေါ့ကွယ်…

လူဆိုတာ ဖြစ်ရာဘဝမှာ အကောင်းဆုံးရင်ဆိုင်နိုင်ရမယ်။ ကိုယ်ချမှတ်တဲ့လမ်းမှာ ကိုယ် ရဲရဲလျှောက်လှမ်းနိုင်ရမယ်။

ယောကျ်ားတစ်ယောက်အတွက် အချစ်ဟာ ဘဝ၏အစိတ်အပိုင်း တစ်ခုသာဖြစ်သည်။

မိမိကိုယ်မိမိ သိမ်းဆည်းတည်တံ့ခိုင်ကြည်ရင်း သူ ကိုယ့်ဘဝကိုယ် ကောင်းမွန်စွာ မောင်းနှင်နိုင်ခဲ့သည်ဟု ထင်မိသည်။ ယခုတော့ ဆူးပွင့်သည် အောင်မြင်သော အယ်ဒီတာအဖြစ် အောင်မြင်သော အိမ်ထောင်ရှင်အဖြစ် ဘဝမှာရပ်တည်ခဲ့လေပြီ။

စာမျက်နှာများပေါ်မှာ ကြိုကြား၊ ကြိုကြားတွေ့မြင်နေရသည့် အင်ကြင်းနီ၏ ကဗျာလေးများကို ဖတ်လိုက်ရသည့်အခါများမှာတော့ ဆူးပွင့် ကြေကွဲသွားရပြန်လေသည်။

ကောင်မလေးတစ်ယောက်၏ မချိတင်ကဲ-မြတ်နိုးတမ်းတခြင်းကို ခံနေရသည့် ယောကျ်ားတစ်ဦးအနေနှင့် သူ ဘယ်လိုနည်းနှင့်မှ အနိုင်ယူပျော်မွေ့မနေနိုင်ခဲ့ပါ။

စားစား၊ သွားသွား၊ နေ့နေ့၊ ညည၊ အလျဉ်မပြတ် သတိရနေပါသည်ဟုတော့ ဆူးပွင့် မဆိုလိုပါ။ သို့သော် အင်ကြင်းနီသည် ကမာကောင်၏ ရင်ထဲမှဆူးနှယ် သူ့အသည်းတစ်နေရာမှာ





ပြက်ပြက်ထင်ထင် စူးရှနေလေမြဲ။

ချစ်သူရယ် ကမာကောင်ရဲ့ ရင်ထဲက ဆူးဟာ တစ်ချိန်ချိန်မှာ ပုလဲလုံးလေးများ ဖြစ်လာနိုင်ကောင်းပေမယ့်…

တို့နှစ်ယောက်ရဲ့ ရင်ထဲက ဆူးကတော့ ဘယ်သောအခါမှ…

သို့သော်… ဆူးပွင့်မှာ သူကလေး၏ သတင်းစကားများကိုတော့ နှမကလေးတစ်ယောက်နှယ် ကြင်နာစွာ ကြားနာနေမိမြဲ။ သူကလေး မိဘရင်ခွင်ကို ပြန်ရောက်သွားပြီတဲ့။ သူ စိတ်ချလက်ချရှိသွားခဲ့ရသည်။

မကြာမီ မိတ်ဆွေများထံမှ အင်ကြင်းနီ၏သတင်းတစ်ခု ကြားရပြန်သည်။ သူမ ဖောင်ကြီးဗဟိုဝန်ထမ်း တက္ကသိုလ်တက်နေပါသတဲ့။

မမြင်ရတာ ကြာပြီဖြစ်သည့် ပန်းပွင့်ကလေးကို သူ ဖြူစင်ရိုးသားစွာ တွေ့ဆုံ၊ ငေးမောခွင့်ရချင်မိသလို သူမအတွက် စာအုပ်လေးများလည်း ပေးချင်နေမိပြန်သည်။

ဒီဘဝမှာ ဒါပဲပေါ့ကွယ်။ ပေးလို့ရသော အချစ်မျိုးသာ ဖြူစင်စွာ သူပေးချင်နေမိတာ အမှန်။ သို့သော်…

'ကိုဆူးရေ ခင်ဗျားဟာလေး ဖောင်ကြီးတက်နေတယ်။ တစ်လအတွင်းမှာတော့ ရန်ကုန်ဆင်းလာမှာပဲ။ ခင်ဗျားကိုလာတွေ့



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်ထင်တယ်…’

ရွှေစင်ရှေ့မှာ လွှတ်ခနဲ ပြောချလိုက်သည့် ကိုအောင်ခက်၏စကားကြောင့် သူ့မှာ လှပ်ခနဲ ဖြစ်သွားရသလို ရွှေစင့်မှာလည်း ဆတ်ခနဲဖြစ်သွားရသည်။

‘ဘယ်သူလဲ‥ ကိုအောင်ခက်။ အင်ကြင်းနီလား’

အင်ကြင်းနီ၏ရာဇဝင်ကို ရွှေစင်ရတနာလည်း တစ်စွန်းတစ်စမျှ သိရှိနေခဲ့သည်။

‘အဲဒီကောင်မလေးကလည်း သိပ်ရှုပ်တာပဲ၊ ခုထိ ရှုပ်တုန်းပဲ’

ရွှေစင်ရတနာ၏ ပြုံးစူသံကြောင့် ဆူးပွင့် စိတ်တိုမိသည်။ မိန်းမတွေများ အတော့်ကိုခက်သည်။ လူတစ်ယောက်လုံးကြီး ပိုင်ဆိုင်နေရတာတောင်မှ စိတ်မချ ဖြစ်နေရသေးသည်။

တကယ်ဆို ကိုယ့်ယောက်ျား၏ ဂုဏ်သိက္ခာကို ရွှေစင် ယုံကြည်သင့်သည်။

ခပ်ရိုင်းရိုင်းပြောရလျှင် ယောက်ျားဆိုတာ ချည်တိုင်တစ်ခု မိလျှင် အဲဒီချည်တိုင်မှာပဲ တဝဲလည်လည် ရှိနေတတ်တာ ရွှေစင် သိဖို့ကောင်းပါသည်။

သို့သော် ဆူးပွင့် ဖြေသိမ့်လိုက်ပါသည်။ သူ့ခမျာ မိန်းမ တစ်ယောက်မဟုတ်ပါလား။ မိန်းမဆိုတာ သူတို့၏ချစ်ခြင်းမေတ္တာ





ကို အူတိုခြင်း၊ ပြုံးစူခြင်းများဖြင့် ပြသတတ်ကြတာ ကမ္ဘာဦးကပင် ဖြစ်သည်။

နားစွန်နားဖျားကြားထားရသည့် သတင်းများအရ ရွှေစင် စိတ်ပူနေပေလိမ့်မည်။

သူ့ရဲ့ကဗျာမလေးကလည်း သူ့ကို အတော်ပြုစားခဲ့တာ ပင် မဟုတ်ပါလား။

ညှစ်ချလိုက်လျှင် နှလုံးသွေးတွေ တစ်စက်စက် ယိုစီးကျမတတ် သူမ၏ ကဗျာပွင့်ကလေးများ ဆူးပွင်၏ ရင်ကိုကြေကွဲ လွမ်းဆွတ်နေစေတာ ရွှေစင်ရတနာ သိနေပေလိမ့်မည်။

‘ဒါပဲနော်… ကို… ကျွန်မ မပါဘဲနဲ့တော့ ကို… အင်ကြင်းနီကို သွားမတွေ့ရဘူး။ ကျွန်မ ကို့ဘေးနားမှာ ငြိမ်ငြိမ်ကလေးထိုင်ကြည့်နေမှာပါ ကိုရဲ့၊ ကိုတို့ဘာသာ ပြောချင်တာ ပြော၊ လုပ်ချင်တာလုပ်’

ဆူးပွင့် ရွှေစင့်ကို ဖျတ်ခနဲ ကြည့်မိသည်။ သူ့စကားက ဘယ်လိုအဓိပ္ပာယ်လဲ။

‘မင်းစကားကို ဆင်ဆင်ခြင်ခြင်ပြောပါ။ ကိုယ်တို့ဘယ်တုန်းက ဆက်သွယ်တာ မင်းမြင်ဖူးလို့လဲ။ လူတစ်ဖက်သား နစ်နာမယ့် အသုံးအနှုန်းတွေ လက်လွတ်စလွယ် မပြောပါနဲ့’

ရွှေစင်ရတနာကတော့ လှောင်ပြုံးရိပ်ဖြင့် ခပ်အေးအေး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောခဲ့သည်။

'သိနိုင်ဖူးလေ… ဒါကတော့ လူချင်းမဆက်သွယ်လည်း နှလုံးသားချင်း ဆက်သွယ်ချင် ဆက်သွယ်နေမှာပေါ့။ ကျွန်မရထားတာက အသည်းနှလုံးမပါတဲ့ စက်ရုပ်ကြီးလေ‥ ကဲ‥ ရှင် ဒါကိုရော ငြင်းဦးမလား။ ဘယ်လောက်အသည်းနာစရာ ကောင်းယိုက်သလဲ…'

ဆူးပွင့် အံ့သြစွာဖြင့် ရွှေစင်ရတနာကို ကြည့်လိုက်မိသည်။ အခါတိုင်းက ဒီအကြောင်းတစ်ခါမျှ မဆွေးနွေးခဲ့ပေမယ့် သူမရဲ့ ရင်ထဲမှာ အခိုင်အမာ အဆောက်အဦဖွဲ့နေခဲ့ပါလား။

'မင်း… အဲဒါတော့ အထင်မှားတာပဲ။ ငါ့အပေါ်စော်ကားလိုက်တာပဲ။ ငါ ယောကျ်ားဟောင်း တစ်ယောက်ပါကွ၊ လေ့နှုန်းနှစ်ဖက်မနင်းဘူး။ ဘယ်တော့မှ မြင်းနှစ်ကောင်တစ်ပြိုင်တည်း မစီးဘူး'

ရွှေစင်ရတနာ၏ ရယ်မောသံကလေးများက ဆည်းလည်းသံလို၊ စမ်းရေစီးသံလို… လှုပ်လှုပ်ခတ်ခတ် ရှိလေ၏။ ဆူးပွင့် အံ့သြရပြန်သည်။ စီးပွားရေးပဲရှာတတ်သည့် မိန်းမတစ်ဦးသည်လည်း အချစ်နှင့်ပတ်သက်လာတော့ ဟန်မူယာတွေ ကြွယ်ဝဖွံ့ဖြိုးလာတတ်ပါသလား။

'စီးရင်လည်း ဒုက္ခရောက်သွားမှာပေါ့ ရှင်ရယ်။ ရှင်





ပြုံမြဲမှတ်ထား။ ကမ္ဘာပေါ်မှာ ခွန်အားအကောင်းဆုံးက မိန်းမတွေပဲ။ ရှင်တို့ယောကျ်ားတွေလို မိန်းမတွေဟာ အရာရာမှာ မေ့ပစ်နိုင်စွမ်း၊ မေ့ရက်နိုင်စွမ်း မရှိဘူး။ အစွဲအလမ်းကြီးတယ်။ ဇွဲရှိတယ်။ တချို့များ တစွတ်ထိုး၊ တဇောက်ကန်းပဲ။ မှတ်ထားစမ်းပါ ရှင်ကြီးရဲ့၊ အကောင်ငယ်ပေမယ့် အစွမ်းထက်တာ ကျွန်မတို့မိန်းမသားတွေပါ။ အချစ်အတွက်ဆိုရင် အမျိုးမျိုး ဒဏ်ခံနိုင်ကြတယ်'

သည်လို မိန်းမမျိုးကတော့ သည်စကားမျိုးပြောတတ်နေတော့ ဆူးပွင့် မအံ့သြချင်တော့ပါ။

ရှည်လည်းလျှောက်သာ ၊ ပုလည်းစွဲသာ၊ မတွေ့တော့တာပဲ ကောင်းလိမ့်မည်။

သူနှင့်ရွှေစင် နှစ်ယောက်တွဲကြီးသွားတွေ့လျှင် ကောင်မလေး ဘယ်လိုနေရှာမလဲ။ ကွဲကြေပြီးသား နှလုံးသားလေးတစ်ခုကို ထပ်မနင်းချေ မပစ်ရက်တော့ပါ။

'ငါတို့ဆီတော့ လာမယ်ထင်တယ်။ ကိုယ့်မဂ္ဂဇင်းမှာ သူ့ကဗျာလေးတွေ ကြိုကြား၊ ကြိုကြား သုံးဖူးတယ်၊ သူလာတွေ့မှာပါ…'

သူငယ်ချင်း၏ စကားများကို သူ မကြားသလို လုပ်နေရခဲ့သည်။ အခြေအနေက မလွန့်သာ ဖလူးသာ။

တွေ့ရရင် ကောင်းမလား။



www.burmeseclassic.com

www.burmeseclassic.com



ခွဲခွာလက်စနဲ့ မတွေ့တာပဲ ကောင်းလိမ့်မည်။ ရွှေစင်ရတနာကတော့ သူ့ကို တစေ့တစောင်း အကဲခတ် ရှု့ချလျက်ရှိလေသည်။

❖ ❖ ❖

'ကိုရေ… ဖုန်းလာတယ်… ( ) မဂ္ဂဇင်းတိုက်မှာ အင်ကြင်းနီရောက်နေတယ်တဲ့…။ အရေးတော်ပုံတော့ ပေါ်လာပြီပေါ့ကွယ်…'

ကွန်ပျူတာနှင့်ဒီဇိုင်းရှာနေရာမှ ဆူးပွင့် မိုက်ခနဲ ဖြစ်သွားမိသည်။ ရွှေစင့်စကားက အနှောင့်အလွတ်၊ အသွားမလွတ်။ အခြေအနေတွေ ဘယ်လိုဖြစ်လာမလဲ။ သနားစရာ အင်ကြင်းနီပါပဲ။

ရွှေစင်ရတနာက ဖုန်းထိုးပေးသောကြောင့် ဆူးပွင့် ယူလိုက်ရသည်။

'ဟဲလို… ကျွန်တော် ဆူးပွင့်ပါ'

'ဟုတ်ကဲ့…'

'ဟုတ်ကဲ့…'

'အခုပဲလာခဲ့ပါ့မယ်… အဲဒီမှာ စောင့်ခိုင်းထားလိုက်ပါဦးနော်'

စကားတစ်ခွန်း၊ နှစ်ခွန်းပြောပြီး ဖုန်းချလိုက်ပေမယ့် ရွှေစင်





ရတနာကလည်း လှစ်နေအောင် ပါးနေပြန်သည်။

'ကျွန်မလည်း လိုက်မယ်။ မြို့ထဲသွားစရာရှိလို့'

အနည်းငယ်ပြုပြင်ပြီး အဝတ်အစားလဲပြီးနောက် ရွှေစင်က စစ်ထွက်တော့မည့် စစ်သားတစ်ဦးနှယ် အသင့်ပြင်ဆင်ထားခဲ့သည်။ ငြင်းနေလို့လည်း အပိုပဲမဟုတ်လား။ ဆူးပွင့်အနေရခက်နေမိတာ အင်ကြင်းနီကို အားနာလို့ဖြစ်သည်။

'မင်းကွာ…'

'ဘာလဲ ရှင်က‥'

ရှေ့ဆက်ပြောကြည့်ရင်လည်း စကားများဖို့၊ ရန်ဖြစ်ဖို့သာ ရှိတော့သည်။ နှစ်ဦးစလုံး အကျိုးရှိဖွယ်မမြင်။ ဆူးပွင့် ဘာမှဆက်မပြောချင်တော့။

လက်ရှိအနေအထားကလည်း သိလျက်သားနှင့်။ မိန်းမတွေများ အူတောင်ရှိသေးရဲ့လား မသိတော့။

ကလိကမာစိတ်တွေ မရှိပေမယ့် ချစ်ဖူးသူတစ်ယောက်၏ရှေ့မှာ မဏ္ဍပ်တိုင်တက်ပြသလို မဖြစ်သင့်တော့ဟုတော့ ဆူးပွင့်နားလည်ပါသည်။

သို့ပေမဲ့ အခြေအနေတွေက လွှဲဖယ်၍မရတော့။ သူကလေးက ရက်စက်တယ်လို့ ထင်မှာပဲ။

ဆူးပွင့်ရယ် ရက်စက်တယ် ထင်တော့ရော မင်းမှာ ...



www.burmeseclassic.com

www.burmeseclassic.com



များထူးပြီး နစ်နာဆုံးရှုံးရဦးမှာတဲ့လဲ။ သူ့အတွက် နာကျည်းကြေကွဲတဲ့ ကဗျာကလေးတစ်ပုဒ် ထပ်ရစေရုံပေါ့။

တွန့်ဆုတ်ခြေလှမ်းများဖြင့် ကြေကြေကွဲကွဲ လျှောက်လှမ်းရင်း သူ့မှာ ချီတုံချတုံ။ မသွားလို့လည်း မဖြစ်။ ရွှေစင်ကလည်း ထားခဲ့လို့မရ။ သူကလေးကို စာနာမိရင်း ဆူးပွင့် ရင်မှာမချိတင်ကဲ နာကျင်နေမိသည်။

ခွင့်လွှတ်တော့ အင်ကြင်းရယ်...

ကိုယ့်ကို လူစိမ်းကားကြီး၊ သိပ်ပြီး ရက်စက်တဲ့ လူစိမ်းကားကြီးရယ်လို့သာ မင်းမှတ်ယူလိုက်ပါတော့။

ယိုစီးစိမ့်ထွက်လာမယ့် နှလုံးသွေးနဲ့ မင်းနောက်ထပ်ကဗျာ တစ်ပုဒ်ရေးပေါ့ကွယ်... နော်။

❖ ❖ ❖

မဂ္ဂဇင်းတိုက်သို့ ဆူးပွင့် ရောက်သွားတော့ သူမက ကယောင်ကတမ်း ထရပ်ခဲ့သည်။

သူ့ကို မှန်းမျှော်ငေးစိုက်ကြည့်နေသော မျက်ဝန်းများက ယခု သူမရဲ့ရှေ့မှ ဆူးပွင့်ကို စိုက်ကြည့်သည်မဟုတ်။ လွန်ခဲ့သော နှစ်များက မိုင်ပေါင်းများစွာက ဆူးပွင့်ကို ငေးမျှော်ကြည့်နေသည့် အကြည့်သာ ဖြစ်သည်။





တကယ်လည်း သမုဒ္ဒရာ ခုနစ်တန်ခြား၊ မိုင်ပေါင်းများစွာ ဝေးကွာခဲ့ရပါပြီလေ။

'ဒါ... ကိုယ့်ဇနီး... ရွှေစင်ရတနာ... တဲ့'

သူမ၏ ကြေကွဲမျက်ဝန်းများကို လစ်လျူရှုပြီး သူ ရွှေစင်နှင့် မိတ်ဆက်ပေးခဲ့ရပြန်သည်။

'သြော်...'

ရိုးစင်းလွန်းသော သူမက ဟန်တွေ၊ ပန်တွေ မဆောင်တတ်ခဲ့။ တွေ့ရတာ ဝမ်းသာပါတယ်လို့လည်း မပြောနိုင်၊ အခြေအနေတွေက ဘယ်လိုမှ ပြေပြစ်မလာခဲ့ပါ။

ဆူးပွင့်မှာ အလ္လာပ၊ သလ္လာပ စကားတွေဖြင့် ထိန်းနေရသော်လည်း သူကလေးမှာ ပြိုတော့မည့်မိုးနှယ် မျက်ဝန်းများ ညို့ညို့ဆိုင်းလာခဲ့ပေပြီ။

ငိုတော့မချလိုက်ပါနဲ့ ကောင်မလေးရယ်။ တိမ်ညိုတွေ အုံ့ဆိုင်းနေတဲ့ မင်းရဲ့မျက်နှာလေးမှာ မြစ်ချောင်း၊ အင်းအိုင်တွေ ပြည့်အောင် ရွာတဲ့မိုးလို၊ အငြိုးကြီးကြီးနဲ့ ရွာချလိုက်မှာ ကိုယ် ဘယ်လိုရင်ပြင်မျိုးနဲ့ ကြည့်ရက်မှာလဲကွယ်'

'ကျွန်မ... သွားတော့မယ်'

ကြေကွဲနစ်ဝင်နေသည့် အသံခပ်အက်အက်လေးက သူ့နှလုံးသားကို ကျိုးကြေစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းတွေ ပြိုကွဲရင်နင့်နေရမယ့်အစား နှုတ်ဆက်ခွဲခွာကြတာကပဲ အကောင်းဆုံးဖြစ်လိမ့်မည်။

ဣန္ဒြေမဆည်နိုင်အောင်ပင် သူကလေး ပြေးထွက်သွားခဲ့တော့ ရွှေစင်ရတနာက ခပ်ဟက်ဟက် ရယ်မောနေခဲ့သည်။ သူဘာမှမပြောချင်၊ မပြောနိုင်တော့ပါ။ ဖြစ်ချင်တာတွေ၊ ပရမ်း ပတာဖြစ်သွားပြီးတဲ့နောက် ဘာကိုမှလည်း သူ အပြစ်တင်မနေ ချင်တော့။

ချစ်သူရေ…

ဝေးပြီးရင်း ဝေးရင်းနဲ့…

တို့ဘဝတွေ တောင်စဉ်ခုနစ်ထပ်… ခြား…

ရွှေပင်လယ်များလည်း ကားဆီးသွားပါစေ…

❖ ❖ ❖

## အခန်း(၁၇)

"အဲဒီကတည်းက ကိုယ်တို့လင်မယားလည်း အိမ်ထောင်ရေးအဆင်မပြေတော့ဘူး။ ကိုယ့်ကို မသင်္ကာတဲ့ မျက်လုံးတွေ၊ စွပ်စွဲတဲ့အကြည့်တွေ၊ နာကျည်းတဲ့အပြုအမူတွေအပြင် နေ့စဉ် ပုတ်ခတ်၊ စွပ်စွဲ၊ ဇော်ကား မော်ကားပြုနေတော့ ကိုယ် ရွှေစင့်ကို ကြောက်၊ ကြောက်လာတယ်။ ညီလေးရယ်‥ ကိုယ့်ရဲ့ ကိုယ်ကျင့်တရားကို သူ အကြိမ်ကြိမ် ထိပါးနင်းချေပစ်ခဲ့တယ်။ ဟာကယ်ဆို သူ သဘောထားကြီးပြလိုက်ရမှာပါ။ ပြီးခဲ့တာတွေအပေါ် သူဘာလို့အငြိုးကြီးနေရတာလဲ… ကိုယ်နဲ့ အင်ကြင်းနီဟာ အခုဘာအဆက်အသွယ်မှ ရှိမနေတော ကိုယ်ကျမ်းသစ္စာ ကျိန်ရွတ်ပြပေမယ့် သူ မယုံဘူး…"

နေ့တိုင်း ရန်လုပ်ခံနေရတဲ့အခါ ကိုယ်အရုပ်ကြီးတစ်ရုပ်



www.burmeseclassic.com

www.burmeseclassic.com



လို လည်စင်းခံနေခဲ့ပါတယ်။ ဒါ… ကိုယ် ရွေးချယ်ယူခဲ့တဲ့ ဘဝပဲ…

ကိုယ် အင်ကြင်းနီကို အရမ်းသနားမိပါတယ်.. ဒါပေမဲ့ ကိုယ် ရွှေစင့်ကိုရွေးချယ်ခဲ့တာပဲ။ ကိုယ်တို့နှစ်ယောက် တဖြည်းဖြည်း ဝေးသွားရမယ့် အဖြစ်မျိုး မလိုချင်ပါဘူး။

'ကိုယ်အရမ်း စိတ်ညစ်တယ်ကွာ၊ ကိုယ့်ရွေးချယ်မှုတွေ မှားခဲ့သလားဟင်….'

ညည်းရင်း၊ တွားရင်း ဆူးပွင့်တစ်ယောက် ရင်ကွဲနာကျနေတော့ အနားမှာ နားထောင်ပေးနေရသည့် ကဗျာဆရာကလေးမှာလည်း ရင်နင့်စာနာမိသည်။

'အစ်ကို့ဘဝကလည်း မသက်သာပါလားဗျာ'

တွေဝေငေးမော ငြိမ်သက်သွားသည့် ကဗျာဆရာ နှစ်ယောက်ကို ငေးကြည့်ရင်း အင်ကြင်းနီ ဆူးပွင့်၏ အင်္ကျီအိတ်ထောင်ကလေးထဲမှ တိုးထွက်လိုက်သည်။

ဩော်… ဘာပဲဖြစ်ဖြစ်၊ သူ သူမကို ချစ်ခဲ့သားပဲနော်

ပြောပြလိုက်ပါ ဆရာရယ်… မမရွှေစင် အူတိုတဲ့၊ စိုးရိမ်တဲ့၊ မျက်မှန်းကျိုးခဲ့တဲ့ ကောင်မလေးဟာ ဘဝက ကြမ္မာဆိုးတွေကြောင့် သေဆုံးသွားခဲ့ပါပြီဆိုတာ…

သူရူးတစ်ယောက်နှယ် တတွတ်တွတ်ပြောဆိုရင်း ဆူးပွင့်





၏ မျက်ဝန်းများရဲတက်လာခဲ့သည်။

သူကလေး သေဆုံးသွားပြီတဲ့… မယုံနိုင်စရာပါ။

'ညီလေးရဲ့… ပြောပါဦးကွာ… အစ်ကိုပေးခဲ့တဲ့ ဝဋ်ဒုက္ခတွေနဲ့ လောင်မြိုက်ကြေကွဲနေခဲ့ရရှာတဲ့ အစ်ကို့စံပယ်ပွင့်လေး တကယ်ပဲ ကြွေလွင့်သွားခဲ့ရပြီလားကွာ…'

'ဟာ… အစ်ကိုကလည်း မဖြစ်နိုင်တာ… သူက ဘာလို့သေရမှာလဲ…. အစ်ကိုကရော ဘယ်လိုလုပ် သိလိုက်တာလဲ… ကျွန်တော်လည်း မယုံဘူး… ပြီးခဲ့တဲ့လကတင် သူ့ကဗျာလေး တစ်ပုဒ် ဖတ်လိုက်ရပါသေးတယ်'

'အစ်ကိုလည်း မယုံချင်ပါဘူး၊ ဒါပေမဲ့ ဒီမှာ သူ့လိပ်စာလေကွာ။ ပြီးတော့ သူ့အသံလည်း ကြားလိုက်ရတယ်လေ… ညီလေးရဲ့ အစ်ကို ဘာဆက်လုပ်ရမလဲ'

'သူ ဘာတွေပြောလို့လဲ အစ်ကို အဲဒါအရင်ပြောပြ။ ပြီးမှ ကျွန်တော် အကြံပေးမယ်…'

'သူတို့အိမ်မှာ နှစ်ရက်ကြာရင် ရှင်ပြုမယ်တဲ့။ အဲဒါကို အစ်ကိုတို့လင်မယားကလာပြီး အမျှဝေပေးပါတဲ့ကွာ…'

ဆန်းကြယ်သည့် အိပ်မက်၏ အဖြစ်အပျက်တွေမို့ သူတို့မယုံကြည်လို့မရတော့။ ကဗျာဆရာလေးက လေးနက်စွာ စဉ်းစားပြီး အကြံပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'သူ့ခမျာ... အစ်ကို့ကို တော်တော်စွဲလမ်းရူးသွပ်တာပဲနော်... သေတာတောင် အစ်ကို့နားမှာ တဝဲလည်လည်နဲ့။ ဒီလိုလုပ်ပါ အစ်ကို... သူပြောသွားသလို သူ့မြို့ကို အစ်ကိုတို့လိုက်သွားလိုက်ပါ။ အမျှပေးဝေလိုက်ပါ။ အစ်ကို့မိန်းမကို အခုလှမ်းပြီး ဖုန်းဆက်သတင်းပေးလိုက်ရင် ကောင်းမယ်။ အင်ကြင်းနီက အစ်ကိုတို့လင်မယားကိုလည်း အဆင်ပြေစေချင်ပုံရတယ်။

ဩော်... သေသွားတဲ့ဘဝမှာတောင် ငြိမ်းချမ်းရာမရရှာသေးတဲ့ သနားစရာ မိန်းကလေးပါပဲ'

ကဗျာဆရာလေးလည်း ခံစားရပါသည်။ သူမရဲ့ အသည်းကွဲကဗျာလေးတွေ ဖတ်ရင်း... မှန်းဆပုံဖော်ဖူးခဲ့တာပဲလေ။

'ဟလို... ကိုယ်ပါ... ရွှေစင် ကိုယ်ပြောနေတာ သေချာနားထောင်ပါ။ မနက်ကို ရှစ်နာရီကားနဲ့ ကိုယ် ခရီးသွားစရာရှိတယ်။ မင်းပါလိုက်မှဖြစ်မယ့် ခရီးပဲ။ အဆင်သင့်ပြင်ထားပါ။ ကိုယ်လာခေါ်မယ်'

'မသွားလို့မရဘူး... သွားရမယ်။ သွားမှဖြစ်မယ်။ အခုကိုယ်ရှင်းပြလို့မရဘူး... မနက်ကျမှ ရှင်းပြလို့ရမယ်'

'စိတ်ချ... မင်း ဝမ်းသာရင်တောင် သာမယ့်ကိစ္စပဲ'

ဖုန်းဆက်နေသည့် ဆူးပွင့်ကိုကြည့်ရင်း ကဗျာဆရာလေးမှာ မသက်မသာ ဖြစ်နေမိသည်။ အစ်ကို့ပုံစံက အိမ်မက်ထဲမှ





သူရူးတစ်ယောက်နှယ် ငေးကြောင်ကြောင်၊ လွမ်းရင်လည်း လွမ်းလိုက်ပါ။ ကြေကွဲလိုက်ပါ အစ်ကို။

ငိုကြွေးခြင်းအမှုကို ခိုးကြောင်ခိုးဝှက်ပြုနေရသည့် အချစ်သူရဲကောင်းကြီးအား သူလည်း မကူနိုင်တော့ပါပေ။

❖ ❖ ❖

'ရွှေစင်...'

ကြေကွဲသည့်ရင်ဖြင့် ဆူးပွင့်ခေါ်ညည်းမိသော်လည်း ရွှေစင်က လှည့်မကြည့်ခဲ့ပါ။ သည်ခရီးသို့ သူမလည်းမလိုက်၊ သူလည်း မသွားရပါတဲ့...။

သေကွဲ ကွဲလိုက်ရသည့် ချစ်သူထံသို့သွားရာ ခရီးမှာ ဇနီးသည်နှင့်ပါ ရှင်ကွဲထပ်ကွဲရဦးမှာလား။

သူ ကြေကွဲစွာတောင်းပန်နေသော်လည်း ရွှေစင်ရတနာကလှည့်မကြည့်ခဲ့။

မည်သို့ပင်ဖြစ်စေ... သေဆုံးသူတစ်ဦး၏ ဆန္ဒကိုတော့ ဆူးပွင့်ဖြည့်ဆည်းပေးလိုက်ချင်သည်။ သူကလေး အယူဖြောင့်စေချင်ပါသည်။ ရွှေစင် သူ့ကို နားလည်ပေးစေချင်တာ ဆူးပွင့်၏ လတ်တလောဆန္ဒဖြစ်သည်။

'သေဆုံးသူတစ်ဦးရဲ့ အလိုဆန္ဒဆိုတာ ဖြည့်ကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် မိန်းမရယ်… ငါတို့နှစ်ယောက်စလုံးကိုလာပြီး အမျှအတန်း ပေးဝေပါဆိုတဲ့ တောင်းဆိုချက်ကို သဘောထားကြီးကြီးနဲ့ လိုက်လျောပေးလိုက်ရင် ငါ့ဆန္ဒတွေလည်း ပြီးပြည့်စုံသွားပါပြီ။

မင်း ချစ်တယ်ဆိုတဲ့ ချစ်သူအတွက် မင်း ဘာဖြစ်လို့ မလိုက်လျောနိုင်ရတာလဲ'

သူ ရွှေစင့်ကို အထပ်ထပ် စိတ်ရှည်စွာ တောင်းဆိုနေမိပြန်သည်။ သူ ရွှေစင့်ထံမှ တရားဝင်ခွင့်ပြုချက်ကို ရယူချင်မိသည်။

'ကို…'

ရွှေစင် လှည့်လာတော့ သူမ မျက်ဝန်းမှာ မျက်ရည်လည်ရွဲ၊ အလို… သူမ ငိုနေပါသလား။ ရွှေစင့်မျက်ရည်တွေကိုတော့ သူ သရုပ်မခွဲတတ်။ သေဆုံးသူတစ်ယောက်အပေါ်မှာ သဝန်မတိုပါနဲ့တော့ ရွှေစင်ရယ်။

'ရှင့်ရင်ထဲမှာ သူ အချိန်ပြည့်ရှိနေတာကို ကျွန်မ မကျေနပ်တာ သိလား။ ကျွန်မ ခံစားနေရတာ ဒါပဲ။ ရင်ထဲက နှလုံးသားကို ဘယ်သူမှ ဆွဲထုတ်သိမ်းပိုက်လို့ မရဘူးဆိုတာ ကျွန်မ သိတယ်။ ဒီမှာ… ကိုရဲ့၊ ရှင့်ကို ကျွန်မ ဘယ်လောက်ထိ ချစ်တယ်ဆိုတာ ရှင်သိဖို့ကောင်းပါတယ်။

ရှင် တသသသတိရနေဖို့အတွက် ကျွန်မ သေပြရမလား။ ဒါမှမဟုတ် ရှင့်ရင်ထဲနေခွင့်ရမယ်ဆိုရင် ကျွန်မ သေပြချင်တယ်





သိလား… သေပစ်ချင်တယ်…'

ဩော်… ရွှေစင်ရယ်…

'ကဲ… ဒါဖြင့်လည်း ကိုယ် မသွားရတော့ဘူးလား… ပြော'

သူ… ရွှေစင့်ကိုယ်လေးကို ယုယပိုက်ထွေးရင်း မျက်ရည်များကို ခြောက်သွေ့စေရပြန်သည်။

'သွားပါ… ကို။ ကျွန်မတော့ မလိုက်ပါရစေနဲ့၊ ကျွန်မ စိတ်နိုင်မှာ မဟုတ်ဘူး။ ကျွန်မ်ကြောင့် အင်ကြင်းနီ စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး။ ကို… သွားပြီး အသေအချာ ဆောင်ရွက်ပေးလိုက်ပါ။ ကျွန်မ ခွင့်ပြုတယ်'

နောက်ဆုံးတော့ သူ့အတွက် ပြင်ဆင်ပေးထားသည့် ခရီးဆောင်အိတ်နှင့် တစ်ကိုယ်တည်း ထွက်ခွာလာခဲ့ရသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၈)

ဖြစ်ရာဘဝမှာ ပျော်အောင်နေပစ်လိုက်ရရင် ကောင်း မလား တိမ်နှယ်၊ လေနှယ် လွင့်မျောနိုင်ခွင့်ကို အင်ကြင်း မက်မောနေမိပြန်သည်။

အဝေးပြေးလမ်းမတစ်လျှောက် ဘဝတူအဖော်တွေက ငုံး စုန်းကြူးများနှယ် လွင့်မျော တောက်ပနေကြ၏။

'လာဟေ့... ကောင်မလေး... ငါတို့ ဝီလျံဘလိတ်တို့ ဘိုင်ရွန်ကြီးတို့ကို သွားရှာမလို့...'

ကဗျာဆရာတွေ တစ္ဆေအိုကြီးက သူမကို ဆွဲဆောင်နေ ပြန်သည်။

'တစ္ဆေအိုကြီးရယ်၊ ဦးပုညတို့၊ နတ်သျှင်နှောင်တို့ကို သွားရှာမယ်ဆိုတာကမှ ဟုတ်သေး။ ရှင့် ဝီလျံဘလိတ်တို့၊ ဘိုင်





ရွန်တို့က နိုင်ငံရပ်ခြားမှာပဲရှင်။ ဘယ်လိုလုပ်မလဲ။ အမေကျော် ဒွေးတော် မလွှမ်းဧမ်းပါနဲ့ရှင်'

'ဦးပုညတို့၊ နတ်သျှင်နှောင်တို့က နတ်ပြည်ရောက်ချင် ရောက်နေမှာ။ တစ္ဆေဖြစ်နေမှာ မဟုတ်ဘူး။ ဖြစ်ချင်းဖြစ်၊ ဒီဘက် ခေတ်က ကောင်တွေပဲ တစ္ဆေဖြစ်မယ်'

တစ္ဆေအိုကြီးက သူမအနားမှာ ဆွေးနွေးတင်ပြနေတော့ တစ္ဆေငယ်လေးတွေက မကြည်လင်။

'လေပြည်ညင်းလေးရယ်...

သူမရဲ့ ကိုယ်ငွေ့နွေးနွေးကို သယ်ဆောင်လာခဲ့ပါ

ငါ့ရင်တွေ မောနွဲ့လွန်းလို့...

ကဗျာသံချို့လေးကြောင့် အင်ကြင်းနီ တအံ့တသြ လှည့် ကြည့်မိတော့ တစ္ဆေအိုကြီးက ဟက်ဟက်ပက်ပက် ရယ်သည်။

'အဲဒါ... ဂျွန်ကီစ်ပေါ့။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံး သွားခဲ့တာလေ။ ခုထိ လူလားမမြောက်နိုင်သေးဘူး။ ငါတို့ ဝိုင်း ဝန်းသင်ပြပေးထားလို့ ခုဆို မြန်မာစကားလည်း စာသံပေသံတွေနဲ့ ရွတ်ဆိုတတ်ပါပြီ။

ငါတို့ လေထန်ကုန်းမှာ ညတိုင်းဆုံတယ်။ တံခါးတွေ ဘယ်လောက်ပဲ ပိတ်ထားထား၊ ငါတို့အတွက် အရာအားလုံးဟာ ပွင့်နေစမြဲပဲ။ ငါတို့တွေ စုပေါင်းငြင်းခုန်ကြတယ်။ ငြိမ်းချမ်းစွာ



www.burmeseclassic.com

www.burmeseclassic.com



သဘောထားတွေကွဲလွဲကြတယ်။

တစ်ခါတစ်ရံတော့လည်း ကဗျာဆရာ၊ စာရေးဆရာတွေ ပစ်ချခဲ့တဲ့ ဘီယာဘူးတွေပေါ်မှာ လူးလှိမ့်မူးဝေရင်း ငါတို့ကဗျာ ရွတ်ကြတယ်၊ တေးဆိုကြတယ်၊ ဂစ်တာတီးကြတယ်မဟုတ်လား ကောင်မလေး။ ပိတ်ဆို့ထားတဲ့ ဂစ်တာဆိုင်တွေမှာ ငါတို့တွေ ပြဇာတ်တိုက်ကြမယ်။ ဖြစ်ရာဘဝမှာ ငါတို့ ပျော်ရွှင်ကြပါစို့’

တစ္ဆေအိုကြီး၏ ဆွဲဆောင်ညှို့ငင်သည့် စကားများကို လွှဲဖယ်ရင်း ကမ်းလင့်ဖမ်းနှောင်သည့် လက်ဖဝါးများကို ရှန်းရှောင်ရင်း အင်ကြင်းနီ အဝေးပြေးလမ်းမပေါ် ဆက်လက်ပြေးလွှားခဲ့ပြန်သည်။

‘ဟေ့ ကောင်မလေး… ဒီမှာ စတိတ်ရှိုးဖြစ်မယ်ဟေ့… တကယ့်ကမ္ဘာကျော်တွေ ဖျော်ဖြေမှာ သိလား။ ကြည့်သွားစမ်း။ နှင် ရုံဝင်ကြေး၊ ထိုင်ခုံခတွေ ပေးစရာမလိုဘူး ဘယ်လောက်မိုက်သလဲ၊ ပရက်စလေပါမယ်။ မွန်ရိုးပါမယ်…’

‘ဖယ်စမ်းပါရှင်… ယုံကြည်အောင်လည်းပြော’

လမ်းခုလတ်မှာ သူမကို ဖမ်းဆွဲတားဆီးနေသည့် သရဲကြီး တစ်ကောင်ကြောင့် အင်ကြင်းနီ တွန့်လိမ်ရုန်းထွက်ရပြန်သည်။ သူပြောတိုင်းလည်း ဟုတ်မည်မထင်။

ဆူညံသော မြူးဇစ်များကို ကျောခိုင်းပြီး… သူမဆက်





လက် ထွက်ခွာလာခဲ့ပြန်သည်။ သူမ အမိအဖတို့ဆီ ရောက်အောင် ပြန်ရမည်။

ဟော… တွေ့ပြန်ပြီ။ မြစ်တစ်စင်း။

သည်တစ်ခါတော့ စတင်ထွက်ခွာနေသည့် ကူးတို့လှေကလေးပေါ်သို့ အင်ကြင်းနီ ခုန်တက်ပြီး မြစ်ကို ငြိမ်းချမ်းစွာ ဖြတ်ကျော်ခဲ့ပါသည်။

❖ ❖ ❖

## ခွဲကြစို့

*ငါသေရင်*
*လသာဆောင်ကို ဖွင့်ထားပါလေ*
*သူငယ်လေး လိမ္မော်သီးတွေ စားနေတယ်။*
*(ငါ-လသာဆောင်ကနေ သူ့ကို မြင်ရတယ်)*
*တံစဉ်သမားက စပါးရိတ်နေတယ်။*
*(ငါ- လသာဆောင်ကနေ သူ့အသံကြားနေရတယ်)*
*ငါသေရင်*
*လသာဆောင်ကို ဖွင့်ထားပါဘိ။*

လော်ရကာ ([illegible])



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းနီပေးခဲ့သည့် လိပ်စာအတိုင်း ဆူးပွင့်လိုက်သွားခဲ့သည်။ ငြိမ်းချမ်းသောမြို့ကလေးမှာ သူမ ကြီးပြင်းခဲ့ရတာပါလား။ ဒါကြောင့်လည်း အသံမဲ့ ငြိမ်ဆိတ်ခြင်းများနှင့် ဘဝမှာ အဖွဲ့အလမ်းကြီးတတ်ခဲ့ခြင်းဖြစ်မည်။

ယမ်းချိုကားဆန်လှသော မြို့ကလေး၏ ချောင်းရိုးကလေး၊ ခင်တန်းများနှင့် အိပ်တန်းပျံငှက်တို့ကို ငေးမောနေရပေမယ့် ဆူးပွင့်မှာ ယခုထိ မယုံကြည်နိုင်သေး။ သူမ သေဆုံးခဲ့ပြီဆိုတာ လက်မခံနိုင်သေး။ နောက်ဆုံးအကြိမ်အဖြစ် ကောက်ရိုးတစ်မျှင်ကို ဖမ်းဆုပ်မေးမြန်းနေချင်ဆဲ။

ဘာဖြစ်လို့ပါလိမ့်။ သူမ သေဆုံးခြင်း၊ ရှင်သန်ခြင်းသည် သူနှင့် မည်သို့ သက်ဆိုင်ပါသလဲဟု မေးမြန်းကြမည်ဆိုပါလျှင်တော့ ထိုမေးခွန်းသည် အတော်ရက်စက်သော မေးခွန်းဖြစ်ပေမည်။

ဘဝမှာ ဆုံဆည်းခွင့်မရကြတာနဲ့ပဲ အဆုံးစွန်ထိ ဥပေက္ခာပြု၊ သေချင်သေ၊ ရှင်ချင်ရှင်၊ ငါနှင့်မဆိုင်ဆိုသော တစ်ကိုယ်ကောင်း၊ အတ္တဝါဒီထဲမှာ ဆူးပွင့် မပါရှိချေ။

သူ့အပင်၊ သူ့အသွင်နှင့် လေပြည်သွေးစရာမွှေးစက်ပျံ့လွင့်နေစေလိုသည့် ဆန္ဒသာ သူ့မှာရှိခဲ့သည်။

အသိတစ်ယောက်မှမရှိသည့် မြို့ကလေး၏ အိမ်တစ်လုံးရှေ့မှာ ဆူးပွင့်ယောင်ချာချာ ဖြစ်နေခဲ့သည်။

လူတွေဖြင့် ရုတ်ရုတ်သဲသဲ စည်ကားနေသည့် ခြံကလေးထဲသို့ သူ တရွေ့ရွေ့ ဝင်ရောက်သွားမိသည်။ ညှိုးနွမ်းသော်လည်း အေးချမ်းသည့် မျက်နှာရိုးရိုးကြီးများဖြင့် လူကြီးသူမများက သူ့ကို နေရာထိုင်ခင်းပေးကြသည်။

'မောင်က ဘယ်အရပ်ကပါလဲ… ဘယ်သူ့ကို တွေ့ချင်လို့များပါလိမ့်ကွယ်…'

'အင်… အင်ကြင်းနီ'

သူ့စကားအဆုံးမှာ ပျက်ယွင်းအိုစာ နွမ်းလိုက်သွားရှာသည့် လူယဉ်ကျေးကြီးသည် အင်ကြင်းနီ၏ ဖခင်များပေလား။ ကျန်အိမ်သားများလည်း ဆူးပွင့်ထံသို့စုပြုံ ချဉ်းကပ်လာကြသည်။

'အစ်ကိုက… ဦးဆူးပွင့်ဆိုတာလား'

မေးလာသည့် လူငယ်လေးသည် အင်ကြင်းနီနှင့်ရုပ်ချင်းဆင်လှသည်။ ဆူးပွင့် ခေါင်းညိတ်ပြလိုက်မိ၏။

'သြော်…'

မချိတရိရှိုက်ညည်းသံဖြင့် ဆွေးမြည့်သွားသည့်လူငယ်လေးသို့ သူ အားနာနေမိသည်။ သူတို့နှစ်ယောက်ရဲ့အကြောင်းတွေကို ဘယ်အထိ သိထားကြပါလိမ့်။

'ဟိုမှာ… မမ စာရေးတဲ့၊ စာဖတ်တဲ့နေရာ။ သူ




www.burmeseclassic.com

www.burmeseclassic.com



ဆူညံတာ မကြိုက်ပေမယ့် သူ့အနားမှာ လူတစ်ယောက်ယောက်ရဲ့အရိပ် အမြဲရှိနေပေးရတယ်…'

လူငယ်လေး ညွှန်ပြရာသို့ ဆူးပွင့် ကြည့်လိုက်တော့ စားပွဲသေးသေး၊ ကုလားထိုင်သေးသေးတစ်ခုနှင့် စာအုပ်ဗီရိုလေးတစ်ခုကို တွေ့လိုက်ရသည်။

'သူ့ရဲ့တစ်ပိုင်းတစ်စ ကဗျာကလေးတွေ၊ ဝတ္ထုလေးတွေ ကျန်နေခဲ့တယ်။ အစ်ကိုပဲ သိမ်းသွားလိုက်ပါတော့နော်'

'သူ…'

'သေသွားပြီလေဗျာ…'

'သေပြီ…'

သတင်းဆိုးကို တကယ်ကြားလိုက်ရတော့ ဆူးပွင့် ကြက်သေ သေသွားခဲ့သည်။ သူ့ရင်တွေ ထန်တင်းတုန်လှုပ်လာခဲ့သော်လည်း အပျိုစင်တစ်ယောက်၏ နောက်ဆုံးအချိန်မှာ ဆူးပွင့် ဆင်ခြင်ရသည်။ သူကလေးကို တစ်ပါးသူတွေ ကဲ့ရဲ့စကားတင်းဆိုမှာ ဆူးပွင့် မခံစားနိုင်ပါ။

ဥစပ်လောင်မြိုက်လာသည့် နှလုံးသားကို လက်ဖြင့်ယောင်ယမ်းဖိကြိတ်ရင်း မျက်ဝန်းများ ကြောင်တောင်ကန်းသွားကြသယောင်။ နှလုံးသားထဲမှာ အဆိပ်များ ပျံ့နှံ့ကုန်ကြလေသလား။

စံပယ်ပွင့်လေး… ကြွေလွင့်သွားရှာပြီကော…





ကဗျာငှက်ကလေး တေးမသီနိုင်တော့…

နှလုံးသားက စီးယိုစိမ့်ကျလာတဲ့ နှလုံးသွေးနဲ့

အချစ်ကဗျာလေးတွေ ရေးဖွဲ့ပါဦးတော့လား ကလေးရယ်။

ဆုံးဖြတ်ချက်တစ်ခုကြောင့် ဘယ်တော့မှ မငြိမ်းချမ်းနိုင်တော့တဲ့ဘဝမှာ ငှက်ကလေးတွေ တေးသီသံကြားရတိုင်း ကိုယ်ရင်ကွဲရမှာပါ…

ဆည်းဆာမှုန်ရီပျရဲ့ တောင်ခြေမှာ…

ခွင့်လွှတ်ခြင်းများစွာနဲ့ မင်း ကိုယ့်ကို ကြိုဆိုရစ်တော့နော်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

လောကသံသရာ၌ ဒုက္ခရှိနေသည်။ ဆင်းရဲခြင်း အတိဒုက္ခတို့ အစဉ်အမြဲရှိနေသည်။ သောကမီးလျှံများ ဟုန်းဟုန်းလောင်မြိုက်လျက် ကမ္ဘာတိုက်ဘောင်တစ်ခုလုံး ပူဆွေးခြင်းမျက်ရည်များနှင့် စိုနစ်၊ ဖိုလှိုက်လျက်သာ။

သူ အင်ကြင်းနီ၏ ဒိုင်ယာရီစာအုပ်ကလေးကို ပွေ့ရင်း၊ ရေးလက်စ ကဗျာလေးများကို ပွေ့ရင်း… မချိတင်ကဲ ကြေကွဲနေမိခဲ့သည်။

ရဲရဲနီသော သွေးစေးများသဖွယ် မျက်ဝန်းများခြောက်သွေ့လောင်မြိုက်နေရသည်မှာ မငိုဘဲ အဲ… တင်းထိန်းချုပ်လွန်းလို့ပါပဲ။





သူနှင့်အင်ကြင်းနီတို့၏ ဆက်ဆံရေးကို လူတွေ ဘယ်လိုထင်ကြမလဲ။ ဒိုင်ယာရီစာအုပ်လေးမှတဆင့်ဆိုလျှင်တော့ သူမရဲ့မောင်ငယ်လေးတစ်ယောက်သာ သိရှိပါလိမ့်မည်။ လူအများရှေ့မှောက်မှာ ဆူးပွင့် ဟန်ပြလုပ်ဖြေသိမ့်ရမည်သာ။

ရင်ထဲမှာတော့ နှလုံးသားတို့ ရှုံ့စိုငိုကြွေးလျက် ဖြစ်မှဖြစ်ရလေ… ကောင်မလေးရယ်…

ပေါ့တိမ်တိမ်လေး ဆုံးဖြတ်ခဲ့ပြီး ယောကျ်ားပီပီ ငဲ့မကြည့်မိခဲ့တဲ့အဖြစ်ကြောင့်များ မင်း သေဆုံးသွားခဲ့သလား…

အိမ်ထောင်ရေးကလည်း မသာယာနိုင်ခဲ့။

သွားတော့နော်… အချစ်… ဖြူစင်သန့်ရှင်းတဲ့ မင်းကတော့ ကိုယ့်ကို ခွင့်လွှတ်နေမှာပါ…

အင်ကြင်းနီ မသေဆုံးမီ ရက်စွဲလေးနှင့် ဖွဲ့သီပွင့်အံခဲ့သည့် ကဗျာကလေးကို ဆူးပွင့် ငေးစိုက်ကြည့်နေမိပြန်သည်။ မပြီးဆုံးသေးသည့် ပန်းကလေးတစ်ကုံးကို သူ ဆက်လက်ဖွဲ့ဆိုလိုက်ချင်သည်။

အချစ်ချင်း မညီလို့၊ ခံစားချက်ခြင်း မညီမျှလို့ မင်းကဗျာလေး သာယာဖြောင့်ဖြူးစွာ စီးဆင်းလှုပနိုင်ပါ့မလားကွယ်…

*ကိုယ်ခြွေချလိုက်တာန်းက*
*အင်ကြင်းပွင့်လေးပါ…*



www.burmeseclassic.com

www.burmeseclassic.com



*မင်းရင်ထဲကျမှ...*

*ဆူးခက်တွေ ဖြစ်သွားခဲ့တယ်...*

*အချစ်ရေ*

*ရိုးမတစ်ခိုလုံး အစိမ်းရောင်လွှမ်းနေခဲ့သလား*

*စိမ့်စမ်းရေကြည်အိုင်လေးနံပါးမှာ...*

*နံ့ရိုးတွေ သီဖွဲ့ဝက်ကျူး...*

နိမိတ်ပုံ၊ အလင်္ကာလေးတွေနှင့် အချစ်ကြီးသူတစ်ယောက်၏ မချိတရိ တမ်းတမြည်ကြွေးသံများကို ဆူးပွင့် နှလုံးသားနှင့် နားဆင်ခံစားနေမိသည်။

သူကလေး၏ ဆိုလိုချက်အားလုံးကို သူ့တတိယနား၊ တတိယမျက်စိတို့မှ ခံစားနားလည်မိပါ၏။ သူ့မှာ ကြေကွဲမဆုံးတော့။

ဆူးပွင့် သွေ့လောင်မျက်ဝန်းများနှင့် အဝေးဆီသို့ငေး မျှော်ကြည့်နေမိသည်။

သံသရာဆိုတဲ့ ဖုန်းဆိုးမြက်ခြောက်တောမှာ... အလွမ်းတွေနဲ့ မလွှင့်မျောခင်ပါနဲ့တော့ အချစ်ရယ်...

သည်စဉ် သူ့လက်ခုံပေါ်သို့ ပုစင်းရင်ကွဲလေးတစ်ကောင် ဖျတ်ခနဲ ဝဲနားလာခဲ့သည်။

အချစ်ရယ်... အဲဒါ မင်းလား...





သူ့လက်ကို ဘယ်လိုပဲလှုပ်လှုပ်၊ ပုစင်းရင်ကွဲလေးက ကော်နှင့်ကပ်ထားသလို ခိုင်မြဲနေခဲ့သည်။ မကြာမီ ပုစင်းကလေးက ဘောပင်ဖန်ခွက်သို့ နားချည်၊ သူ့လက်ဆီသို့ ပျံသက်ချည် ဖြစ်နေခဲ့သည်။

ဩော်... သူမရဲ့ကဗျာကို ဆက်လက်စပ်ဆိုရေးဖွဲ့စေချင်လို့များလား။

ဆူးပွင့် ဘောပင်တစ်ချောင်းကို လှမ်းယူပြီး ချစ်သူကို သတိရလွမ်းတရင်း ခံစားချက်ခြင်း ကူးယူဖလှယ်ညှိလိုက်သည်။

မျက်ဝန်းများ မှေးမှိတ်ပြီး ကုလားထိုင်ပေါ်မှာ မှီချတွေးတောနေမိစဉ် ပုစင်းလေးက သူ့မျက်လုံးအိမ်ပေါ်မှာ ခိုနားခဲ့ပြန်သည်။

ကဗျာလေးကို ဆူးပွင့်ဆက်လက်ရေးဖွဲ့မည်။

အချစ်ရယ်... မင်းဘဝလေး ငြိမ်းချမ်းပါစေနော်...

အေးမြတဲ့နိမိတ်ပုံတွေနဲ့ပဲ ကိုယ် ဆက်လက်ရေးဖွဲ့ပေးပါရစေ...

*အချစ်ရေ*

*ရိုးမတစ်ခိုလုံး အစိမ်းရောင်လွှမ်းနေခဲ့သလား*

*စိမ့်စမ်းရေကြည်အိုင်လေးနံပါးမှာ...*

*နံ့ရိုးတွေ သီဖွဲ့ဝက်ကျူး...*

*မုတ်သုံမိုးရဲ့အောက်မှာ*



www.burmeseclassic.com

www.burmeseclassic.com



*အနမ်းတွေ စိုလူးလည့်ယှက်ခဲ့ဖူးရဲ့...*

နောက်တော့ သူ့မျက်ဝန်းမှာ မှေးမှိန်၊ အိပ်မွေ့ချခံရသူတစ်ဦးနှယ်။ အိမ်မက်မက်နေသူနှယ်... ဆူးပွင့် လက်တွေ တဖျတ်ဖျတ် လှုပ်ရှားကွန့်မြူးလာခဲ့ကြသည်။ ဘာတွေများလဲ ကွယ်။

သူ့ဦးနှောက်ထဲမှာ တစ်စုံတစ်ယောက်က ပြောပြ သူက လိုက်ရေးရင်းဖြင့် ကဗျာလေးက အဆုံးသတ်သွားခဲ့သည်။

ကျေနပ်ပါတော့ အချစ်ငှက်ကလေးရယ်၊

❖ ❖ ❖



## အခန်း(၂၀)

အလှူရေစက်များသည့်အချိန်သို့ ရောက်တော့မည်။

ဆွာဦးကျောင်းဆရာတော်၏ တရားတော်ကို နာကြားနေရပေမယ့် လူအများရင်မှာ စူးစမ်းလိုစိတ်တို့က ပိုမို လွှမ်းကဲနေကြရသည်။

ဘာတွေများ ထူးခြားမလဲ...

ဘာတွေများ နိမိတ်ပြလေမလဲ

ရေစက်ချရန် ပြင်ဆင်ထားပုံကိုလည်း ကြည့်ပါဦး။ အမိနှင့် အဖတို့က ရေစက်ခွက် နှစ်ခွက်၊ အင်ကြင်းနီအတွက် ရည်စူးလှူ့ကာ ရေစက်ခွက်တစ်ခွက်၊ နောက် ဆူးပွင့်အတွက်တစ်ခွက် ဖြစ်သည်။

သူ့ဇော်မောင်လေးကတော့ သာသနာ့ဘောင်သို့ ရောက်ရှိသွားပေပြီ။ ပဉ္စင်းပျိုလေး ဖြစ်သွားခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်စီစဉ်ထားသည့်အတိုင်း အင်ကြင်းနီအတွက်နေရာမှာ သူမ၏ဝတ်စုံတစ်စုံနှင့် သူမ ဆံပင်မှဖြုတ်ယူခဲ့သည့် စံပယ်ပွင့်ခြောက်လေးရှိသည်။

'လောက သံသရာကြီးထဲမှာ အတိဒုက္ခတွေနဲ့၊ မိဘကြောင့်ကျတဲ့ မျက်ရည်၊ သားသမီးကြောင့် ကျတဲ့မျက်ရည်၊ ချစ်သူကြောင့်ကျတဲ့မျက်ရည်တွေဟာ မရေမတွက်နိုင်အောင် ဘယ်လောက်များများပြားခဲ့သလဲဆိုရင် သမုဒ္ဒရာကြီးခုနစ်စင်းထက်တောင်မှ များပြားလှပါတယ်...

သံသရာဝဋ်ဆင်းရဲကိုဖြစ်စေတဲ့ ဒီခန္ဓာ နာမ်ရုပ်ကြီးကို သူတော်ကောင်းများကတော့ မချစ်မက်ကြဘူး။ စက်ဆုပ်ကြတယ်။

ဆီနဲ့မီးစာကုန်ခမ်းသွားရင် မီးငြိမ်းသွားသလို ဒီခန္ဓာကိုယ်ကြီး ချုပ်ငြိမ်းသွားတဲ့အခါမှာလည်း တဏှာ၊ ရာဂ၊ ကိလေသာ စတဲ့ အပူမီးတွေ ငြိမ်းအေးပြီး ဝေဒနာတို့ လွတ်ငြိမ်းချမ်းသာရာ ရသွားတာမည်ပေတယ်။

မွေးဖွားကတည်းက သေဆုံးရာ လမ်းကြောင်းကို တရွေ့ရွေ့ထွက်ခွာလျှောက်လှမ်း ကြရမည်ပေတာမို့ မလွဲမသွေ ရောက်ကြရမယ့် ခရီးပန်းတိုင်ချင်းမှာ သူဦးလို့လည်း ဝမ်းမနည်းကြပေနဲ့၊ ကိုယ်ဦးလို့လည်း ဝမ်းမနည်းကြနဲ့။

မမြဲသော အနိစ္စ၊ ဝဋ်ဆင်းရဲ ဒုက္ခ၊ မပိုင်ဆိုင်သော အနတ္တ





စတဲ့ လက္ခဏာရေး သုံးပါးကို ရှုရှုပြီးမပြတ်ဆင်ခြင် နှလုံးသွင်းကြရမယ်'

ဆရာတော်၏ တရားရေအေးအောက်မှာ သူမ၏မိဘမောင်ဖွား၊ ဆွေမျိုးသားချင်းများနှင့်အတူ ဆူးပွင့်ကြိုးစားပြီး နှလုံးသွင်းနေမိသည်။ ပုထုဇဉ်လူသားတွေပီပီ တရားကတော့ တစ်ထိုင်တည်းနှင့် မရကြပါ။

သံယောဇဉ်ကြီးမားလွန်းလှသည့် သမီး၏လက်စွပ်ရောင်းရငွေ၊ သူမပိုင်ငွေလေးတွေပါ ထည့်လှူပေးထားသည့် အလှူကတော့ အထ မြောက်ပါတော့မည်။

အင်ကြင်းနီနှင့်တကွ မကျွတ်မလွတ်သေးသည့် သဗ္ဗေသတ္တာ ဝေနေယျာအပေါင်းသို့ အမျှပေးဝေရန် ဆရာတော်က ဖိတ်ခေါ်နေပါချေပြီ။

ပရိတ်သတ်များမှာ ထင်ရှားမည့်နိမိတ်၊ လက္ခဏာများကို မမှိတ်မသုန် ကြည့်ရှုနေကြဆဲ...

တရားနာနေသည့် အခန်းထဲသို့ ပုစင်းပြာလေးတစ်ကောင် ဝင်ရောက်လာတော့သည်။

ပုစင်းပြာလေးက အင်ကြင်းနီအတွက်ထားသည့် နေရာလေးမှာ နားခိုနေတော့ သူမ၏မိခင်မှာ မျက်ရည်များနှင့် ဖြေမဆည်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က တရားတော်များ ဆက်လက်ဟောကြားနေပြန်သည်။ ပြီးမှ ရေစက်သွန်းချ အမျှဝေပါလိမ့်မည်။

❖ ❖ ❖

အင်ကြင်းနီ မိမိအိမ်သို့သွားမည်ဆိုကာမှ သူမရဲ့ဘဝတူအဖော်များက သူမကို ဆီးတားနှောင့်ယှက်ခဲ့ကြသည်။

'ဖြစ်ရာဘဝမှာပဲ ပျော်ပျော်နေကြပါစို့ဟယ်.. ဒီမယ်လေ.. ညောင်မုတ်ဆိတ်ပင်ကြီးရဲ့ အရွက်တွေက လေတိုက်တိုင်း ဂီတသံတွေထွက်နေကြတယ်။ လေတိုးလို့ ထွက်လာတဲ့ စမ်းရေတွေ ဘယ်လောက်များ သာယာငြိမ့်ညောင်းလိုက်သလဲ...

သစ်ရွက်ကြွေတွေကို ခိုစီးပြီး ကမ္ဘာလောကကို ခရီးဆန့်နိုင်ကြတယ်လေ... တိမ်အုပ်ပေါ်မှာ ငှက်ကလေးတွေ ကိုယ်မှာ... လိပ်ပြာလေးတွေလို.. တလှုပ်လှုပ်ဖျတ်ခါ... ကဲ... ဘယ်လောက်များ လှပလိုက်တဲ့တို့ဘဝတွေလဲဟယ်...'

'ဟော့ကောင်မလေး... လာစမ်းပါဟာ... နေခြည်တန်းတွေနဲ့အပြိုင် တို့တွေ အပြေးပြိုင်ကြဲရအောင်... ဟိုး... မြောက်ဝင်ရိုးစွန်းသွားမလား... ရေခဲတောင်တွေပေါ်မှာ နှင်းပွင့်တွေနဲ့ဆော့ကစား... တို့မတတ်နိုင်တာ ဘာများရှိသလဲကွယ်...

ဒီမှာလေ ဟို... သဘက်နီကြီးရဲ့ နားရွက်ကြီးပေါ်မှာ





တို့တွေ ဝင်အိပ်ကြရအောင်.. ပျင်းရင်... သူ့နားရွက်ကြီးကို အဆာပြေ ဝါးစားကြမယ်...'

'ဒီမှာနော်... ရှင့်အုတ်ဂူလေး ဘယ်လောက် လှပလိုက်သလဲ။ ဆေးပြာလေးတွေနဲ့ တကယ့်ကမ္ဘာကျော်လက်ရာပဲ။ ရှင်သွားရင်တော့ ကျွန်မ အပိုင်ယူပစ်လိုက်မှာနော်...'

ခေါင်းလေး တဆတ်ဆတ်ညိတ်ရင်း သူမက သဘောတူပြလိုက်တော့ လျော့ရဲသွားသည့် လက်များကြားမှ အင်ကြင်းနီ တိုးထွက်ပြေးလွှားသွားခဲ့ရသည်။

အိမ်ထဲသို့ ဝင်မည်ပြုတော့လည်း အိမ်ပေါက်ဝမှ မျက်နှာထားဆိုးကြီးနှင့်သရဲတစ်ကောင်က ဟန့်တား နှင်ထုတ်နေပြန်သည်။

'ဟော့ကောင်မလေး... ပြန်...'

ဒီအတိုင်းဝင်လို့တော့ အင်ကြင်းနီမရတော့ပါ။ ပုစင်းပြာလေးကိုယ်ထဲသို့ လှစ်ခနဲ ဝင်ရောက်လိုက်မှ သူမ အိမ်ထဲသို့ ရောက်သွားခဲ့သည်။

ပုစင်းပြာလေးမှာ အမေနှင့်ချစ်သူအကြား တဖျတ်ဖျတ်လူးလာနေရ၏။ သူမ၏အခိုင်မာဆုံး ကြိုးနှစ်ချောင်းအလယ်မှာ အင်ကြင်းနီဘယ်လို ဆောက်တည်ရာ ရစေမှာတဲ့လဲ။

ဆရာတော်၏တရားဟောသံ တစ်ခုသာ ထွက်ပေါ်နေသည့် အိမ်ထဲမှာ ပုစင်းပြာလေးကတော့ ဟိုမှသည်မှ ရက်ရှူး



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခတ်နေခဲ့သည်။

အမိဆီသို့ရောက်လိုက်၊ အဖဆီသို့ပြန်လာလိုက်၊ ချစ်သူ ပခုံးဦးမှာနားလိုက်၊ မောင်ငယ်ပဉ္စင်းရဲ့ ခြေဖျားပေါ်ဝပ်လိုက်ဖြင့် ရှိုက်နခဲ့သည်။

ဆရာတော်က ရေစက်ချဖို့ နှုတ်တိုက်ချပေးပြန်တော့ ကျွဲခက်သော ရင်ပြင်များကို အတတ်နိုင်ဆုံးချုပ်ထိန်းပြီး အသံမှန်များဖြင့် လိုက်ဆိုကြပေ၏။

'ဖြစ်ရာဘဝမှာ သာစုခေါ်ပါ... ကောင်းရာသုဂတိဘုံသို့ တက်လှမ်းပါ... သမီးရေ... အမျှ... အမျှ... အမျှ..'

ဆူးပွင့်အသံကလည်း တီးတိုးညင်သာသော်မှ ပြတ်သားစွာ ထွက်ပေါ်နေခဲ့သည်။

'ဖြစ်လေရာဘဝမှာ ဒီလို အဖြစ်ဆိုးမျိုးနဲ့ မကြုံကြိုက်ပါစေနဲ့တော့... သံသရာမှာ တစ်ခါလောက်ဖြစ်ဖြစ် ဆုံစည်းခွင့်ရပါစေဦးလို့ ကိုယ်ဆုတောင်းပါတယ်... အင်ကြင်းနီရေ... အမျှ... အမျှ... အမျှ...'

တစ်အိမ်လုံးမှာ အမျှပေးဝေသံတွေက အဆက်မပြတ်ထွက်ပေါ်နေကြသည်။ ပုစင်းပြာလေးခမျာ တောင်ပံခတ်ဆဲ၊ တုံ့လှယ်ရက်ဖောက်ဆဲ...

❖ ❖ ❖





သေသောသူကြာရင်မေ့ ဆိုတဲ့စကားအတိုင်း သူမကို မမေ့ကြတော့မလို့ ထင်ပါ၏။ အချက်ပေးခေါင်းလောင်းသံများ အင်ကြင်းနီနားထဲမှာ လှိုက်လှဲဆူညံနေခဲ့သည်။

သူမအတွက် တံခါးများဖွင့်ထားကြပြီပေါ့...

သူမအတွက် ပြတင်းများဖွင့်ထားကြပေပြီ...

သံသရာဆီသို့ သူမ တစ်ကိုယ်တည်း အဖော်မပါ ထွက်ခွာရတော့မှာ ဖြစ်သည်။

အလို... သံသရာဆိုတာ ဘယ်လိုအရာမျိုးပါလဲ။ အရှည်ကြီးလား... တိုတိုလေးလား...

လောကကြီးရယ်... အဲဒီသံသရာဆိုတာကြီးမှာ ကျွန်မ ချစ်သူနဲ့ ဆုံနိုင်ခွင့်ရှိပါဦးမလားကွယ်...

ချစ်သူအနားမှာ နေခွင့်ရရှိချင်သေးတယ်။

ဧရာဝတီမြစ်ကြီးရဲ့ အစုန်အဆန်မှာ ငှက်ကြီးဝန်ပိုတို့လို မျောပါ ခိုစီးချင်သေးတယ်...

မြူနှင်းတို့ရဲ့ အေးမြမှုမျိုးနဲ့ ချစ်သူ့အိမ်ပြတင်းဝကိုလည်း ရောက်ရှိသွားချင်သေးတယ်။

ချစ်သူက ကဗျာတစ်ပိုဒ်ရေးရင်း လုံးညည်လိုက်၊ စိတ်ညစ်နေရင် 'ဝါး'ခနဲ ခြောက်လှန့်ပေးပြီး အသန့်စင်ဆုံး စကားလုံးလှလှတွေနဲ့ ကျွန်မက ရှင့်ကို ကူညီရေးဖွဲ့ပေးမယ်...



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းနီစိတ်တွေ ဝေဝါး တွေပြားနေဆဲ ညောင်ပင် တစ္ဆေအုပ်စုက အိမ်ဝမှာ ချောင်းပြူကြည့်လာကြပြန်သည်။

'ဟော့ကောင်မလေး… လာဟော့… ကစားကြမယ်'

နေညိုချိန် တိမ်အဝောက်မှာ…

တစ္ဆေအို အိမ်အပျောက်ရှာရတာ ပျော်စရာကောင်းသတဲ့…

တေးသီသံလေးတွေ ကြားရပြန်ပြီ။ အို… သာယာလှချည်လားကွယ်… ညောင်ရွက်လေးတွေ ငိုညည်းနေကြသလား ဘဝကို ချစ်မက်စေတာတော့ အမှန်ဖြစ်သည်။

ချစ်သူရဲ့ခြေရင်းမှာ ဝပ်စင်းဝင်းပချင်းသေးတယ်။

အနည်းဆုံးစံပယ်ပွင့်တဲ့ရာသီအထိ သူမ၏ သက်တမ်းကို ဆွဲဆန့်ချင်မိသည်။

သို့သော် သူမ၏နားထဲမှာ အမျှဝေသံတွေက ငြိမ်းချမ်းစွာ ဖိတ်ခေါ်လာပြန်သည်။

အမိရဲ့အသံ…

အဖရဲ့အသံ…

ပြီးတော့ ချစ်သူရဲ့ ကရုဏာရင်လှိုင်းခတ်သံ…

တလှပ်လှပ်လွင့်ပါးနေသည့် စိတ်လိပ်ပြာကို တည်ငြိမ်အောင် စုစည်းရင်း အင်ကြင်းနီ အားတင်းရသည်။





ဘုရားခန်းမှာ ပန်းများဝေဆာဖူးပွင့်နေပါလား။ သူမ၏ စိတ်ကို ကြည်ညိုသဒ္ဓါစိတ်များ ယိုဖိတ်လာစေပါသည်။

ဘုရားရှင်သို့ ကြည်ညိုဝပ်တွားဦးခိုက်ရင်း… ဘဝတစ်လျှောက်လုံးက ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကိုပါ အင်ကြင်းနီ ဦးညွှတ်မိသည်။

အတ္တတွေ၊ အစွဲအလမ်းတွေ ဖယ်ခွာလိုက်စမ်းပါ။ နောက်ဆုံးတော့ ကမ္ဘာလောကဆိုတာ မီးအကြိမ်ကြိမ်လောင်ဟပ် ပူမြိုက်လှတဲ့ ယစ်ပလ္လင်သဖွယ်။ ဘာများမက်မော တွယ်တာစရာရှိပါသလဲ။

မိခင်… ဖခင် ချစ်သူဆိုတာတွေကရော‥ နောက်ဆုံးမှာ သူ့လမ်းသျှောက်။ ကိုယ့်လမ်းကိုယ်လျှောက်ကြရတာပဲ။ မဟုတ်လား။

ချစ်ခြင်း၊ မုန်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းဆိုတာတွေဟာလည်း ကမ္ဘာလောကရဲ့ သစ္စာတရား မဟုတ်ပါဘူး။

သစ္စာဆိုတဲ့ မှန်ကန်ခြင်းဆိုတာကရော… တကယ့်ဘာဝတ္တတရား ဟုတ်ရဲ့လား…

အတ္တတွေကို စွန့်ခွာရမယ်…

မောဟတွေ စွန့်ခွာရမယ်…

စိတ်ရဲ့ပူလောင်မှုကို စိတ်နဲ့ပဲ ငြိမ်းသတ်ရမယ်။ အဆွေး



www.burmeseclassic.com

www.burmeseclassic.com



တွေဖြင့် အင်ကြင်းနီ၏ရင်တွေ စတင်ငြိမ်းချမ်းခဲ့စဉ်...

ဆယ့်နှစ်ရာသီ ဝေဝါးမှုန်ပျသည့် ကောင်းကင်တံခါးက လင်းချင်းသွားခဲ့သည်။

ဟိုးမှာ... စုလစ်မွန်ချွန်၊ ဘုံဗိမ္မာန်တွေ...

နေခြည်အလင်းတန်းမှာ ခိုစီးရင်း သူမလည်းတောက်ပ လင်းလက်ရတော့မည်။

တည်ကြည်ငြိမ်းချမ်းသော ရင်ဖြင့် သူမ ခန္ဓာနာမ်ရုပ် တို့ကို မစွန့်ခွာမီ...

သူမ ကျင်လည် ဆွေးမြည့်ခဲ့ရသည့် ကမ္ဘာလောကသို့ တစ်ချက် လှည့်ပတ်ကြည့်လိုက်သည်။

မိဘနှစ်ပါး၊ မောင်လေးနှင့် ချစ်သူ... အားလုံးကို ဂါရဝ ပြုပြီးနောက် အင်ကြင်းနီချစ်သူသို့ ရည်စူးတိုင်တည်မိခဲ့သည်။

သံသရာဆိုတာ အရှည်ကြီးဆိုရင်ပေါ့ ချစ်သူ... နောက် တစ်ခါပြန်ဆုံကြရင်ဖြင့် အနိုင်၊ အရှုံးမရှိရင်နဲ့။ အပြစ်၊ အမုန်းမရှိ တဲ့ ရင်နဲ့ဘဝမှာ လှပစွာ သိမ်မွေ့ဆုံစည်း

အမျက်ဒေါသမရှိ

လွမ်းဆွတ်ဆွေးမြည့်ခြင်းမရှိ...

ပကတိဖြူစင်သည့် အချစ်နဲ့...

ကြုံဆုံပိုက်ထွေးခွင့်ရပါစေလို့...





ကျွန်မဆုတောင်းခဲ့ပါတယ်...

'အားလုံးပဲ ကျွန်မ သွားတော့မယ်...'

တရားနာနေကြသည့် အခန်းထဲမှာ ပုစင်းပြာလေးသည် ဟိုမှသည်မှ လူးလာတုံ့ခေါက်နေရာမှ တဖြည်းဖြည်း ရင့်ကျက် ငြိမ်သက်စွာ သူ့အတွက် ပေးထားသည့် ရေစက်ခွက်ပေါ်သို့ နားခိုလိုက်သည်။

တရားမွေ့တွေ၏အဆုံး၊ အမျှဝေသံများ၏ အဆုံးမှာတော့ ရေစက်ခွက်ပေါ်မှာ ငြိမ်သက်နေသည့် ပုစင်းလေးအနည်းငယ် လှုပ်ရှားသွားခဲ့သည်။

ပုစင်းလေး... ဦးဆွေးမွှင့်၏ လက်ခုံပေါ်မှာ ပြောင်းလဲ နားခိုလိုက်ခြင်းဖြစ်သည်။ တအင်္ဂအတွင်းမှာပင် ပုစင်းပြာလေး ငြိမ် သက်ကျသွားခဲ့ပါပကော။

ရေစက်ခွက်ကိုင် လက်၏အပေါ်မှ ပုစင်းပြာလေး မသိ နိုင်တော့ပေမယ့်-ရက်ပေါင်းများစွာ ချုပ်ထိန်းသိုလှောင်ထားခဲ့ရ သည့် အံ့ပုန်းအချစ်သမားကြီး၏ မျက်ဝန်းမှ မျက်ရည်များကတော့ ပုစင်းပြာလေး၏ ကိုယ်ပေါ်သို့ တစ်စက်ပြီးတစ်စက် ရွာသွန်းနေ ခဲ့မိသည်။

ချစ်သူလေးရေ...

တို့တွေတာကယ်ပဲ ဝေးကွာသွားကြပြီနော်...



www.burmeseclassic.com

www.burmeseclassic.com



ရွှေပင်လယ် ဆီးတားရုံမက…

တကာယ်ပင် ဘဝတွေခြားသွားခဲ့ပြီကော…

သူ့ရင်ထဲမှာ ဖိုလှိုက်တုန်လှုပ်လာရပြန်သည်။

သူ… တရားမျှတပါရဲ့လား…

ဖြူစင်သည့် ပန်းကလေးတစ်ပွင့်ကို အနမ်းတွေနဲ့ ခြွေချ သိမ်းပိုက်ခဲ့ပြီးမှ… ကျောခိုင်းစွန့်ခွာ ထွက်ပြေးမိခဲ့တယ်…

ကြည့်စမ်း… သူမရဲ့ ရင်ကွဲပက်လက် ကဗျာလေး အချစ်ရေ…

*ရိုးမတစ်ခိုလုံး အစိမ်းရောင်လွှမ်းနေခဲ့သလား*

*စိမ့်စမ်းရေကြည်အိုင်လေးနံပါးမှာ…*

*နံရိုးတွေ သီဖွဲ့ဝှက်ကျူးခဲ့ဖူး…*

အချစ်သူရဲကောင်းကြီးက 'သည်လိုဆက်ဆိုခဲ့တယ်။

*မုတ်သုန်မိုးရဲ့အောက်မှာ*

*အနမ်းတွေ စီရှူးလည်ယှက်ခဲ့ဖူးရဲ့…*

ဟုတ်ရဲ့လား‥ သူပေးခဲ့တဲ့ အနမ်းတွေ သူပေးခဲ့တဲ့ ဝေဒနာတွေ သူရှာသွန်းဖြိုးမိတဲ့ မုတ်သုန်မိုးတွေကြောင့်ပဲ စံပယ် ပန်းလေးတွေ ကြွေလွင့်သွားခဲ့ရလေသလား…

သူဟာ… ချစ်သူအပေါ် ရှာမလို ဟန်ဆောင်တွေပြပြီး မှ စွန့်ပြေးထွက်ခွာသွားခဲ့တယ်။ တစ်ပြိုက်… နှစ်ပြိုက်ပဲ ရှာသွန်း





ဖြိုးခဲ့တဲ့ 'မိုးပြေးလေးနဲ့ သူမကို ကြေကွဲရှက်ရွံ့စေခဲ့တယ်'

ညည်သို့ပင်ဖြစ်စေ…

အဘွားတွေ သိပ်ကြီးခားခဲ့တဲ့ အချစ်သူရဲကောင်းကြီးကို ခွင့်လွှတ်နိုင်ပါစေ အချစ်ရေ…



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

အဝေးပြေးလမ်းမကြီးပေါ်မှ မှန်လုံကားကြီးတစ်စင်းထဲမှာကန္တာရခရီးသည်ကြီး တစ်ဦးလိုက်ပါသွားခဲ့သည်။

တစ်ယောက်သော သူက လွတ်မြောက်ပြီးဆုံးချိန်မှာ တစ်ယောက်သော သူကတော့ နွေကန္တာခရီးကြမ်းထဲ ပင်ပန်းတကြီး လျှောက်လှမ်းနေရဆဲ…၊

ကျန်ခဲ့သူနဲ့ သွားရစ်သူမှာ…

ကျန်ခဲ့သူက ပိုပြီး နွမ်းကြွေရပေါ့ ချစ်သူ..

အမှတ်ရစရာတွေများပြားလှတဲ့ ဟောဒီကမ္ဘာမြေပေါ်မှာ

ပန်းကလေးတွေပွင့်တိုင်း…

ငှက်ကလေးတွေ တေးသီတိုင်း…

မိုးစက်ကလေးတွေ ရွာတိုင်း…





နှင်းပွင့်ကလေးတွေ ခြွေတိုင်း…

အချိန်တိုင်းမှာ…

ဝေါ မင်းကို ဖြူစင်ကြေကွဲစွာ သတိရနေမှာပါ… သူ့ရင်ထဲက လွယ်အိတ်ကြီးထဲမှာ သူမ၏ ဒိုင်ယာရီစာအုပ်ကလေးနှင့် သူမ၏မပြီးဆုံးသေးသော ကဗျာလေးများ ပါလာခဲ့သည်။

နောက်… ထာဝရ ငြိမ်းချမ်းသွေ့လောင်သွားခဲ့ပြီဖြစ်သော သူ့ပုစင်းအသေလေးတစ်ကောင်…

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

ချစ်သူရေ…
ယုံလိုက်တော့…
ကျွန်မ… ရှင့်ကို အသက်တမျှ
ချစ်ခဲ့တယ်ဆိုတာ

အင်ကြင်းနီ

❖ ❖ ❖

ကြယ်စင်မှူးဝေ

မြစ်ခွဲဦးစင်း စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကြယ်စင်မှူးGD

# တိမ်ဖြူလေးရဲ့ လွင့်ပါးရာ...

BURMESE CLASSIC .com



www.burmeseclassic.com